www.burmeseclassic.com

BURMESE CLASSIC .com

လွန်းထားထား

# အချစ်က သင့်အားပြုစားခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com

နိုင် စာအုပ်တိုက်



# လွန်းယားယား

ဆေးတက္ကသိုလ်

## အချစ်က သင့်အား ပြုစားခဲ့သော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
မိုးမြင့်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
စက်တင်ဘာလ၊ ၂၀၁၂-ပထမအကြိမ်

**ဗိုလ်တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်[...]များအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှု[...]

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ [...]
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ခိုင်မာတောင့်တင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ[...]တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှု[...]ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုး[...]တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ ကတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား[...]ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ[...]တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အ[...]လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်[...]
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

လွန်းထားထား (ဆေးတက္ကသိုလ်) အချစ်ကသင့်အားပြုစားခဲ့သော — ၈၉၅. ၈၇
လွန်းထားထား၊ ဆေးတက္ကသိုလ်။ - ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၂
၂၅၁ စာ၊ ၁၂ . ၀၀ × ၁၈ ၈ စင်တီ
(၁) အချစ်ကသင့်အားပြုစားခဲ့သော



မြည့်လှိုင်း
ဗီဇဉ်ထုတ်စေသည်....

တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂/ ၀၉၄၂၀၀၁၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com



**အမှတ်တရမှတ်တမ်း**

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်းအရှိဆုံးသော
အဖေနဲ့ အမေ...၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက်...၊

လွန်းထားထား(ဆေးတက္ကသိုလ်)

# အချစ်က
# သင့်အား
# ပြုစားခဲ့သော ...



**လွန်းထားထား**
(ဆေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြင်းရှရှ...ခံစားမှု

အချစ်လုံးချင်း ဝတ္ထုသစ်




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


သူမအတွက်တော့
အချစ်က မျက်လှည့်တစ်ခုနှင့်တူသည်။
ပဥ္စလက်ဆန်သည်။
အံ့သြနွေးထွေးမှုကိုပေးသည်။
စိတ်ကိုဖြားယောင်းလွှန်းသည်။
မဖြစ်နိုင်ဘူးလို့ထင်ထားသော အရာတစ်ခုကို
တကယ်ဖြစ်လာအောင်လည်း
ဖန်တီးနိုင်စွမ်းရှိခဲ့သည်။
ပြီးတော့ ..
အချစ်ကပြစားတတ်ပြန်သည် .......





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သူ့ သင်ပေးတဲ့အတိုင်း သူ ခိုင်းတာ သားလုပ်ရတယ်၊
မလုပ်ရင် ရိုက်ခံရတယ် မေမေ။
သားတို့ လူတွေကြားထဲ လမ်းမတွေပေါ်
လမ်းတွေလျှောက်ရတယ်၊ ပြေးလွှားရတဲ့ယ်၊
ပုန်းရတယ်၊ လူတွေမသိအောင် သူတို့ရဲ့
ပိုက်ဆံအိတ်တွေနှိုက်ရတယ်၊ ဆိုင်တွေဝင်ပြီး
ပစ္စည်းတွေခိုးရတယ်၊ အလစ်သုတ်ရတယ် မေမေ။
ဗိုက်ဆာရင် ဆိုင်မှာဝင်စားပြီးတာနဲ့
ဆိုင်ရှင်မသိအောင် လစ်ပြေးရတာပဲ မေမေ။





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၁

၁၉၉၂ . . . တောင်ကြီးတန်ဆောင်တိုင်ပွဲတော်။
ည ရှစ်နာရီ . . .

ကြိတ်ကြိတ်တိုးစည်းကားလျက်ရှိသော တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်ညသည် မီးပုံးပျံလွှတ်ကြသူများ၊ ဇာတ်ပွဲ များ၊ ကစားပွဲများ၊ ဈေးသည်များဖြင့် အထူးစည်ကားသက်ဝင်လှုပ်ရှားလျက်ရှိသည်။ 'နှင်းရည်'က အမြွှာသမီးကလေးကို ချီထားရပြီး 'ကို'က အမြွှာသားကလေးကိုချီလျက် လက်တစ်ဖက်က လေးနှစ်အရွယ် သားအကြီးကလေးကို လက်ဆွဲထားရသေးသည်။ နှစ်တိုင်း တန်ဆောင်တိုင်ဆို တောင်ကြီးမှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဖေနဲ့မေကို လာကန်တော့ရင်း စည်ကားလှသော တောင်ကြီး တန်ဆောင်တိုင်ပွဲကို လာတတ်စမြဲပါ။ ပွဲခင်းထဲရှိ ရှမ်းစာပူပူ နွေးနွေးတွေ စားရတာ၊ ကလေးတွေကို ဟိုဟိုဒီဒီလျှောက်ပြရင်း သူတို့အတွက် အရုပ်ကလေးတွေ တစ်မျိုးမျိုးဝယ်ပေးရတာ၊ မီးပုံးပျံတွေလွှတ်တာကို အံ့ဩပျော်ရွှင်စွာကြည့်ရတာကို 'နှင်း ရည်' ဘယ်လိုမက်စက်မှန်းမသိ။ လူတွေ ဘယ်လောက်တိုးတိုး ကလေးသုံးယောက်နှင့် ပွဲခင်းထဲကိုရောက်အောင် လာနေကျ။ ပွဲခင်းက လူတိုင်း၏ စိတ်အာရုံကို တစ်မျိုးတစ်ဖုံ ဆွဲဆောင်ဖြား ယောင်းနိုင်စွမ်းရှိသည်။ အသံချဲ့စက်ဆီကနေ လွှင့်လျှက်ရှိသော သီချင်းသံတွေ ဆိုင်းသံဗုံသံတွေ ကြော်ငြာသံတွေကို နှင်းရည် ဘာကြောင့်မှန်းမသိ စွဲလန်းလှသည်။

"ဖေ . . . သား မျက်လှည့်ပွဲကြည့်ချင်တယ်"

သားကြီးလေးက သူ့အဖေကို ပူဆာသံကြားလိုက် ရပေမယ့် သူ့အဖေက ခန္ဓာကိုယ်ပေါ်က နှစ်နှစ်သားလေးက မီးပုံးပျံပူဖေါင်းပူဆာနေတာမို့ ပူဖေါင်းသည်ဆီ အရင်သွားကာ ပူဖေါင်းဝယ်ပေး၏။ သမီးလေးက အာတာပူစီပန်းရောင်ကြီး တွေကို လက်ညှိုးထိုးကာ ပူဆာသဖြင့် နှင်းရည်က အသည်ကြီး ဆီ လျှောက်သွားကာ တစ်ခုဝယ်ပေးလိုက်ရသည်။ အသည်ချင်း





က သိပ်မဝေးလှဘူးလေ။ အာတာပူစီဝယ်ပြီး ပူဖေါင်းသည်ဆီ ပြန်လာတော့ 'ကို'က . . .

"သားရော"

ဟု လှမ်းမေးလိုက်သဖြင့် နှင်းရည် ကြောင်သွားရ သည်။

"သားက 'ကို'ဆွဲထားတာလေ၊ ဒီမှာ သမီးလေးက အာ တာပူစီ ပူဆာလို့ ဒီနားလေးတင် သွားဝယ်တာ"

"ဟာ . . . လုပ်ပြီကွာ၊ ဒီကောင် လက်တွဲထားတာကို ဖျတ်ခနဲ ဖြုတ်သွားတယ်၊ ကိုယ်က မင်းနဲ့လိုက်သွားတယ် မှတ်တာ၊ ပြဿနာပဲ . . . ရှာစမ်း၊ လူတွေ ဒီလောက် ရှုပ်နေတာ၊ ပျောက်သွားမယ်"

"ဟောတော် . . . ဒုက္ခပါပဲ၊ ဒီကောင်လေး ဘယ်များ ထွက်သွားတာပါလိမ့် သားကြီးရေ"

နှင်းရည် ရင်ထဲ ပူသွားကာ မျက်လုံးတွေပင် ပြာ ဝေသွားရသည်။ ဒီလောက်ရှုပ်ထွေးစည်ကားနေသော ပွဲခင်းထဲ မှာ သားလေး မတော်တဆ ပျောက်သွားမှဖြင့် တွေးပင် မတွေး ဝံ့။

"နေဦး . . . သူ ခုနက မျက်လှည့်ပွဲကြည့်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ကိုယ် အဲဒီနားသွားရှာကြည့်မယ်၊ မင်း ဒီနား တဝိုက်မှာပဲရှာ၊ အဝေးကြီး ထွက်မသွားနဲ့၊ လူချင်းကွဲ သွားမယ်”

‘ကို’ က မျက်လှည့်ဝိုင်းနားဘက် ခပ်သွက်သွက် ထွက်သွားသည်။ နှင်းရည် ဘေးပတ်ဝန်းကျင်တစ်ခုလုံး ချာချာ လည်အောင် လှည့်ပတ်ရှာရင်း တစ်ခေါင်းလုံး မူးနောက်ပြာနှမ်း လာတဲ့အထိ . . .။ ချီထားသော သမီးလေးက စိတ်ရှုပ်ထွေးစွာ အာခေါင်ခြစ် ငိုကြွေးလျက်ရှိပြီ။ နှင်းရည်နှလုံးသားက မြင်း အကောင်တစ်ရာလောက် ကဆုန်ပေါက် ဒုန်းစိုင်းပြေးနေသလို ဝုန်းဒိုင်းကြဲဆောင့်ခုန်လျက်ရှိသည်။

“သားကြီးရေ . . . မောင်သက်နှင်းရေ . . . သားကြီး ရေ”

‘ကို’ ပြန်ရောက်လာတော့ ကိုနှင့်အတူ ပါလာ မည့်သားကြီးကို မျှော်လင့်တကြီး လှမ်းမျှော်ကြည့်မိသည်။ ကို ကလည်း နှင်းရည်ဆီသို့ မျှော်လင့်တကြီး မျက်ဝန်းများနှင့် အမောတကော လှမ်းကြည့်တာကို မြင်ရသည်။ သွေးဆုတ် ဖြူလျော်လျက်ရှိသော နှင်းရည်ကို မြင်ရသောအခါ ကို့ မျက် နှာပျက်သွားသည်။





“တောက်! ဒီကောင်လေး ဘယ်ထွက်သွားပါလိမ့်ကွာ”

“ဘုရားရေ! ဘယ်လိုလုပ်ကြမလဲဟင်! အပျက်ပျက်နဲ့ သားကြီးပျောက်သွားဦးမယ်၊ ရှာပါဦး ကိုရဲ့၊ ဒီဆိုင်နား တဝိုက်မှာပဲ ရှိမှာပါ။ ဝေးဝေးကို ထွက်မသွားလောက် ပါဘူး၊ ကူညီပေးကြပါဦးရှင်၊ ကျွန်မ သားကလေး ပျောက်သွားလို့ပါ။ အသက်လေးနှစ်အရွယ်ကောင်လေး တစ်ယောက်များ မတွေ့မိဘူးလားရှင်၊ သူ့ရဲ့ ညာဘက် နားထင်မှာ အမှတ်ညိုကလေး ပါ,ပါတယ်၊ အမှတ်လေး က မြန်မာပြည်မြေပုံကလေးအတိုင်း ခပ်ဆင်ဆင်ပါ”

အနီးနားတဝိုက်မှာ တွေ့တွေ့သမျှလူတိုင်းကို အားကိုးတကြီး လိုက်မေးမိသည်။ ကိုက ပွဲခင်းထဲရှိ လုံခြုံရေး တာဝန်ခံတွေကို သတင်းပို့သည်။ ပြီးတော့ ဆိုင်တစ်ဆိုင်ရှိ စပီကာကနေ လူပျောက်ကြော်ငြာသည်။ သားကြီးနာမည်နှင့် ပုံပန်းသဏ္ဌာန်၊ ဝတ်ထားသော အဝတ်အစားပါပြောပြပြီး ပတ်ဝန်းကျင်၏ အကူအညီကို တောင်းခံရသည်။ ပွဲခင်းတစ်ခု လုံး ရုတ်တရက် ကမ္ဘာပျက်သွားသလို နှင်းရည်ခံစားရပါ သည်။ သမီးလေးက ငိုလှပြီ။ ကိုက စကားတစ်ခွန်းမှ မပြော တော့။ သားကိုသာ သည်းကြီးမည်းကြီး လိုက်ရှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းရည်ကတော့ ရင်တစ်ခုလုံး ဆုတ်ဖြဲခံလိုက်ရသလို ဟင်းလင်းပွင့်လျက် ငိုကြွေးမိပြီ။

သားကြီးရေ . . . မေမေတို့ဆီ အမြန်ဆုံး ပြန်လာခဲ့ပါ သားကြီးရယ် . . .။

◆◆◆◆◆





ည ဆယ်နာရီ

သားကြီးပျောက်သွားတာ နှစ်နာရီရှိပြီ။ ညက ပိုအေးစက်လာသလို လူတွေလည်း တချို့ အိမ်ပြန်ကြပြီ။ နှင်းရည်တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လှပြီ။ ကလေးတွေ ကိုယ်ပေါ်မှာ အသီးသီး အိပ်ပျော်သွားကြပြီ။ ပွဲခင်းတစ်ခုလုံးအနှံ့ ရှာနိုင်သမျှ ရှာခဲ့ပြီးပြီ။ တွေ့တွေ့သမျှ လူတွေကိုလည်း မေးကြည့်ပြီးပြီ။ ရဲကိုလည်း အကြောင်းကြားပြီးပြီ။ သားကို အရိပ်အယောင်ကလေးမျှ ရှာလို့မတွေ့ခဲ့။

"သားကို မတွေ့မချင်း ကျွန်မ အိမ်မပြန်ဘူး၊ ဒီပွဲခင်းထဲမှာပဲ ဆက်ရှာမယ်၊ ပွဲခင်းတစ်ခုလုံး ရှင်းလင်းသွားတဲ့အထိ စောင့်ပြီးရှာပါရစေ ကိုရယ်၊ ကျွန်မရဲ့သား လေး . . . ကျွန်မရဲ့သားလေး"

"နှင်း . . . မင်း သိပ်ပင်ပန်းနေပြီ၊ ကလေးတွေလည်း ပင်ပန်းလှပြီ၊ မင်းနဲ့ကလေးတွေကို အိမ်ပြန်ပို့ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဆက်ရှာပါ့မယ်၊ တစ်ညလုံး ကိုယ်ရှာပါ့မယ်"

"ဟင့်အင်း . . . ကျွန်မ မပြန်ဘူး၊ သားလေး ဒီပွဲခင်း ထဲမှာပဲ ရှိနေမှာ၊ သူ သိပ်ကြောက်နေမှာ၊ ဆက်ရှာရ အောင် ကိုရယ်၊ ကျွန်မကို အိမ်မပြန်ခိုင်းပါနဲ့၊ ကျွန်မ ရင်ကျိုးရလိမ့်မယ်၊ သူ့အတိုးနဲ့အဘွားကို ကျွန်မ ဘယ် လိုပြောရမလဲ၊ လာတုန်းက စုံစုံညီညီ၊ အခုတော့ ကျွန်မ သားလေး မပါတော့ဘူး၊ ဟင့်အင်း . . . ကျွန်မ မပြန် ဘူး၊ သားလေးမပါဘဲ ကျွန်မ မပြန်ဘူး . . ."

ရုတ်တရက် နှင်းရည် ရူးသွားမတတ် ရင်တွင်း မှာ ပူလောင်သောကမီးတွေ အရှိန်ပြင်းပြင်း လောင်ကျွမ်းခဲ့လေ သည်။ သား၏အဖေက မျက်နှာတွေနီရဲ၊ မေးကြောတွေ တင်း နေတဲ့အထိ အံတင်းတင်းကြိတ်ထားကာ နှင်းရည်ကို အသက်မဲ့ နေသော မျက်ဝန်းဗလာတွေနှင့် ငေးကြည့်နေသည်။ နှင်းရည် မျက်ဝန်းအိမ်နှစ်ဖက်မှာ မျက်ရည်စီးကြောင်းက အဆက် မပြတ် စီးဆင်းနေ၏။

"မင်း ပြန်ရမယ်၊ ငါ့သားကို ငါ တွေ့အောင်ရှာမယ်၊ ပြန်မတွေ့လို့မဖြစ်ဘူး၊ ငါ့ကိုယ်ငါ တစ်သက်လုံးခွင့်လွှတ် နိုင်တော့မှာ မဟုတ်ဘူး"





"ကျွန်မရင်တွေကွဲပါပြီရှင်၊ ကျွန်မ နှလုံးသားဆွဲထုတ် ခံရသလိုပဲ၊ သားလေး ဘယ်နားမှာလဲ သားလေးရေ၊ မေမေ့ဆီ ပြန်လာခဲ့ပါနော်၊ သားကို တွေ့အောင် ပြန် ရှာပေးကြပါရှင်"

နှင်းရည် ခေါင်းမာစွာနှင့် မပြန်ဘဲ ဇွတ်ပေတင်း ကာ သွေးရူးသွေးတန်း လိုက်ရှာမိပြန်လေသည်။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com



ည ဆယ့်နှစ်နာရီ . . .

လူတွေ တဖြည်းဖြည်း ပါးစ,ပြုလာခဲ့ပြီ။ ညကလည်း အေးစက်ခြောက်သွေ့လာခဲ့သည်။ ကလေးတွေ တစ်ယောက်စီ ပွေ့ချီထားကြလျက်က နှင်းရည်တို့လင်မယားနှစ်ယောက် မှုံးနောက်ပြာဝေတဲ့အထဲ ရှာကြဆဲ။ ညည့်နက်လာသည်နှင့်အမျှ မျှော်လင့်ချက်တွေ တစ်စစီပြိုကွဲလာခဲ့ရပြီ။ ကလေးတွေလည်း အေးစက်လှပြီ။ ဒါ့ပေမယ့် မိဘတွေရဲ့ ပခုံးတွေပေါ်မှာ အသီးသီး အိပ်မောကျလို့။ နှင်းရည်တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲလှပြီ။ စိတ်ကိုသာ တင်းမထားမိတော့ဘူးဆိုလျှင် ခုချက်ချင်းပဲ ဒူးညွှတ်ပျော့ခွေကာ ပုံရက်သား လဲကျသွားလောက်ပြီ။ 'သား' ဆိုသော မျှော်လင့်ချက်က နှင်းရည်အာရုံများကို နိုးကြားထက်သန်ပြင်းပြစေလေသည်။ တစ်နေရာရာမှာ သားကို အမှတ်မထင် ပြန်တွေ့ရနိုး မျှော်လင့်ချက် တနင့်တပိုးနှင့် ရင်တစ်ခုလုံး ပြည့်သိပ်





မြှတ်ကြွပ်နေတော့သည်။

ဆိုင်အချို့ သိမ်းကုန်ပြီ။ လူတွေလည်း အိမ်ပြန်ကုန်ကြပြီ။ နှင်းရည်တို့နှစ်ယောက်စလုံး အိမ်ပြန်ချင်စိတ်မရှိကြ။ အိမ်ပြန်လိုက်လျှင် သားကလေးကို ဘယ်တော့မှ ပြန်မတွေ့နိုင်အောင် လက်လွှတ်ဆုံးရှုံးလိုက်ရတော့မလို နောက်ဆံဆွဲမိသည်။ ဒီပွဲခင်းကြီးရဲ့ တစ်နေရာရာမှာ သားကလေးချက်စိလည်လမ်းမှားကာ မိဘတွေကို လိုက်ရှာနေလိမ့်မည်ဟု ယုံကြည်ချင်သည်။ သားကလေးဟာ ခုမှ အသက်လေးနှစ်သားကလေးပဲရှိသေးတာ။ ဘာမှ သေသေချာချာကြီး မသိတတ်သေး။ မိဘတွေရဲ့ ရင်ခွင်ကနေ ရုတ်တရက် ပျောက်သွားရခြင်းအပေါ် သားကလေး ကြောက်ရွံ့မဆုံးရှိနေလိမ့်မည်။ လုံခြုံရေးအဖွဲ့တွေလည်း လိုက်ရှာနေကြဆဲပင်။ သားကလေးကို ဘယ်မှာမှ မတွေ့ . . .။



www.burmeseclassic.com

www.burmeseclassic.com





ည နှစ်နာရီ . . .

ပွဲခင်းတစ်ခင်းလုံး တိတ်ဆိတ်ခြောက်ကပ်လို့သွားခဲ့ပြီ။ နှင်းရည်နှင့်ကို တစ်ယောက်လက်ကိုတစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ထားမိကြကာ တစ်ယောက်မျက်နှာတစ်ယောက် မျှော်လင့်ချက်ကင်းမဲ့သွားသော မျက်ဝန်းများဖြင့် ကြည့်နေမိကြသည်။ လူတွေ မရှိသလောက် ပါးသွားခဲ့ပြီ။

"အိမ်ပြန်ကြစို့ မိန်းမရယ်၊ ရဲကိုလည်း တိုင်ထားပြီးပြီ၊ မနက်ဖြန်တစ်ခေါက် ထပ်ရှာကြတာပေါ့"

နှင်းရည် တစ်ချက်ရှိုက်လိုက်မိသည်။ ဘယ်ရောက်သွားမှန်းမသိသော သားကလေးကို ထားပစ်ခဲ့ရတော့မယ့်အဖြစ်။ ရင်ထဲ မချိမဆန့် နာကျင်လွန်းရပါသည်။ နှင်း ရည်စိတ်ကိုလျှော့ချလိုက်မိသောအခါ မိုက်ကန် ခွေညွှတ်ပြိုကျသွားခဲ့ရတော့သည်။ သားလေးရေ . . မေမေ့သားကို မေမေ မထားခဲ့ပါရစေနဲ့။ မတွေ့တွေ့အောင် မေမေ ပြန်ရှာ ပါရစေ။

◆◆◆◆◆





နောက်တစ်နေ့ . . .။ အရာရာသည် အစိတ်စိတ်အမွှာမွှာ ဖရိုဖရဲ ကွဲအက်လွင့်စင်လို့။ မုန်တိုင်းကျပြီးစ လေဟာပြင်တစ်ခုလို ဟာလာဟင်းလင်း။ ပွဲခင်းဆီမှာ ထပ်ပြီး သွားရှာကြပါသည်။ တစ်စုံတစ်ယောက်များ သားလေးကိုတွေ့ပြီး ခေါ်ထားမလား၊ တစ်နေရာရာမှာ တစ်ယောက်ယောက်ကများ တွေ့လိုက်မလား၊ တစ်ယောက်ယောက်ဆီကများ သားလေးနဲ့ပတ်သက်ပြီး သတင်းအစအနများ ရမလားဟု မျှော်လင့်ချက်တွေ တပွေ့တပိုက်ဖြင့် လိုက်ရှာခဲ့ကြပါသည်။ မိဘတွေခမျာလည်း ရင်ကွဲပက်လက်။ နှင်းရည်တို့တစ်မိသားစုလုံး မယုံနိုင်စရာ ဆောင်းအိပ်မက်တစ်ခုကို မက်လိုက်ရသလိုပါ။ ယုံလည်း မယုံနိုင်ကြ။ သားကလေးကို တစ်နည်းနည်းနှင့် ပြန်တွေ့ရလိမ့်မည်ဟု မျှော်လင့်တကြီးရှိခဲ့ကြရသည်။ နောက်တစ်နေ့ . . နောက်တစ်နေ့ . . နောက်နေ့ပေါင်းများစွာ နှင်းရည်တို့ သားကလေးကို ရှာခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရာမဲ့ဖြစ်သောအခါ ပေဒင်တွေ အကြား အမြင်တွေ ယတြာတွေပင် မကျန်စေရ။ တစ်နေ့တစ်ခြား မျှော်လင့်ချက်တွေသာ မဲ့သထက်မဲ့လာခဲ့ကြသည်။ ရန်ကုန်ပြန်ဖို့ ရက်တွေကို တစ်နေ့ပြီးတစ်နေ့ နောက်ဆုတ်ရင်း ပျောက်ဆုံးသွားသော သားကလေးကို အသည်းအသန် ရှာဖွေခဲ့ကြပါသော်လည်း သားကလေးကို ပြန်မတွေ့ရတော့ပါ။ သားက လေး ဘယ်ဆီများရောက်သွားခဲ့သလဲ။ ဘယ်သူကများ အညှာအတာကင်းမဲ့စွာ ရက်ရက်စက်စက် ခေါ်ဆောင်သွားခဲ့ပါသလဲ။ သားကလေး သိပ်များ ကြောက်ရွံ့အားငယ်နေရှာမလား။ သူတစ်ပါးရဲ့ နှိပ်စက်ခြင်းကိုများ ခံနေရရှာမလား။ မိဘတွေ ကို အားကိုးတကြီး လိုက်ရှာနေမှာလား။ သားလေးရေ . . မေမေ မတွေးဝံ့တော့ပါဘူး။ မေမေ့ရင်တွေ တစ်စစီကွဲကြေခဲ့ ပါပြီ သားလေးရေ။ မေမေ့ရင်ထဲက နှလုံးသားလည်း မရှိတော့ ပါဘူး။ သားလေးနဲ့အတူ ပျောက်ဆုံးခဲ့ပါပြီ သားရယ်။

◆◆◆◆◆





မေမေရေ . . .။ သားကြောက်တယ်။ သားကို လာခေါ်ပါ။ သား ဘယ်ရောက်နေလဲဆိုတာ သားမသိဘူး။ သား ဖေဖေနဲ့မေမေ့ကိုပဲ တွေ့ချင်တယ်။ ဖေဖေနဲ့မေမေ့ကို သား အရမ်းလွမ်းတာပဲ။ ညီလေးနဲ့ ညီမလေးကိုလည်း သား သတိရတယ်။ သားကို လိုက်ရှာပါ . . ဖေဖေနဲ့မေမေရယ်။ သား မေမေ့ဆီ အရမ်းပြန်ချင်တာပဲ။ ဒါပေမယ့် သား သိတယ်။ သားကို သူ ပြန်လွှတ်တော့မှာ မဟုတ်ဘူး။

"ဦး သားကို ဖေဖေနဲ့မေမေ့ဆီ ပြန်ပို့ပေးပါဗျာ၊ သား အိမ်ပြန်ချင်တယ်၊ မေမေ့ကို လွမ်းတယ်"

"ပို့ပေးမှာပေ့ါ၊ ငါက မင်းကို ခေါ်လာတာ မဟုတ်ဘူး လေကွာ၊ မင်းမိဘတွေနဲ့ ကွဲသွားလို့ မင်းကိုငါ ကယ်တင်ပေးလာတာ၊ ငါ့ဘဝက ကြမ်းတယ်ကွ ကောင်လေးရ၊ ငါက တစ်ကောင်ကြွက်၊ ခြေသလုံးအိမ်တိုင်၊ ငါ့အလုပ်က ခါးပိုက်နှိုက်၊ နေရာအနှံ့ လျှောက်သွားနေတဲ့ကောင်၊ ငါ့မှာ အားကိုးစရာ အဖော်မရှိဘူး၊ မင်းကိုငါ ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



လို့ရသလောက် ခေါ်ထားရမှာပဲ၊ မင်းကိုပဲ ငါ အားကိုးရမှာ၊ ငါ့ရဲ့ပညာတွေ အကုန်သင်ပေးမယ်ကွာ၊ မင်း ငါနဲ့ပဲ အတူနေတော့ကွာ၊ ငါက တစ်နေရာတည်းမှာ အတည်တကျနေတဲ့ကောင်မဟုတ်ဘူး၊ နယ်အနှံ့ လျှောက်သွားနေတဲ့ကောင်၊ ဇရပ်တကာလှည့်အိပ်နေတဲ့ကောင်၊ ငါ့မှာ စကားပြောဖော် အဖော်လိုတယ်ကွ၊ မင်း ငါနဲ့ပဲ နေပါကွာနော်၊ ငါ သားတစ်ယောက်လိုချင်နေတာနဲ့ အတော်ပဲ၊ မင်းကို သားအဖြစ် မွေးစားလိုက်ပြီကွာ"

"ဟင့်အင်း . . . သား ဦးနဲ့ မနေချင်ဘူး၊ သား မေမေတို့ဆီ ပြန်ချင်တယ်ဗျ၊ သားကို ပြန်ပို့ပေး"

"ဟေ့ကောင် . . . တော်ပြီ မငိုနဲ့တော့၊ အသံလည်း ဆက်မထွက်နဲ့တော့၊ ငါနဲ့ပဲ နေရမယ်၊ မင်းကို ငါ့ပညာတွေ အကုန်သင်ပေးမယ်၊ မင်း ငါ့သားဖြစ်သွားပြီကွာ၊ မင်း ငါ့ကို အဖေလို့ပဲခေါ်ရမယ် ကြားလား"

သူ သားရဲ့လက်တွေကို အရမ်းဆုပ်ထားတယ် မေမေ။ သား ငိုတယ်။ မေမေ့ဆီ အရမ်းလာချင်တာပဲ။ သား အရမ်းကြောက်တယ် မေမေ။ သား ဘယ်ရောက်နေမှန်းလည်း သား မသိဘူး။ သား အရမ်းချမ်းတယ် မေမေ . . .။ သား





အရမ်းဗိုက်ဆာတာပဲ မေမေ။ သား အိပ်ရာနဲ့လည်း မအိပ်ရဘူး။ ထမင်းဟင်းလည်း ကောင်းကောင်းမစားရတာကြာပြီ မေမေ။ ဦးကို သား အရမ်းကြောက်တယ်။ ဒါပေမယ့် သူ ကျေနပ်အောင် 'အဖေ' လို့ သူ့ကို ခေါ်ရတယ် မေမေ။ သား အိမ်ပြန်ချင်တယ်။ အိမ်လည်း မပြန်တတ်ဘူး မေမေ။

"ရော့ ဒီ ပလာစတာကို မင်းပါးက အမှတ်မှာ အမြဲကပ်ထား၊ ဘယ်တော့မှ မခွာရဘူး . . ကြားလား၊ ခွာပစ်ရင် မင်း အရိုက်ခံရမယ်"

သားရဲ့ပါးမှာ ပလာစတာ ကပ်ထားရတယ် မေမေ။ သူ သင်ပေးတဲ့အတိုင်း သူ ခိုင်းတာ သားလုပ်ရတယ်။ မလုပ်ရင် ရိုက်ခံရတယ် မေမေ။ သားတို့ လူတွေကြားထဲ လမ်းမတွေပေါ် လမ်းတွေလျှောက်ရတယ်။ ပြေးလွှားရတယ်။ ပုန်းရတယ်။ လူတွေမသိအောင် သူတို့ရဲ့ ပိုက်ဆံအိတ်တွေနှိုက်ရတယ်။ ဆိုင်တွေဝင်ပြီး ပစ္စည်းတွေခိုးရတယ်။ အလစ်သုတ်ရတယ် မေမေ။ ဗိုက်ဆာရင် ဆိုင်မှာဝင်စားပြီးတာနဲ့ ဆိုင်ရှင်မသိအောင် လစ်ပြေးရတာပဲ မေမေ။ သား ရက်တွေလည်း မမှတ်တတ်တော့ မေမေတို့နဲ့ခွဲရတာ ဘယ်လောက်ကြာပြီလဲဆိုတာ သား မသိဘူးမေမေ။ သားသိတာတော့ သိပ်ကိုကြာ




www.burmeseclassic.com

နေပါပြီ။ အရမ်းကိုကြာနေပါပြီ။ နေ့ရာတွေလည်း သား မမှတ်မိဘူး မေမေ။ သူ့ဆီက ထွက်ပြေးချင်ပေမယ့် ဘယ်ကိုပြေးရမှန်း သားမသိလို့ပါ မေမေ။ သားကို လာခေါ်ပါတော့ မေမေရယ်။ သား လွမ်း . . လှ . . ပြီ . . . ။

◆◆◆◆◆








www.burmeseclassic.com

www.burmeseclassic.com

သူကျတော့
ဘာကြောင့်များ
အနှစ်နှစ်ဆယ်လုံးလုံး
စုတ်ပြတ်ဆင်းရဲကြမ်းတမ်း
အောက်တန်းကျလှသော
ဘဝတစ်ခုမှာ
ရေကျ ဝင်ဆင်းရဲခံခဲ့ရပါသလဲ...





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၂

၂၀၁၂ ... တောင်ကြီးတန်ဆောင်တိုင်ပွဲတော် (အနှစ်နှစ်ဆယ်ကြာပြီးနောက် ...)

ပြေး ပြေး ပြေး ...။ မရပ်မနားတမ်း သူ ပြေးခဲ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ သူ့နောက်မှာ လူတွေ တစ်အုပ်ကြီး ပြေးလိုက်လာကြသည်။ မိများမိလိုက်လို့ကတော့ သူ့တစ်ကိုယ်လုံး ရစရာမရှိအောင် အရိုးအသား တစ်စစီဖြစ်အောင် ဖွဲ့ရွဲ့ပစ်ကြလိမ့်မည်။ သူ့ဘဝတစ်လျှောက်လုံး သူ မှတ်မိသလောက်က အဲဒီလို ပြေးလွှားနေခဲ့ရတာချည်းပင်။ မတော်တဆ မိသွားလို့ ဖူးယောင်ကျိုးပဲ့သွားအောင် အရိုက်အနှက်၊ အထိုးအကျိတ် အကန်အကြောက်ခံခဲ့ရတာတွေလည်း မရေတွက်နိုင်ခဲ့။ အချုပ်ခန်းထဲလည်း အိမ်ဦးနဲ့ကြမ်းပြင်လို ဝင်ထွက်နေခဲ့ရသည်ပင်။ အနှစ်နှစ်ဆယ်လောက်ရှိခဲ့ပြီ။ သူ ခါးပိုက်နှိုက်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ကို အဖေ့ဆီကနေ အမွေဆက်ခံသင်ယူခဲ့ရသည်။ နေ့တိုင်း ဒါပဲလုပ်စားနေတာဆိုတော့ သူ့အဆင့်က သမ္မာအဆင့်တောင် ရောက်လို့ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်နေခဲ့ပါပြီ။ ဒါပေမယ့်လည်း ကံမကောင်းသော ဒီလိုအခါမျိုးမှာတော့ သူ အသက်လုပြီး ပြေးရတတ်ပါသည်။ တကယ်တော့ အဖေရှိစဉ်က တောင်ကြီးတန်ဆောင်တိုင်ပွဲကို ရှောင်နေကျပါ။ သူက အရမ်းသွားချင်ပေမယ့် မသွားရပါ။ သူ့ရဲ့ ငယ်ဘဝကို သူ သိပ်မမှတ်မိချင်တော့ပေမယ့် တောင်ကြီးတန်ဆောင်တိုင်ပွဲမှာ သူ့မိဘတွေနှင့် ကွဲခဲ့ရတာကိုတော့ အသည်းစွဲနေအောင် မှတ်မိနေခဲ့ပါသည်။

မနှစ်ကတော့ အဖေဆုံးသွားခဲ့ပြီး သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။ အနှစ်နှစ်ဆယ်လုံးလုံး အတူနေ၊ အတူစား၊ အတူအိပ်၊ အတူထောင်ကျခဲ့ရသော မွေးစားအဖေကိုတော့ သူ လွမ်းမိပါသည်။ သူ ပညာလည်းမသင်ခဲ့ရ။ ခါးပိုက်နှိုက်ပညာကလွဲလို့ တခြား သူ ဘာမှ မလုပ်တတ်ပါ။ ဇရပ်တွေမှာ ရှာအိပ်၊ ဖြစ်သလိုစား၊ လစ်သလိုနှိုက်ရင်း သူ တစ်ယောက်တည်း တစ်ကိုယ်တော် လွင့်နေခဲ့သည်။ အဖေမရှိတော့မှ သူ့ပါးပြင်မှာ တစ်ချိန်လုံးကပ်ထားခဲ့ရသော ပလာ





စတာကို ခွာခွင့်ရလိုက်သလို နှစ်တိုင်းရှောင်ခဲ့ရသော တောင်ကြီးတန်ဆောင်တိုင်ကိုလည်း ဒီနှစ်တော့ ရောက်အောင် လာခဲ့မိကာမှ သူ ကံဆိုးခြင်းဖြစ်သည်။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com





နှစ်တိုင်း ဒီအချိန်ရောက်လျှင် နှင်းရည် တောင်ကြီးကို မလာပဲ မနေနိုင်ပါ။ သားကလေးကို ပျောက်ဆုံးခဲ့တာ နှစ် နှစ်ဆယ် ရှိခဲ့ပြီဖြစ်သည့်တိုင် နှင်းရည် တစ်ရက်မှ မမေ့ခဲ့ချေ။ သားလေး ဘယ်အရွယ်ရောက်ပြီး၊ ဘယ်လိုပုံပန်းသဏ္ဍာန်ရှိလောက်ပြီ ဆိုတာကို သတိတရ ပုံဖော်ကြည့်မိခဲ့သည်။ ကွန်ပျူတာ ပညာရှင် တစ်ယောက်ဆီမှာ လေးနှစ်အရွယ် သားရဲ့ဓာတ်ပုံကိုပေးပြီး တစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲလာမည့် သားလေး၏ ရုပ်သွင်ကို ကွန်ပျူတာဖြင့် ပုံဖော်ဆွဲစေခဲ့သည်။ အခုဆို သား အသက်နှစ်ဆယ့်လေးနှစ်ရှိပြီ။ လူပျိုကြီးဖားဖားမက လူရွယ်ကလေးတစ်ယောက် ဖြစ်နေလောက်ရောပေါ့။ ကွန်ပျူတာ ပန်းချီကလေးက အသက်နှစ်ဆယ့်လေးနှစ်အရွယ် သားရဲ့ ပုံပန်းကလေးကို ဖန်တီးပေးထားခဲ့တာတော့ သားသည် လူချောကလေးတစ်ယောက်ဖြစ်သည်။ သားလေး ဘယ်လိုများ နေထိုင်စားသောက်ရုန်းကန်ရှင်သန်နေရရှာမလဲ။ လောကဓံရဲ့ အထုအရိုက်တွေများ သားလေး ခံနေရရှာမလား။







အနှစ်နှစ်ဆယ်အတွင်းမှာ နှင်းရည်တို့ စီးပွားရေး အရှိန်ထိုးတိုးတက်အောင်မြင်ခဲ့ပါသည်။ ကိုက ဆောက်လုပ်ရေးလုပ်ငန်းနှင့် အကျိုးပေးခဲ့သည်။ ပထမတော့ ကန်ထရိုက် တိုက်ခန်းကလေးတွေ တစ်ခြမ်းပေး တစ်ခြမ်းယူစနစ်ဖြင့် လိုက်ဆောက်ပေးသည်။ နောက်တော့ တဖြည်းဖြည်း ခြံဝန်းနှင့် လုံးချင်းအိမ်ရာတွေ ကွန်ဒိုတွေအဆင့်ဆီ တစ်ဆင့်ချင်း တက်လှမ်းနိုင်ခဲ့ကာ ကို့ရဲ့ ဆောက်လုပ်ရေးကုမ္ပဏီက ပို၍ ခမ်းနား အောင်မြင်လာခဲ့ခြင်းဖြစ်သည်။ အမြွှာကလေး နှစ်ယောက်ပင် အသက်နှစ်ဆယ့်နှစ်နှစ်ပြည့်ခဲ့ကြပြီ။ ကျောင်းပြီး ဘွဲ့ရလို့ သားရောသမီးပါ MBA ဆက်တက်နေကြပြီ။ သားကြီးသာရှိလျှင် သားကြီးလည်း ပညာတတ်ကြီးဖြစ်လောက်ရောပေါ့။ ခုတော့ မေမေ့သားကလေး ကျောင်းတက်ခွင့် ပညာသင် ခွင့်မှ ရရဲ့လား။ ဘယ်လို လူတန်းစားမျိုးရဲ့ လက်ထဲများ ရောက်သွားခဲ့သလဲ။ ဘာတွေများ လုပ်ကိုင်စားသောက်နေရှာမလဲ။

"ဖေဖေ သတိထား၊ ရှေ့မှာ လူတစ်ယောက် စွတ်ပြေးလာနေတယ်၊ သူ့နောက်မှာလည်း လူတွေတစ်အုပ်ကြီးနဲ့ ရန်ဖြစ်တာလား ခါးပိုက်နှိုက်လား မသိဘူး"

သားငယ်လေးရဲ့ နောက်ခန်းကနေ အော်သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးသံကြောင့် ကိုက ကားကို အရှိန်လျှော့ကာ ဘရိတ်ကြိုနင်းထားခဲ့သည်။ ဖြစ်ချင်တော့ ပြေးလာသူက ကားကိုဝင်တိုက်မိကာ ကားရှေ့မှာ ပစ်လဲကျသွားလေသည်။ လူအုပ်ကြီးက ဝိုင်းလာပြီး သူ့ကို တစ်ယောက်တစ်ချက် ဝိုင်းထိုးကန်ကျောက်ကာ ဆွမ်းကြီးလောင်းနေသောမြင်ကွင်းကို နှင်းရည် မကြည့်ရဲ။ ရင်တွေ တလှပ်လှပ်တုန်လာကာ ကတုန်ကယင် ဖြစ်လာလေသည်။ အသက်ကလေးရလာတော့ နှလုံးက မကောင်းချင်တော့။

"လုပ်ပါဦး ကိုရယ်၊ ကားရှေ့မှာ တစ်ယောက်နဲ့အများ ဝိုင်းထိုးနေကြတာ ကြာရင် ဟိုကောင်လေး သေသွားဦးမယ်၊ လူကြီးတစ်ယောက် ဆင်းဖျန်ဖြေမှ ရမယ်ထင်တယ်၊ သားနဲ့သမီး နောက်ခန်းတံခါးကို လော့(ခ်)ချထားစမ်း"

"ကို ဆင်းတားလိုက်မယ်၊ အများနဲ့တစ်ယောက်ကွာ ပွဲကမတရားဘူး"

ကိုက ကားတံခါးဖွင့်ကာ ဆင်းသွား၏။ နှင်းရည်ရင်ဘတ်ကိုဖိကာ မျက်လုံးတွေ မှိတ်ထားမိသည်။

ဦးဝန်းရဲ့ ဆင်းသွားတော့ လူအများ ကန်ကျောက်





ထိုးနှက်ဒဏ်တွေ အောက်မှာ လက်နှစ်ဖက်နှင့် မျက်နှာကို ကွယ်ထားသော လူငယ်ကလေးက ခွေခွေကလေး။

"ဟော့ ဟော့ . . . ရပ်လိုက်ကြတော့ကွာ၊ တော်ကြာ သေသွားဦးမယ်၊ မင်းတို့ တပြုံတမကြီး ဝိုင်းဆော်နေရသလားကွ၊ ဘာဖြစ်ကြတာလဲ"

"ဒီကောင် ခါးပိုက်နှိုက်ဗျ၊ ဆွဲကြိုးဖြတ်ပြေးလို့၊ ဒီလိုကောင်မျိုး သေအောင်ချရမှာ"

"မလုပ်နဲ့လေကွာ၊ ရဲစခန်းပို့မှပေါ့၊ ဥပဒေရှိတာပဲ၊ ဥပဒေအတိုင်း ဆုံးမသင့်တာပေါ့ကွာ၊ မင်းတို့ ဆက် မရိုက်နဲ့တော့ . . ."

ဦးဝန်းရဲ၏ LEXUS ... ကားအရှိန်အဝါဖြင့် လူအုပ်ကြီးက အလိုလို ရှိန်ပုံရသည်။ ဆက်မရိုက်တော့ဘဲ အသာ ရှဲသွားကြလေသည်။ အဲဒီတော့မှ ခွေလဲနေသော ခါးပိုက်နှိုက် လူငယ်လေးက ထ,ရပ်ဖို့ ကြိုးစား၏။ မျက်နှာတစ်ခုလုံး သွေးသံရဲရဲ ဖြစ်နေတဲ့ကြားက ညာဘက်နားထင်က မြန်မာပြည်မြေပုံနှင့် ခပ်ဆင်ဆင် အမှတ်ညိုကလေးကို အမှတ်မထင် လှမ်းတွေ့လိုက်ရချိန်မှာ ဦးဝန်းရဲ မျက်လုံးတွေ ပြာဝေသွားခဲ့၏။ လူက နောက်သို့ပင် ယိုင်သွားကာ နှလုံးခုန်သံက တဒုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒုန်း ဆောင့်မြည်လာခဲ့သည်။ ကောင်လေးကို စူးစူးစိုက်စိုက်ကြီး ကြည့်မိသည်။ ညနေခင်းဆိုပေမယ့် မှောင်ရိပ်မသမ်းသေးသောကြောင့် လူတစ်ယောက်ကို ကောင်းစွာမြင်ခွင့်ရသေးသည်။ အထူးသဖြင့် ထင်းနေအောင် ထင်ရှားသောအမှတ်ကို သေချာမြင်ခွင့်ရနေသည်။ စုတ်ပြတ်ညစ်ထေနေသော ရုပ်ရည်ကို သေချာစိုက်ကြည့်ရင်း ငယ်ရုပ်ကို မနည်းဖမ်းဆုပ် ယူဖို့ကြိုးစားနေရသည်။ အမှတ်က ညာဘက်နားထင်မှာ၊ ပြီးတော့ ရိုးရိုးသာမန်မဟုတ်။ မြေပုံသဏ္ဍာန် ထူးထူးခြားခြား ကလေး။ ဒါမျိုးက သူ့ရဲ့ သားကြီးဆီမှာပဲ ရှိခဲ့တာပါ။

"မင်း . . မင်း နာမည် ဘယ်သူလဲ၊ မင်း တကယ်ပဲ ခါးပိုက်နှိုက်လား"

ဦးဝန်းရံ အသံတွေပင် လှုပ်ခတ်တုန်ရင်နေခဲ့သည်။

"ကျွန်တော့်နာမည် မောင်မှတ်ပါ၊ ကျွန်တော် ခါးပိုက်နှိုက် မဟုတ်ဘူးဗျ၊ ဒီကောင်တွေ အထင်မှားတာ၊ သူတို့ လိုက်တာနဲ့ ကျွန်တော်ကြောက်ပြီး စွတ်ပြေးမိတာ၊ ကျွန်တော့်လက်ထဲ ဘာဆွဲကြိုးမှ မရှိဘူး . . . ဒီမှာကြည့်"





"ဟော့ကောင် . . . မင်း သေချင်လို့လား၊ ဗြောင်မလိမ်နဲ့နော်၊ မင်း ဖြတ်ပြေးတာ ငါတွေ့တယ်၊ ဆွဲကြိုးက သူလမ်းမှာ လွှင့်ပစ်ခဲ့ပြီဗျ၊ သူ့ကို မိတော့မယ်ဆိုတာ သိလို့"

လူအုပ်ကြီးက လှုပ်လှုပ်ရွရွ ပြန်ဖြစ်လာခဲ့သည်။ ဦးဝန်းရံ၏မျက်ဝန်းတွေက လူငယ်ကလေးဆီမှာသာ စိုက်တန့်လို့။ ဘာလုပ်ရမလဲ . . . ဟု ခေါင်းထဲမှာ အပြေးအလွှား တွက်ချက်စီစဉ်လိုက်သည်။ ဒီလူငယ်ကလေးနှင့် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် သူ စကားပြောခွင့်ရချင်သည်။ မေးချင်စရာ မေးခွန်းတွေ အများကြီး။ ဒီလူအုပ်ကြီးကို ရှင်းလင်းသွားအောင် အရင်လူစုခွဲပစ်ရမည်။

"ကဲ . . . ဒီလိုလုပ်ကွာ၊ ငါ ဖြေရှင်းပေးမယ်၊ ဒီကောင့်ကို ငါ့ကားနဲ့ ရဲစခန်းသွားပို့ပေးမယ်၊ ဒါဆို မင်းတို့ ကျေနပ်လား"

"ဦးလေး သတိထားဦးနော်၊ ဦးလေးဆီက ဒီကောင် ပြန်နှိုက်သွားဦးမယ်၊ ဦးလေးကားကြီးနဲ့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ငါ ဒီကောင့်ကို အချုပ်ထဲ ပို့ခဲ့မယ်၊ မင်းတို့ လက်ထဲမှာထားခဲ့ရင် တစ်ယောက်တစ်ချက်နဲ့ လက်လွန်သွားလိမ့်မယ်၊ ဟုတ်ပြီနော် . . .



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် မင်း ငါ့ကားပေါ်တက်"

"ဦးလေး ဒီကောင် ညဏ်များတယ်နော်၊ ဦးလေးကား ပေါ်ကနေ လစ်ပြေးသွားလိမ့်မယ်"

"ဟော့ကောင်တွေ . . . ငါလည်း ရဲမှူးဟောင်းပါကွ၊ ဒါလောက်တော့ ငါလည်း သိပါတယ်"

ဦးဝန်းရဲ့ စိတ်မရှည်နိုင်တော့။ ခပ်တည်တည် ပင် လိမ်ညာဖြီးဖြန်းပစ်လိုက်တော့မှ လူအုပ်ကြီး တဖြည်းဖြည်း လူစုကွဲသွားတော့သည်။

"သား ဟိုဘက်တိုးပေးလိုက်၊ သူ့ကို ခေါ်သွားမလို့"

ခါးပိုက်နှိုက်ကို ကားပေါ်တင်ခေါ်နေသဖြင့် သူ့မိသားစုအားလုံး တအံ့တဩ။ သားက မျက်ခုံးရှုံ့ကာ သူ့ ညီမဘက်သို့ တိုးရွှေ့ပေးရင်း အဖေကို နားမလည်နိုင်သလို ကြောင်ကြည့်နေသည်။ သမီးကလည်း မျက်စိမျက်နှာပျက် လို့ . . .

"ဖေဖေ . . ."

ဟု ခပ်ဆောင့်ဆောင့် လှမ်းအော်လေသည်။ သူ့ မိန်းမ နှင်းရည်ကလည်း သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ဝေး ကြည့်လို့ ဘာတွေလျှောက်လုပ်နေတာလဲ ဟူသော အမေး





မျက်ဝန်းများဖြင့် . . .။

"အရင်ဆုံး တို့ ဒီနေရာကနေ ခွာမှဖြစ်မယ်၊ စား သောက်ဆိုင်တစ်ဆိုင်ကို အရင်သွားလိုက်မယ်၊ ချာတိတ် မင်း ထွက်မပြေးနဲ့နော်၊ မင်းကို တို့ ဒုက္ခမပေးပါဘူး၊ မေးစရာလေးတွေ ရှိလို့ပါ"

"ဘာတွေဖြစ်နေတာလဲ ကို"

"နှင်း . . . သူ့ရဲ့ ညာဘက်နားထင်မှာ မြေပုံအမှတ် ကြီးနဲ့"

"ရှင် . . ."

နှင်းရည် အသက်ရှူရပ်မတတ် လန့်ဖျပ်သွား ကာ ချက်ချင်းပင် နောက်ခန်းထဲက လူငယ်ကလေးဆီ သွေး ရူးသွေးတန်း လှည့်ကြည့်လိုက်မိသည်။ သားနှင့်သမီးကလည်း လူငယ်ကလေးဆီ အလန့်တကြား ဝိုင်းကြည့်လိုက်ကြသည်။ လူငယ်ကလေးက အသားအရည် ညိုညစ်မှုန်တေကာ မျက် နှာထားက မထီတရီ မှုန်ကုပ်ကုပ် ပြန်ကြည့်နေသည်။ မျက် လုံးတွေက ဂဏ္ဍာလုံးဝမငြိမ်ဘဲ သမီးလည်ပင်းဆီ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်သွားတတ်သည်။ သမီးရဲ့လည်ပင်းမှာ စိန် လော့ကတ်ကလေး ရှိနေသည်ကိုး။ သူ့ ညာဘက်နားထင်ဆီက



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားလွန်းသော မြေပုံသဏ္ဍာန် အမှတ်ကလေးကိုကြည့် ကာ . . .

"သား သား . . . မေမေ့သားကြီးလေး"

ဟု . . . ရင်ထဲမှာ နင့်နေအောင် အော်ဟစ်မိလေသည်။

ကိုက လူရှင်းသော ရှမ်းဆိုင်ကလေးတစ်ခုရှေ့မှာ ကားကိုရပ်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ လူငယ်လေးက ကြောင်အမ်းအမ်း ဂျစ်ကန်ကန် မျက်နှာပေးဖြင့် ပါလာခဲ့သည်။ နှင်းရည်မျက်ဝန်းတွေ သူ့ဆီကနေ မခွာမိတော့။ နေလောင်ဒဏ်၊ လောကစံအရိုက်အနှက်ဒဏ်တွေကြောင့် လူရုပ်မပေါ်အောင် ညှိုးမှိန်ညစ်ထေးနေသော်ငြား ထူထဲသောမျက်ဝန်း၊ ဖြောင့်စင်းသောနှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်းလွှာနှင့် ပြေပြစ်သော မေးရိုးတို့က နှင်းရည်တွက်ချက်ထားသော ကွန်ပျူတာပန်းချီထဲမှ သားနှစ်ဆယ့်လေးနှစ်အရွယ်မှာ ရှိနေမယ့်ရုပ်နှင့် တစ်ပုံစံတည်း။ သားရယ် .. မေမေ့သားလေးရယ် .. ဖြစ်မှဖြစ်ရလေ .. ခါးပိုက်နှိုက်ဘဝ ရောက်နေရှာသတဲ့လား။

"မင်း နာမည်ရင်းကို ပြောပြစမ်းပါဦးကွာ"

"မရှိဘူးဗျ .. မောင်မှတ်ပဲ၊ အဖေ ပေးထားတာ"





"မင်းအဖေက အဖေရင်းလား၊ သူ အခု ဘယ်မှာလဲ"

ချမ်းသာကြွယ်ဝပုံရသော အဆင့်အတန်းမြင့်မြင့် မိသားစုတစ်စုက သူ့ကို မျောက်ပွဲကြည့်သလို ဝိုင်းအုံစိုက်ကြည့်ပြီး သူဌေးဖြစ်သူက မေးခွန်းတွေ အဆက်မပြတ်မေးနေသလို သူဌေးကတော် အန်တီကြီးက မျက်ရည်ရစ်ဝိုင်းပြည့်လျှံနေသော မျက်ဝန်းများဖြင့် သူ့ကို တွေတွေကြီး စိုက်ကြည့်နေကာ ငိုချလိုက်တော့မလိုဖြစ်နေတာကို သူ တော်တော် စိတ်ရှုပ်ထွေးလှုပြီ။ ဖြစ်နိုင်လျှင် ကောင်မလေးလည်ပင်းက ဆွဲကြိုးကို ဆွဲဖြုတ်ပြီး ပြေးသွားလိုက်ချင်သည်။ မကြာခဏလည်း သူ လုပ်ဖို့ စိတ်ကူးမိသည်။ ဒါပေမယ့် သူ့လက်တွေကို အံ့သြစရာကောင်းသော စိတ်ခံစားမှုတစ်ခုက ဆွဲဆောင်ညှို့ငင်ထားသည်။ သူ မလုပ်မိသေး။ ဒီမိသားစု သူ့ကို ခေါ်လာတာကိုက ထူးဆန်းနေသည်။ ဘာများပါလိမ့် . . .။

"အဖေ သေပြီဗျ၊ မနှစ်က သေတာ၊ မွေးစားအဖေပါ"

"မင်းရဲ့ မိဘရင်းတွေရော"

"ကျွန်တော် မမှတ်မိတော့ဘူးဗျ၊ ကျွန်တော် လေးနှစ်သားလောက်ဖြစ်မယ်ထင်တယ်၊ အဲဒီကတည်းက မိဘအရင်းတွေနဲ့ ကွဲသွားတာပဲ မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘဝအကြောင်း မင်းမှတ်မိသလောက် ပြောပြပါလားကွာ"

"ဒီ တောင်ကြီးတန်ဆောင်တိုင်ပွဲမှာပျ၊ မိဘတွေနဲ့ ကွဲသွားတာ၊ ကျွန်တော့်ကို မွေးစားအဖေက နယ်အနှံ့ လျှောက်ခေါ်သွားတာ၊ ဒါပဲ မှတ်မိတယ်"

"အမလေး သားရယ်၊ ဟုတ်ပါတယ် ကိုရယ်၊ သူ သူ နှင်းတို့ရဲ့ သားကြီးပါ၊ သားရယ် မေမေတို့ လိုက်ရှာနေခဲ့တာ အနှစ်နှစ်ဆယ် ရှိခဲ့ပါပြီ၊ သားရဲ့ ညာဘက်နားထင်က ဒီအမှတ်ကို မေမေ ကောင်းကောင်းမှတ်မိပါတယ်၊ ဒါ မေမေ့သားပါ"

နှင်းရည်က သားကို ပြုန်းခနဲ ဖက်ထားလိုက်မိလေသည်။ သူ့ခန္ဓာကိုယ်က အတောင့်လိုက်သား အေးစက်လို့။

"မေမေကလည်း၊ ခုချက်ချင်း လမ်းပေါ်မှာတွေ့လိုက်ရတဲ့ ခါးပိုက်နှိုက်တစ်ယောက်ကို အမှတ်ပါတာလေးနဲ့ပဲ မေမေ့သားကြီးလို့ ဇွတ်ယုံပစ်လိုက်ရမှာလား၊ သက်သေအထောက်အထားတွေ ဘာမှမရှိဘူး မေမေ"

သားငယ်က လက်မခံနိုင်သလို ထ,ကန့်ကွက်သည်။ သမီးလည်း သဘောတူဟန်မရ။ နှင်းရည် လက်ကိုင်





အိတ်ထဲမှာ အမြဲဆောင်ထားခဲ့သော ကွန်ပျူတာပန်းချီစာရွက်ကလေးကို ကမန်းကတန်းထုတ်ကာဖြန့်ပြီး စားပွဲပေါ်တင်လိုက်သည်။ လက်တွေက တဖျပ်ဖျပ် တုန်ရင်လို့။

"မေမေက မိခင်ပါ သားရယ်၊ မေမေ့နှလုံးသားထဲက. သေချာနေပါတယ်၊ ဒီမှာ သားကြီး ဒီအရွယ်မှာရှိနေရမယ့်ရုပ်၊ သူနဲ့ တစ်ရုပ်တည်းပါ၊ ဖြစ်မှဖြစ်ရလေ သားကြီးရယ်၊ မေမေ့သားကြီး 'သက်နှင်းဝန်းရံ'ပါ"

နှင်း သူ့ကို တင်းတင်းကြပ်ကြပ်ကြီးပင် ပွေ့ဖက်ထားမိသည်။ သူ့ခန္ဓာကိုယ်က မတုန်မလှုပ် ကျောက်ရုပ်။ 'သက်နှင်းဝန်းရံ' 'လမင်းဝန်းရံ' 'ကြယ်စင်ဝန်းရံ' ဆိုသော သားသမီးသုံးယောက်ကို နှင်း ရင်နှင့်လွယ်ပြီး မွေးခဲ့ရတာပါ။ သားကြီးသက်နှင်းကို အသက်လေးနှစ်အရွယ်မှာ ပျောက်ဆုံး ဆုံးရှုံးခဲ့ရသည်။

"သွေးစစ်ကြည့်လိုက်ရင် DNA စစ်ကြည့်လိုက်ရင် အဖြေပေါ်ပါတယ်ကွာ၊ စစ်ကြည့်လိုက်ရအောင်၊ ဒီလိုကွာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက လေးနှစ်အရွယ် ငါတို့သားအကြီးလေး ဒီတောင်ကြီးတန်ဆောင်တိုင်ပွဲမှာ ပျောက်သွားခဲ့တယ်ကွာ၊ သူ့နာမည်က သက်နှင်းဝန်းရံ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ သူ့ရဲ့ ညာဘက်နားထင်မှာ မြန်မာပြည်မြေပုံလို ခပ်ဆင်ဆင် အမှတ်ဆန်းကလေးတစ်ခုပါတယ်၊ ဒါကြောင့် မင်းကိုတွေ့လိုက်ရတဲ့အချိန်မှာ ငါ့ရဲ့သား များလားလို့ ငါလည်း တော်တော် တုန်လှုပ်သွားခဲ့တာ၊ သားကြီးကို ပြန်တွေ့နိုးနဲ့ နှစ်တိုင်း ဒီပွဲမှာ ပြန်လာရှာ ခဲ့မိတာ၊ အနှစ်နှစ်ဆယ့်ရှိပြီ၊ တစ်နှစ်မှ မပျက်ခဲ့ဘူး၊ ဒီနှစ်ကျမှပဲ မင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံဖြစ်တာ ကွာ၊ ငါတို့နဲ့ ခဏလောက်တော့ လိုက်ခဲ့ပေးပါကွာ၊ ငါတို့သား ဟုတ်မဟုတ် စစ်ဆေးကြည့်ချင်လို့ပါ"

ဦးဝန်းရံက တောင်းပန်သလို လေသံမျိုးဖြင့် ရှင်းလည်းရှင်းပြ တောင်းလည်းတောင်းဆိုလိုက်သည်။

သူ ခေါင်းတစ်ချက်ကုတ်မိသည်။ အနှစ်နှစ်ဆယ် လုံးလုံး လူတကာ၏ကြမ်းတမ်းစွာ ဆက်ဆံသော ဆက်ဆံမှု ပုံစံတစ်မျိုးတည်းသာ သူ ရရှိခဲ့ဖူးသည်။ ကြိမ်းမောင်းရန်လို သံ၊ နှိမ်ချစွပ်စွဲသံ၊ စော်ကားပြစ်တင်သံတွေသာ သူ လက်ခံ ရရှိခဲ့ဖူးသည်။ သူ့ဘဝက ကြမ်းတမ်းဆင်းရဲလွန်းခဲ့သည်။ လူ တစ်ယောက်ဆီက ခုလို နူးညံ့သိမ်မွေ့လွန်းသော ပျော့ပျောင်း စွာ တောင်းပန်ချော့မော့သံမျိုး သူ့ဘဝမှာ တစ်ခါမှ မကြားဖူး





ခဲ့။ ပြီးတော့ အမျိုးသမီးကြီး၏ နက်ရှိုင်းပျောင်းနွဲ့လွန်းသော ကရုဏာလွှမ်းလွန်းသော မျက်ဝန်းတွေကလည်း သူ့ရင်ထဲမှာ ထူးဆန်းနက်နဲသော ကြေကွဲဆို့နစ်ဝေဒနာတစ်မျိုးကို ပေးနိုင် စွမ်းလှသည်။ မိခင်တစ်ယောက်၏ အကြင်နာကြီးလှသော ကရုဏာမျက်ဝန်းတွေ။ သူ ဇဝေဇဝါဖြစ်နေသည်။ တကယ်ပဲ ဒီအမျိုးသမီးကြီးဟာ သူ့ရဲ့ အမေအရင်းလား။ ဒီမိသားစုဟာ သူ့ရဲ့ မိသားစုလား။ သူ မေမေ့ကို အမြဲတမ်း အိပ်မက် မက် ခဲ့ဖူးသည်၊ သူ့အမေဟာ ဒီလောက်တောင်ပဲ ကျက်သရေရှိစွာ လှပချောမောသတဲ့လား။ သူ့မိသားစုဟာ ချမ်းချမ်းသာသာ အဆင့်အတန်းမြင့်မြင့် လူတန်းစားအလွှာကတဲ့လား။ သူ့ကျ တော့ ဘာကြောင့်များ အနှစ်နှစ်ဆယ်လုံးလုံး စုတ်ပြတ်ဆင်း ရဲကြမ်းတမ်းအောက်တန်းကျလှသော ဘဝတစ်ခုမှာ ငရဲကျ ဝဋ်ဆင်းရဲခံခဲ့ရပါသလဲ။ သူ့ဘဝက ဖိုးရိုးတောင်မက အနှုတ် လက္ခဏာတောင် ပြနေသော ဘဝ။ နေထိုင်စရာ အိမ်ရာ အခြေတကျမရှိ။ စားစရာ နပ်မမှန်တဲ့ဘဝ။ ခုလို ကား အကောင်းစားကြီး စီးခွင့်ရဖို့ဆိုတာ အိပ်မက်ထဲတောင် ထည့် မက်ခွင့်မရှိတဲ့ဘဝ။ လူတွေကြည့်လိုက်တော့လည်း တစ်သက် လုံး စည်းစိမ်ကျနစွာ အဆင့်အတန်းမြင့်မြင့် နေထိုင်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



ထားသော လူတန်းစားမျိုး။ အရောင်အဝါတစ်မျိုးက အလိုလို လင်းဖြာထွက်နေတာ။

"ကျွန်တော်က ရပါတယ်၊ လိုက်ခဲ့ဆိုလည်း လိုက်ခဲ့ရုံပေါ့။ အချုပ်ခန်းထက်စာရင်တော့ အားလုံးကောင်းမှာပါ။ ကျွန်တော့်မှာ နေစရာအိမ်လည်း မရှိဘူးဆိုတော့ ဘယ်မှာနေရနေရ ကျွန်တော်က ရတယ်၊ ခက်တာက ကျွန်တော် အခုထက်ထိ ဘာမှမစားရသေးဘူးဗျ၊ ဗိုက်အရမ်းဆာနေပြီ"

" အို . . သားရယ် စားရမှာပေါ့၊ စားချင်တာမှာစား စမ်း၊ ကြိုက်သလောက်သာစားစမ်းပါကွယ်"

ခဏနေတော့ စားပွဲပေါ်မှာ စားစရာတွေ အပြည့်။ သူ့တစ်ကိုယ်လုံး ဖုတ်တစ်ကောင်ဝင်စီးသလို ဝင်းဝင်းတောက်မျက်ဝန်းများဖြင့် အစားအသောက်တွေကို အငမ်းမရ အားပါးတရ စားပါတော့သည်။ မျက်လုံးအဝိုင်းသား တအံ့တသြကြည့်နေသော မိသားစုအားလုံးကို ဂရုမစိုက်နိုင်အား။ အငတ်ငတ်အပြတ်ပြတ်ဖြစ်ခဲ့သမျှ နှစ်ပေါင်းများစွာအတွက် အတိုးချပြီး စားပိုးနင့်မတတ် အန်ထွက်မတတ် ထိုးသိပ်ပြွတ်သွင်းကာ တစ်ယောက်တည်း အလုအယက်စားလေသည်။





ပါးစပ်ထဲမှာ ပလုပ်ပလောင်းတန်းလန်းက လက်က ဟင်းခွက်တွေဆီ နှိုက်နေသည်။ စားပွဲပေါ်မှာ သူစားထားပြီးသမျှ ပန်းကန်တွေ အထပ်လိုက် တောင်ပုံရာပုံ။ အစားနင်ပြီး သူ့မျက်လုံးတွေပင် ပြူးထွက်လာသလို။ စားပွဲတစ်ခုလုံး ပေပွညစ်ပေလျက်။ သူ ဒီလို မစားရတာ ဘယ်လောက်ကြာပြီလဲ။ ကမ္ဘာ့ငရဲလောက်ရောပေါ့။

ဘယ်လိုမှ ထပ်ထည့်၍မရနိုင်တော့မှ သူနှမြောတသစွာ ရပ်လိုက်ရသည်။ ဒါတောင် ညစာအတွက် တချို့ကို သူ့လက်ထဲ ဆုပ်ယူထားခဲ့သည်။ ပြီးမှ သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်လျက်ရှိသော မိသားစုကို သူ တစ်ချက်ပြန်ကြည့်လိုက်သည်။ မျက်ရည်တွေပြည့်လျှမ်းနေသော အမျိုးသမီးကြီး၏ အကြင်နာ ကရုဏာ မျက်ဝန်းတွေကို ရင်ဆိုင်ရတော့ သူ့ရင်ထဲ လှုပ်လှုပ်ခတ်ခတ် တစ်ချက်ဖြစ်သွားခဲ့သည်။ ရီဝေဆို့နစ်ကြေကွဲနာကျင်လျက်ရှိသော အမျိုးသားကြီး၏ မျက်ဝန်းတွေက သူ့နှလုံးသားကို ဆွဲခါပစ်လိုက်သည့်နှယ်။ ကောင်လေးနဲ့ကောင်မလေးရဲ့ အကြည့်တွေကတော့ သူ့ကို လူမှဟုတ်ရဲ့လား၊ ငတ်ကြီးကျလှချည်လားဟူသော ရှက်သလိုလို၊ အထင်သေးသလိုလို ပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ချဝေဖန်သောမျက်ဝန်းတွေ။ လူငယ်တွေပီပီ အဆင့်အတန်းလည်း ခွဲချင်ပုံရလေသည်။ သူက ဂရုမစိုက်ရေးချမစိုက်။ လူတိုင်းရဲ့ အထင်သေး ရှုတ်ချကြည့်တိုင်းကိုသာ သူလိုက်ထိခိုက်နာကျင်ခံစားရမယ်ဆိုလျှင် သူ့မှာ ခံစားစရာနှလုံးသားပင် ကျန်မှာမဟုတ်တော့။

"ကဲ စားပြီးသွားရင် ဆေးခန်းတစ်ခုခုဆီ သွားကြစို့"

"ဆေးခန်းမသွားခင် သူ့ကို ရေမိုးချိုး အဝတ်အစားလဲခိုင်းလိုက်ရင် မကောင်းဘူးလား ကို၊ ဖေနဲ့မေ့အိမ်ကို အရင်သွားလိုက်ကြရအောင်"

"သူ့ကို အဘိုးနဲ့အဘွားအိမ်ကို ခေါ်သွားဦးမလို့ !... ဟာ စိတ်ညစ်လိုက်တာ၊ သွေးစစ်ခိုင်းပြီး ပြန်လွှတ်လိုက်ပေါ့ဗျာ မေမေကလည်း၊ သားတော့ မထင်ပါဘူး၊ သူ သားတို့အစ်ကို ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟုတ်ပ့ါ ... မီးလည်း ကိုကိုနဲ့ တစ်သဘောတည်းပဲ မေမေ"

ကောင်လေးနှင့် ကောင်မလေးက ပြဿနာ ထရှာပြီ။ သူက ကောင်မလေးလည်ပင်းက စိန်လော့ကတ်ကို တော်တော် မျက်စိနောက်နေပြီ။ ဆွဲဖြုတ်ပြီး ပြေးဖို့လောက် သာ





အာရုံကျနေခဲ့သည်။

"နေစမ်းပါဦး သားနဲ့သမီးတို့ရယ်၊ မေမေ့အတွက် သားကြီးကို ပြန်တွေ့ဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာ မင်းတို့ နားမလည်နိုင်ပါဘူး၊ ကိုယ်ချင်းလည်း မစာနိုင်ကြဘူးမှလား၊ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး မိဘတွေနဲ့ကွဲပြီး လမ်းပေါ်မှာ ရုန်းကန်ရှင်သန်ခဲ့ရတဲ့ ကလေးတစ်ယောက်ရဲ့ဘဝကို မင်းတို့ မစာနာနိုင်ကြပါဘူး၊ ကျေးဇူးပြုပြီး မင်းတို့ပါးစပ်ကလေးတွေ ပိတ်ထားပေးကြစမ်းပါကွယ်"


အမျိုးသမီးကြီးက မျက်ရည်စ့တွေ ပါးပြင်ပေါ် သိမ့်ဆင်းလာကာ လေသံခပ်မာမာနှင့်ပြောလိုက်တော့မှ ဟိုနှစ်ကောင် ငြိမ်သွားတော့သည်။ သူကတော့ စားပိုးနင့်ပြီး အိပ်ချင်လာတာပဲ သိတော့သည်။ ကားကြီးက ငြိမ့်ညောင်းလွန်းကာ ဇိမ်ကျလွန်းသည်။ သူ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျသွားခဲ့ပါသည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သူ မြင်ပင်မမြင်ဖူးခဲ့သော
ငါးထောင်တန်အုပ်လိုက်တွေ့တုန်းက
သူ အရမ်းစိတ်လှုပ်ရှားပြီး
ခါးပိုက်နှိုက်ဗီဇကလေးပေါ်လာကာ
ဖျတ်ခနဲကောက်ယူပြီး
သူ့ကိုယ်ထဲဝှက်ထားခဲ့မိသေးသည်။





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၃

သွေးအဖြေတွေရသောအခါ အားလုံး တစ်ထပ်တည်း တူညီနေခဲ့သည်။ အမျိုးသမီးကြီးက သူ့ကို တင်းကြပ်စွာပင် ဖက်ထားပါတော့သည်။ ပြီးတော့ စိတ်လှုပ်ရှားလွန်းစွာ သည်းသည်းထန်ထန်ပင် ရှိုက်ကြီးတငင် ငိုတော့၏။

"အမလေး . . . ဟုတ်ပါတယ်၊ မမေ့သားကြီးလေးပါ၊ သက်နှင်းရယ် . . မမေပျောက်သွားခဲ့ရတဲ့ မမေ့ရဲ့ သားပါ၊ မမေ့ကို ခွဲမသွားပါနဲ့တော့ သားကြီးရယ်၊ မမေတို့နဲ့ လိုက်ခဲ့ပါနော်၊ သားဘဝ ဘယ်လောက်တောင် ကြမ်းတမ်းခဲ့လိုက်မလဲ၊ ဘယ်လိုများ နေထိုင် ပြီး ဘယ်လိုစားသောက်ခဲ့ရသလဲ၊ မမေတို့ လိုက်ရှာနေခဲ့ပါတယ် သားကြီးရယ်၊ သားကြီးဘဝ ခုလောက်ထိ ကြမ်းတမ်းသွားခဲ့တာ မမေ တောင်းပန်ပါတယ်နော်"

အမျိုးသမီးကြီးက သနားစရာကောင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ငိုကြွေးနေသော်လည်း သူ့နှလုံးသားက မာကျောနေခဲ့ပြီ။ သူ အလွယ်တကူ မသနားတတ်တော့။ စိတ်လှုပ်ရှား မခံစားတတ်တော့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ သူမဟာ သူ့အမေဆိုပါလား ဆိုသော အသိကတော့ သူ့စိတ်ကို ခုပ်ကြမ်းကြမ်း လှုပ်ခါနိုင်စွမ်းရှိခဲ့သည်။ သူ ငိုချင်ပါသည်။ သို့သော် ငိုလို့မရ။ သူမကို ပြန်ဖက်ထားချင်ပါသည်။ သို့သော် မဖက်ဖြစ်ခဲ့။ သူမကို "အမေ"ဟု တမ်းတမ်းတတ ခေါ်လိုက်ချင်ပါသည်။ သို့သော် မခေါ်ရဲပြန်။ ဒါဟာ သူ့မိသားစုပါ ဆိုသော အဖြစ်ကို ရုတ်တရက်ကြီး သူ ဘယ်လိုမှ လက်ခံလို့မရ။ ယုံလည်း မယုံနိုင်။ သူ့ခံစားမှုက ဘာနှင့်တူသလဲဆိုတော့ ထီမထိုးထားပါဘဲ ထီပေါက်တယ် .. ဟု လာအပြောခံနေရသလိုပင်။

"ပြောပြပါဦး သားရယ် မင်းရဲ့ဘဝကို၊ မင်း စာရော သင်ခဲ့ရလား"

ဦးဝန်းရှံက ကြေကွဲနာကျင်နေသောအသံဖြင့် ခပ်တိုးတိုးမေးသည်။ အဘိုးနှင့်အဘွားဆိုတာကလည်း မျက်ရည်တစမ်းစမ်း ကတုန်ကယင်ပါ။ သူတို့လည်း မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်ပါ။ ဟိုနှစ်ကောင်ကတော့ ဘယ်လစ်သွားကြမှန်း





မသိ။ ရှောင်နေခဲ့သည် . . .။

ရေကောင်းကောင်းမချိုးရတာ ကြာပြီဖြစ်သော ကြေးညှော်တွေကို နာနာတိုက်ချွတ်ရေချိုးပြီး အမေထုတ်ထားပေးသော ရှပ်အင်္ကျီအသစ် ပုဆိုးအသစ်ဝတ်ထားရတာကို သူ့မှာ မနေတတ်မထိုင်တတ် ခပ်တောင့်တောင့်ကြီး ဖြစ်နေခဲ့သည်။ လူက လန်းဆန်းသစ်လွင်ကာ နေလို့ထိုင်လို့ကောင်းသွားတာ မှန်ပေမယ့် တစ်သက်လုံး ညှင်းသိုးစုတ်ပြတ်စွာ ကြမ်းကြမ်းရမ်းရမ်း နေထိုင်ခဲ့ရတာကို နေသားကျခဲ့ပြီ။

"ကျွန်တော် စာမသင်ခဲ့ရဘူးဗျ၊ ကျောင်းဆိုတာ ဘယ်မှာနေမှန်းတောင် မသိဘူး၊ အဖေနဲ့ နယ်တကာအနှံ့ လျှောက်ပြီး ခါးပိုက်နှိုက်နေခဲ့ရတာ၊ ရတဲ့အခါစား မိတဲ့အခါ အချုပ်ထဲနေပေါ့၊ ကျွန်တော့်ဘဝက ဖြစ်သလို နေခဲ့ရတာ၊ အိပ်တော့လည်း ကြုံရာပဲ ဇရပ်ရှာအိပ်လိုက်တာပဲ"

သူက အမှန်အတိုင်း အရိုးသားဆုံး ပြောပြတာဖြစ်သော်လည်း အမေက ရင်ကျိုးမတတ် ငိုတော့သည်။

"မပြောပါနဲ့တော့ သားရယ်၊ မေမေ့သားဘဝ ကြမ်းလိုက်တာ၊ ခုအချိန်ကစပြီး ဝဋ်ကြွေးတွေ ပြေပြီလို့



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပါ သားရယ်၊ မေမေတို့နဲ့ လိုက်ခဲ့ပါ၊ သား ဘဝကို မေမေတို့ တတ်နိုင်သလောက် အစကနေ ပြန်ပြီး ပြုစုပျိုးထောင်ပါ့မယ်၊ သား ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သားဟာ မေမေတို့သားပါပဲ”

“ငါ့သားကို ငါ ပညာသင်ပေးမှာပေါ့၊ အသက်အရွယ်က အဓိကမဟုတ်ပါဘူးကွာ၊ ကြိုးစားသင်ယူချင်စိတ်က အရေးကြီးတာပါ၊ ခုချိန်ကစပြီး မင်းနေခဲ့ရတဲ့ ဘဝ ဟောင်းကို မေ့ပစ်လိုက်တော့ သား၊ မင်းကိုယ်မင်း အသစ်ပြန်တည်ဆောက်ရမယ်၊ မင်းဟာ သက်နှင်း ဝန်းရံ၊ ဦးဝန်းရံ နဲ့ ဒေါ်နှင်းရည်နှင်းတို့ရဲ့ သားအကြီး၊ မင်းမှာ မောင်နှမ တွေရှိတယ်၊ လမ်းဘေးက ခါးပိုက် နှိုက်တစ်ယောက် မဟုတ်ဘူး၊ ကြားလား ... သား၊ မင်းဘဝ ဘယ်တော့မှ ထပ်ပြီး မဆင်းရဲ မနိမ့်ကျတော့ ပါဘူးကွာ .. နော် သားကြီး”

အဖေဆိုသူက သူ့ပခုံးကို ခပ်တင်းတင်းဆုပ်ပြီး အားပေးစကား ပြောခဲ့သည်။ အဘိုးအဘွားကလည်း သူ့ကို အရိပ်တကြည့်ကြည့်ရှိသည်။ စကားတွေ သိပ်များများ မပြော ကြပေမယ့် အသိအမှတ်တော့ ပြုကြသည်။ ညီနှင့် ညီမတို့က





သိပ်မကျေနပ်လှသော်လည်း ဘာမှတော့ အထွန့်မတက်ရဲကြ။ မျက်လုံးတွေကတော့ အထင်သေးရှုံ့ချရိပ်တွေနှင့် ခပ်စိမ်းစိမ်း။

သူ့ဘဝသူ မယုံနိုင်လောက်အောင် အံ့ဩတုန် လှုပ်မိပေမယ့် သူ့မှာ ရွေးချယ်စရာမှမရှိဘဲ။ လမ်းဘေးမှာ ခါးပိုက်နှိုက်လုပ်နေရသော ဘဝထက်စာလျှင်တော့ ဒီမိသားစု နှင့် လိုက်သွားကာ သူတို့ပြောတဲ့အတိုင်း သူ့ဘဝကို အသစ်ပြန် တည်ဆောက်ဖို့ ကြိုးစားရတာက များစွာပိုပြီး အဓိပ္ပာယ်ရှိပါ လိမ့်မည်။ သူ့ဘဝသူ မောလှပြီ ...။ စက်ဆုပ်လှပြီ ...။ သူ ကောင်းကောင်းနေချင် ကောင်းကောင်းစားချင်ပါသည်။ သူလည်း လူတစ်ယောက်မို့ အဆင့်အတန်းမြင့်မြင့် ချမ်းသာ သော ဘဝအာမခံချက်အပြည့်ရှိသော ဘဝတစ်ခုမှာ လုံခြုံ ငြိမ်းချမ်းစွာ နေချင်သည်ပေါ့။ ထို့ကြောင့် သူ မငြင်းခဲ့ပါ။

◆◆◆◆◆



www.burmeseclassic.com


www.burmeseclassic.com





သူ့ဘဝက နေ့ချင်းညချင်း နတ်ရေကန်ထဲ ခုန်ဆင်းလိုက်သလို တောက်ပြောင်ခမ်းနားသွားခဲ့တာကို အိပ်မက်တစ်ခုလို ယုံပင်မယုံနိုင်။ ရန်ကုန်မြို့မှာ လူကုံထံရပ်ကွက်ရှိ ခြံဝန်းကျယ်ကြီးနှင့် ခမ်းနားလွန်းသော ရဲတိုက်ကြီး တစ်ခုလို ကြီးမားသောတိုက်ကြီးကိုငေးကာ သူ့ကိုယ်သူ ပြန်ဆိတ်ကြည့်ရတာ မကြာခဏ။ ဒါ သူ နေရမည့်အိမ်တဲ့။ သူ့ အတွက် စီစဉ်ပေးထားသော သူ့အခန်းဆိုတာကတောင် ခမ်းနားကျယ်ဝန်းလှသဖြင့် သူ မနေတတ်ပါ။ မွေ့ရာက လှဲချလိုက်လျှင် နစ်အိသွားပြီး ဇိမ်ကျလွန်းသဖြင့် သူ ပြန်တောင်မထချင်။ သူ့အခန်းထဲမှာ တီဗွီအပါးကလေးကစပြီး ရေခဲသေတ္တာအဆုံး အကုန်ရှိသည်။ ဗီရိုထဲမှာ အဝတ်အစားတွေ ချက်ချင်းဖြည့်ပေးထားခဲ့သည်။ သူဝတ်ဖို့ရှူး(စ်)တွေ . . .။ ရေချိုးခန်းက လှဲအိပ်နေချင်စရာကောင်းလောက်အောင် သန့်ပြန့်မွှေးကြိုင်လို့ . . .။ ကမုတ်ပေါ်မှာ သူ မထိုင်တတ်ခဲ့ . . .။



လွန်းထားထား 
(ဆေးတက္ကသိုလ်)

သူ့ဘေးမှာ အမြဲအရိပ်တကြည့်ကြည့်ရှိကာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သူက 'အမေ'ဖြစ်သည်။ ဘာကြောင့်မှန်းမသိ အမေ့ကိုတော့ သူချက်ချင်း ယုံကြည်ရင်းနှီးသွားကာ ချစ်လည်းချစ်သွားခဲ့မိသည်။ သူ့ဘဝတလျှောက် လုံးအိပ်မက်တွေထဲမှာသာ အမေ့ကို တမ်းတလွမ်းမောခဲ့ရတာ မဟုတ်လား . . .။

"သား . . . လိုတာရှိ အမေ့ကိုပြောနော်၊ ဒါ သားရဲ့အိမ်ပဲ၊ သား နေတတ်သလိုနေ၊ ဗိုက်ဆာရင် မီးဖိုခန်းမှာ ချက်ပြုတ်ပေးတဲ့ ထမင်းချက်ဒေါ်ကြီးရှိတယ်၊ သားစားချင်တာပြောပြီး ချက်ခိုင်းရုံပဲ၊ ဘာမှ အားနာစရာမလိုဘူး ဟုတ်ပြီနော်၊ သားသုံးဖို့စွဲဖို့ မေမေ ပိုက်ဆံတွေ ဗီရိုထဲမှာ ထည့်ထားပေးမယ် .. ယူသုံးချည်၊ တစ်ယောက်တည်းတော့ ထွက်မသွားနဲ့ဦး၊ သား မပြန်တတ်မှာစိုးလို့ သွားစရာရှိရင် ဒရိုင်ဘာနဲ့သွား .. နော်"

"ကျွန်တော် နေလို့တောင် မတတ်ဘူးဗျ၊ အိမ်ကြီးကလွတ်ခမ်းနားတာပဲနော်၊ ပစ္စည်းတွေကလည်း အကောင်းစားတွေချည်းပဲ၊ ကျွန်တော် တစ်သက်လုံး ဒီအတိုင်းနေရမှာလားဗျ၊ ကျွန်တော် ယုံတောင် မယုံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေါ့ သားရဲ့၊ ခမေမေတို့နဲ့ တစ်သက်လုံး သား နေရမှာပေါ့၊ သားကို စာသင်ပေးရမယ်၊ ယဉ်ကျေးတဲ့ လူတစ်ယောက်ဖြစ်လာအောင် မေမေ သင်ပေးမယ်၊ သားအတွက် guide တစ်ယောက်လိုတယ်၊ မေမေ ရှာရမယ်၊ မခက်ပါဘူး သားရယ်၊ မေမေ သတင်းစာထဲ ကြော်ငြာထည့်ထားတယ်၊ သားနဲ့အဆင်ပြေမယ့် guide ကို ရွေးကြတာပေါ့"

"ဂိုက်ဆိုတာ ဘာလဲဗျ . . ."

"သားကို စာတတ်အောင် သင်ပေးမယ့် ဆရာပေါ့ သားရဲ့၊ ပြီးတော့ သား စနစ်တကျ နေတတ်စားတတ်၊ ပြောဆိုတတ်အောင် သူက သင်ပေးလိမ့်မယ်"

သူ နားမလည်ပါ။ လူ့ဘဝမှာ ဒီလို လိုတရပြည့်စုံလွန်းသော ဘဝတွေလည်း ရှိနေပါသေးလား။ ဗီရိုထဲမှာ သူမြင်ပင်မမြင်ဖူးခဲ့သော ငါးထောင်တန်အုပ်လိုက်တွေ့တုန်းက သူအရမ်းစိတ်လှုပ်ရှားပြီး ခါးပိုက်နှိုက်ဗီဇကလေးပေါ်လာကာ ဖျတ်ခနဲကောက်ယူပြီး သူ့ကိုယ်ထဲဝှက်ထားခဲ့မိသေးသည်။ ပြီးမှ . . . 'သြော် ဒါ ငါ့ပိုက်ဆံပဲ' ဟု ပြန်သတိရကာ လုံလုံ ခြုံခြုံ ပြန်ထားရသည်။





တကယ်တမ်းပြောရလျှင် ဟိုးအောက်ဆုံးအလွှာကနေလာခဲ့သောသူ့အဖို့ ဒီလောက်မြင့်မားလွန်းသော အလွှာမှာ ရုတ်တရက် နေသားတကျမဖြစ်နိုင်။ စရိုက်ချင်းက ရက်ရက်စက်စက် ကွာဟခြားနားလွန်းနေခဲ့သည်။ အထူးသဖြင့် မိသားစုထမင်းစားချိန်တွင် သူ့ကိုကြည့်သော ညီနှင့်ညီမ၏ မျက်ဝန်းတွေက အထင်သေးရှုံ့ချရိပ်တွေလွှမ်းနေလောက်အောင်ပင် သူကလည်း အငမ်းမရ အလုအယက် လောဘတကြီး စားသောက်တတ်သည်။ ပါးစပ်ထဲမှာ ပလုတ်ပလောင်း စားပွဲပေါ်မှာ ပေပွပေရေ၊ ပါးစပ်က တဗြတ်ဗြတ်အသံတွေ ထွက်နေတတ်ကာ အနောက်ကနေ လူလိုက်လာသလို တစ်ယောက်တည်း လုယက်စားသောက်တတ်တာကို သူတို့ အရမ်းစိတ်ပျက်လက်ပျက်ဖြစ်ကြသည်။ ရွံရှာကြပုံလည်း ပေါ်သည်။

"အစ်ကိုကလည်း ဖြည်းဖြည်း ဣန္ဒြေရရစားလေ၊ တစ်ယောက်တည်း လုစားနေတယ်၊ ရှက်ဖို့ကောင်းလိုက်တာ"

ဟု . . . ညီမက ခပ်ဆောင့်ဆောင့်ပြောတတ်သည်။ ညီက ခေါင်းတရမ်းရမ်းနှင့် စားပွဲကနေ ထ,ထွက်သွားတတ်သည်။ အဖေနှင့်အမေက ဘာမှမပြောကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စိတ်ထိခိုက်နာကျင်စွာ ခံစားနေရသောမျက်နှာတွေနှင့်။ သူ ဘာတတ်နိုင်မှာလဲ။ တစ်သက်လုံး ကြမ်းတမ်းတဲ့စရိုက်နဲ့ ခေါက်ရိုးကျိုးနေခဲ့ပြီးသားလေ။ နေချင်သလိုနေ စားချင်သလိုစားတတ်တာကို မပြင်တတ်တော့။

"သားအတွက် guide ရှာပေးဖို့ မနက်ဖြန် interview ခေါ်ထားတယ်၊ အဆင်ပြေမှာပါကွယ်"

ဟု အမေက ညင်ညင်သာသာ ပြောခဲ့သည်။ သူကတော့ သိပ်ပြီး စိတ်ဝင်စားလှသည်မဟုတ်။

♦♦♦♦♦





"သမီးနာမည်က 'ယုယပိုက်ထွေး' တဲ့လား၊ ချစ်စရာကောင်းလိုက်တဲ့ နာမည်လေးပဲ၊ CV ထဲမှာတော့ ပါပြီးသားပါ၊ ဒါပေမယ့် သမီးအကြောင်း နည်းနည်းပြန်ပြောပြပါလား"

အင်တာဗျူးသည့်အလုပ်ရှင်အန်တီနှင့်အတူ ရွယ်တူလောက်ရှိမည့် လူငယ်တစ်ယောက် မှုန်တေတေမျက်နှာထားနှင့် မျက်လုံးတွေက ဂဏှာမငြိမ်ဘဲ ဟိုဒီကြည့်ကာ ကျီးကန်းတောင်းမှောက်ရှိလှတာကို သတိထားမိသည်။ သူ့အကြည့်တွေက မယဉ်ကျေးလှပါ။ ဘုရားရေ . . . ဘယ့်နှယ်လူပါလိမ့်။ စာသင်ပေးရမယ့်သူက သူဆိုရင်တော့ သေပြီ ဆရာ။ ပိုက်ထွေးက မျက်နှာကလေးကို အချိုဆုံး ပြုံးလိုက် ရင်း. . .

"ကျွန်မ စိတ်ပညာနဲ့ ကျောင်းပြီးထားပြီးသားပါရှင်၊ အခု YUFL မှာ အင်္ဂလိပ်စာ ဆက်တက်နေပါတယ်၊ စာသင်ပေးရတဲ့အလုပ်ကို ဝါသနာလည်းပါသလို အချိန်ပိုင်းအလုပ်ကလေးလည်း ရှိထားချင်လို့ပါ၊ ကျွန်မ စာသင်ပေးရမယ့်ကလေးက ? . . ."



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ကသင်္ချိုင်းအားပြုစားခဲ့သော်

ထိုလူက ဟိုးခနဲ တစ်ချက်ရယ်သံထွက်လာတော့ အမြင်ကတ်သွားမိသည်။ ဘယ်လိုလူလဲ . . မုန်းဖို့ကောင်းလိုက်တာ။ အန်တီက ယဉ်ကျေးသိမ်မွေ့သလောက် သူ့အမူအရာ မျက်နှာပေးက ရိုင်းသည့်ဘက်တောင် ရောက်နေသည်။ ဣန္ဒြေလည်းမရ။ မျက်လုံးတွေက ပိုက်ထွေးတစ်ကိုယ်လုံးဆီ တောင်ကြည့်မြောက်ကြည့်နှင့်ပါ . . .။

"သမီး သင်ပေးရမှာက ကလေးမဟုတ်ဘူး သမီးရဲ့ အန်တီ့သားပါ။ အကြောင်းကြောင်းကြောင့် အန်တီတို့ ကွဲသွားခဲ့တာ ခုမှ ပြန်တွေ့ရတာ ဆိုပါတော့၊ သားက စာလုံးဝမတတ်ရှာဘူး၊ အဲဒါကို အစ,ကနေပြီး သူငယ်တန်းကစပြီး ပြန်သင်ပေးရမှာပါ။ စာရေးတတ် ဖတ်တတ်လာတဲ့အထိရယ်၊ အနေအထိုင် အပြုအမူ အပြောအဆို အားလုံး ယဉ်ကျေးသိမ်မွေ့လာအောင် သမီးကပဲ စိတ်ရှည်လက်ရှည် တာဝန်ယူပြီး သင်ပေးရမှာပါ"

ပိုက်ထွေးတော့ ချက်ချင်းထွက်ပြေးချင်စိတ်ပင် ပေါက်သွားပါသည်။ အလုပ်လျှောက်မိတာ မှားပြီ။

"မြန်မာစာရယ်၊ သင်္ချာရယ်၊ အင်္ဂလိပ်စာရယ်၊ Personal Grooming ရယ်ပေါ့ သမီးရယ်၊ သမီး တာဝန်ယူ





နိုင်ပါ့မလား"

"အဲ . . ဟို . . မဖြစ်ဘူး ထင်ပါရဲ့ အန်တီ၊ ကျွန်မ ထင်ထားတာက ကလေးတစ်ယောက်ကို စာသင်ပေးရမယ်လို့ ထင်ခဲ့တာပါ"

"အမေ . . ကျွန်တော် သူနဲ့ပဲ သင်မယ်ဗျ၊ သူ့ကိုကြိုက်တယ်၊ ချောတယ်ဗျ"

ရုတ်တရက် သူ့ဆီမှ စောင့်စည်းထိန်းချုပ်မှု မရှိသော စကားလုံးတွေထွက်လာသောကြောင့် ပိုက်ထွေး ထောင်းခနဲ စိတ်တိုသွားကာ သူ့ဆီ ဆတ်ခနဲကြည့်လိုက်မိကာ မျက်ခုံးတွေ ရှုံ့သွားခဲ့သည်။

"သမီး ပြန်စဉ်းစားပါဦးကွယ်၊ သမီး တောင်းသလောက် လခ အန်တီပေးပါ့မယ်၊ သားကို စာသင်ပေးစေချင်တယ်၊ သမီးအတွက် ခက်ခဲမယ်ဆိုတာ အန်တီသိပါတယ်၊ ဒါပေမယ့် ဒါကို စိန်ခေါ်မှုတစ်ခုလို သဘောထားပြီး သင်ပေးပါလားကွယ်"

ခပ်ယဲ့ယဲ့ တောင်းဆိုလိုက်သော ထိုအန်တီ့စကားကြောင့် ပိုက်ထွေး နည်းနည်းတော့ အားနာသွားပါသည်။ အလုပ်ကို လိုချင်လို့ကို လာလျှောက်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





ပိုက်ထွေးအတွက် MBA ဆက်တက်ဖို့ ကျောင်းစရိတ်လိုနေသည်လေ။ မိဘတွေဆီကနေ လက်ဖြန့်ခံမတောင်းချင်။ ကိုယ့်ကျောင်းစရိတ် ကိုယ့်ဘာသာရှာဖွေစုဆောင်းပြီးမှ သင်ချင်သောပညာကို ဆက်သင်ချင်သည်။ YUFL တက်ဖို့လည်း ဒီလိုပဲ အလုပ်လုပ်ပြီး ပိုက်ဆံစုခဲ့ရတာဖြစ်သည်။

"မဖြစ်နိုင်ဘူးလို့ထင်ရတဲ့အရာတစ်ခုကို ဖြစ်အောင်လုပ်ပြချင်တာ သမီးအတွက် စိန်ခေါ်မှုတစ်ခုပါလို့ သမီးရဲ့ CV ထဲမှာ သမီးလက်ခံကျင့်သုံးလေ့ရှိတဲ့ motto အဖြစ် ရေးထားခဲ့တယ်လေ၊ ဒီအသက်အရွယ်ရှိတဲ့ လူငယ်တစ်ယောက် . . . သူ စာသင်ခွင့်မရခဲ့ဘူး၊ မိဘတွေနဲ့ အသက်လေးနှစ်အရွယ်ကတည်းက ကွဲကွာသွားခဲ့ပြီး အနှစ်နှစ်ဆယ်လုံးလုံး လေလွင့်ခဲ့ရတယ်၊ လမ်းမပေါ်မှာ ကြမ်းတမ်းခက်ခဲတဲ့ ဘဝတစ်ခုကို ဖြတ်သန်းခဲ့ရတယ်၊ အဲ့ဒီလူငယ်လေးတစ်ယောက်ကို စာတတ်လာအောင် . . . သူ့ပတ်ဝန်းကျင်အသစ်နဲ့ အံဝင်ခွင်ကျ ပြုမူနေထိုင်တတ်လာအောင် သင်ပေးရမယ့် အလုပ်ဟာ မဖြစ်နိုင်ဘူးလို့ ထင်ရပေမယ့် ဖြစ်အောင်လုပ်မပြချင်ဘူးလားဟင်၊ စိန်ခေါ်မှုတစ်ခုကို လက်မခံ





ချင်ဘူးလား"

အန်တီက စကားလုံးတွေနှင့် ပိုက်ထွေးကို ဖြားယောင်းသိမ်းသွင်းလျက်ရှိသည်။ ပိုက်ထွေး သူ့ကို တစ်ချက်ပြန်ကြည့်မိသည်။ မျက်နှာက ထောင့်မကျိုးသော မျက်နှာပေး။ ဒါပေမယ့် အန်တီပြောပြလိုက်သော စကားထဲကနေ သူ့ဘဝအကြောင်းကို တစ်စိတ်တစ်ဒေသ သိခွင့်ရသွားခဲ့သည်မို့ စိတ်ဝင်တစားတော့ ရှိသွားခဲ့သည်။ စိတ်ပညာကို စိတ်ဝင်စားခဲ့သူမို့ ငယ်ငယ်ကလေးကတည်းက မိဘတွေနှင့် ကွဲသွားခဲ့သော သူ့စိတ်ထဲမှာ ဘယ်လောက်နက်ရှိုင်းသည့် ဒဏ်ရာတစ်ခု စွဲထင်နေခဲ့မလဲဆိုတာကို သိချင်လာခဲ့သည်။ သူ ဒါကြောင့် စရိုက်ကြမ်း နေခဲ့တာကိုး။

"ဟုတ်ကဲ့ . . . အန်တီ၊ စိန်ခေါ်မှုကို ကျွန်မ လက်ခံပါတယ်"

"အိုး . . . ဒီလိုမှပေါ့ သမီးရယ်၊ ကျေးဇူးတင်လိုက်တာ၊ အင်တာဗျူး လာတွေ့တဲ့သူ သုံးယောက်ထဲမှာ သမီးကို အန်တီ သဘောအကျဆုံးပဲ၊ သားကို စိတ်တိုင်းကျ ပြုပြင်ပြောင်းလဲပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ကွယ်၊ မနက်ဖြန် စ,ကြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com






ပိုက်ထွေး ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။ သူ့မ၏ စိန်ခေါ်မှုကြီးက အားပါးတရပြုံးလို့ စိုက်ကြည့်နေခဲ့သည်။

◆◆◆◆◆





## အပိုင်း – ၄



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ငယ်ငယ်တုန်းက
စာအရမ်းသင်ချင်ခဲ့တယ်၊
အဖေက ကျောင်းမထားဘူး၊
ကျွန်တော့်ဘဝက
လမ်းမပေါ်မှာ
ပြေးလွှားရုန်းကန်နေရတဲ့ဘဝလေ"






www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း - ၄

အခန်းကလေးက တိတ်တိတ်ဆိတ်ဆိတ်။ သူ့ရင်ထဲမှာတော့ လုံးဝ မတိတ်ဆိတ်နိုင်ဘဲ ဝုန်းဒိုင်းကျဲ ဆူညံလှုပ်ရှားနေခဲ့ပါသည်။ သူ့စိတ်တွေတစ်ခါမှ အခုလောက် ကစဉ့်ကလျား မလှုပ်ရှားဖူးခဲ့။ မိန်းမတစ်ယောက်ကို သူ့နှလုံးသားဖြင့် တစ်ခါမှ မဖတ်တတ်ဖူးခဲ့။ မိန်းမတစ်ယောက်ကိုမြင်လျှင် သူစိတ်ဝင်စားသည်မှာ လွယ်ထားသောအိတ်ထဲမှ ပိုက်ဆံအိတ်ရယ်၊ လည်ပင်းက ဆွဲကြိုးရယ် . . ဒါပဲ။ အဲဒါထက်ပိုပြီး အဲဒီမိန်းမ လှသလား ချောသလား စိတ်ဝင်စားစရာကောင်းသလားဆိုတာတွေ သူ မသိ။ သူနှင့်မဆိုင်။

"ယုယပိုက်ထွေး" . . . ဒီမိန်းကလေးက သူ့ဘဝမှာ ပထမဆုံး သတိထားခဲ့မိသောမိန်းကလေးပါ။ နက်ရှှန်းသော မျက်ဝန်းရွဲကြီးတွေနှင့် သူ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်တိုင်း သူ့နှလုံးသားတွေ ကျွမ်းထိုးမှောက်ခုံ ပြောင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်မှာ ပထမဆုံး စ,တွေ့ကတည်းက။ ဒါကြောင့် သူမကိုပဲ ငှားဖြစ်အောင် အမေ့ကို ကပျာကယာ ဝင်ပြောလိုက်မိသေးသည်။ ဖူးပြည့်လှပသော နှုတ်ခမ်းနှစ်လွှာကို သူငေးကြည့်နေမိလျှင် သူ့ ရင်ထဲမှာ ပြောမပြတတ်သော .. ထူးဆန်းသော ဝေဒနာတစ်မျိုးကို ခံစားရသည်။ သူမနှင့် ညနေတိုင်း စာသင့်ရတော့မည့် အဖြစ်သည် သူ့ဘဝအတွက် စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးသော အတွေ့အကြုံဆန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ဒီနေ့ သူ့ကိုယ်သူ အတောက်ပဆုံး .. အမွှေးပျံ့ဆုံးဖြစ်အောင် စိတ်တိုင်းကျ အလှတွေပြင်ထားခဲ့ပြီး သူမအလာကို ရင်ခုန်စွာ မျှော်လင့်စောင့်စားနေခဲ့သည်။ သူ့ကိုမြင်တော့ သူမမျက်ခုံးတွေ ပင့်ခနဲ တက်သွားတာကို သူသတိထားလိုက်မိသေးသည်။ တကယ်တော့ ဒီအဝတ်တွေက သူ့အဝတ်တွေမဟုတ်။ ညီလေးအခန်းထဲ ခိုးဝင်ပြီး ဒီကောင့် ဗီရိုထဲက အတောက်ပဆုံး ပိုးရှပ်နီညိုရောင်နှင့် ဘောင်းဘီအနက်ရောင်ကို သွားခိုးယူထားကာ ဝတ်ထားခဲ့ခြင်းဖြစ်သည်။ နာရီကလည်း ညီလေးနာရီ၊ ရေမွှေးတွေဘာတွေတောင် ဆွက်ခဲ့သေးသည်။ ဒီကောင် အိမ်မှာမရှိ၊ ကျောင်းသွားတက်နေချိန်မှာ သူ စိမ်ပြေနပြေဖွကာ စိတ်တိုင်းကျ လိုချင်တာတွေယူ





ထားခဲ့ခြင်းဖြစ်သည်။

"ကဲ . . . ပထမဆုံးနေ့မှာ ကျွန်မ လိုချင်တဲ့ စည်းကမ်းကလေးတွေ ပြောထားလိုက်ရအောင်၊ ကျွန်မရဲ့ စည်းကမ်းတွေကို ရှင်လိုက်နာနိုင်မှ ကျွန်မ ရှင့်ကို စာဆက်သင်ပေးနိုင်မယ်၊ ကျွန်မ မကြိုက်တဲ့ စည်းကမ်းတစ်ခုခုကို ရှင် ချိုးဖောက်တာနဲ့ ကျွန်မ ရှင့်ကို စာလုံးဝ ဆက်မသင်ပေးနိုင်ဘူး . . . ဟုတ်ပြီနော်၊ ဘယ်လိုလဲ ရှင်လိုက်နာမှာလား"

"အင်း . . ."

သူ့မျက်လုံးတွေက သူမဆီကနေ မခွာနိုင်တော့။ စူးစူးရဲရဲ အငမ်းမရပင် စိုက်ကြည့်မိသည်။

"ပထမဆုံး စည်းကမ်းက ရှင့်မျက်လုံးတွေ ယဉ်ကျေးဖို့ပဲ၊ လူတစ်ယောက်ကို ပြူးပြဲနေအောင် အငမ်းမရ စိုက်ကြည့်တတ်တာ၊ မျက်လုံးတွေက ဂဏှာမငြိမ်ဘဲ ကျိုးကန်းတောင်းမှောက် မျက်လုံးကစားတတ်လွန်းတာကို ရှင် ရှောင်ရမယ်၊ ကျွန်မက ရှင့်ကို စာသင်ပေးမယ့် ဆရာမ ဖြစ်နေပြီ၊ ရှင့်အသက် ဘယ်လောက် . . ."

"နှစ်ဆယ့်လေး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်ထက် လပိုင်း အသက်ကြီးတယ်၊ အဲဒီတော့ ကျွန်မကို လေးစားရမယ်၊ အထူးသဖြင့် မပြစ်မှားရဘူး၊ မပိုးပန်းရဘူး၊ ဘယ့်နှယ်လဲ၊ ရှင် လိုက်နာနိုင်မလား"

"အင်း . . ."

"ကျွန်မကို စူးစူးရဲရဲစိုက်ကြည့်တာ ကျွန်မ မကြိုက်ဘူး၊ ကျွန်မနဲ့ဆုံရင် မျက်လုံးကို တစ်နေရာကို လွှဲထား"

"လုံးဝ မကြည့်ရဘူးလား"

"လုံးဝ မကြည့်ရဘူး"

"ခိုးကြည့်ရင်ကော ?"

သူ ကပျာကယာ အထွန့်တက်မိသည်။ သူမကို လုံးဝမကြည့်ဘဲ နေမှ မနေနိုင်တာ။

"ကျွန်မ မသိရင် ကိစ္စမရှိဘူး၊ ကျွန်မ သိသွားရင် ရှင် အပြစ်ပေးခံရမယ်"

"ဘယ်လို အပြစ်ပေးမှာလဲ"

"စာတွေ အများကြီး ပိုရေးခိုင်းမှာ၊ ညစာ လုံးဝ မစားခိုင်းမှာ . . . စသဖြင့် ကျွန်မ စိတ်ကူးပေါ်လာသလိုပေါ့"





"နောက်တစ်ခုက ကျွန်မနဲ့ စာသင်တဲ့အခါ အကျႌဘောင်းဘီအသစ်တွေ ဝတ်ထားဖို့ မလိုဘူး၊ အိမ်နေရင်း တီရှပ်နဲ့ပုဆိုးဖြစ်ဖြစ် ဂျင်း(န်)ဖြစ်ဖြစ် ဝတ်ထားရင် ရပြီ၊ ရေမွှေးနံ့ကို ကျွန်မ မခံနိုင်ဘူး၊ တော်ရုံ ချွေးနံ့ပျောက်ရုံဟာလောက်ပဲ နည်းနည်းဆွတ်ရင်ရပြီ"

သူ ခွီးခနဲ ရယ်လိုက်မိတော့ သူမက မျက်မှောင်ကြုတ်ကာ ကြည့်သည်။

"အဲဒီလို ရယ်တာ ကျွန်မ မကြိုက်ဘူး၊ မရယ်နဲ့"

သူ ချက်ချင်း မျက်နှာပိုးသတ်ရသည်။ ဘာကြောင့်မှန်းမသိ . . သူ့စရိုက်ဖြစ်သော ကလန်ကဆန်လုပ်ချင်စိတ်၊ အရွဲ့တိုက်ချင်စိတ်၊ အာခံလိုစိတ်၊ ဂျစ်ကန်ကန် ပြန်ပြောချင်စိတ်တွေသည် သူမနှင့်ပတ်သက်လျှင် ထူးဆန်းစွာ ငုပ်လျှိုးလို့နေခဲ့သည်။ သူမ စိတ်ဆိုးငြိုငြင်ပြီး အလုပ်ထွက်သွားမှာကို စိုးရိမ်စိတ်က သူ့နှလုံးသားကို လွှမ်းခြုံအုပ်မိုးထားသည်။ သူမ၏ စည်းကမ်းတွေကို အမိန့်တစ်ခုလို နာခံဖို့ သူ အဆင်သင့်ဖြစ်နေမိကာ အလိုလို ကျိုးနွံနေခဲ့သည်။ သူ စိတ်လှုပ်ရှားလာလျှင် ဒူးကို အလိုလိုနှန့်နေတတ်သည်မို့ ဒူးတဆတ်ဆတ်နှန့်ရင်း သူမကို မကြည့်မိအောင် ခေါင်းကိုငုံ့ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူက လျှင်ပြီးသားပါ။ သူမ လစ်တာနှင့် ခိုးကြည့်ဖို့ စိတ်ကူးထားပြီးသား။

"ဒူးမနှန့်နဲ့ . . ကျွန်မ မကြိုက်ဘူး"

သူမ စကားသံကြောင့် သူ့ဒူးက တိခနဲ ရပ်သွားခဲ့ရသည်။

"ကျွန်မက မနက်ပိုင်းဆို YUFL မှာ အင်္ဂလိပ်စာဒီပလိုမာ အတွက် သွားတက်ရတယ်၊ ကျောင်းဆင်းတာနဲ့ ရှင့် ဆီလာပြီး စာသင်ပေးရမှာ၊ တစ်နေ့ကိုနှစ်နာရီ သင်မယ်၊ မြန်မာစာရယ်၊ အင်္ဂလိပ်စာရယ်၊ သင်္ချာရယ်ပေါ့၊ သူငယ်တန်းစာ့ကနေစပြီး သင်သွားပေးမယ်၊ သင်ရိုးကုန်ရင် စာမေးပွဲစစ်ပေးပြီး အတန်းတက်တက်ပေးသွားမယ်၊ ဟုတ်ပြီနော်၊ ကျွန်မ စာအုပ်တွေ ဝယ်လာခဲ့ပြီ၊ ရှင်ရေးဖို့ လက်ရေးလှစာအုပ်တွေလည်း ပါတယ်၊ စာကို ကြိုးစားပြီး သင်စေချင်တယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ စာမတတ်ရင် လူရာမဝင်ဘူး၊ ရှက်စရာကောင်းတယ်၊ စာတတ်မှ စဉ်းစားဆင်ခြင်နိုင်စွမ်းလည်း ပိုမြင့်တက်လာမယ်၊ လူလည်း ပိုယဉ်ကျေးလာမယ်"

သူမပြောသမျှကို သူ သေချာအာရုံစိုက်ကာ နား





ထောင်နေခဲ့သည်။ သူမကို အထင်ကြီးမိတဲ့စိတ်တွေက သူ့ရင်ထဲသို့ တစိမ့်စိမ့်စီးဝင်လာခဲ့သည်။ ပညာတတ် မိန်းမချောကလေးတစ်ယောက်။ ဉာဏ်ပညာထက်မြက်ပြီး ဣန္ဒြေသိက္ခာနှင့်ပြည့်စုံလှတာက အရှိန်အဝါတစ်ခုလို ဖြစ်နေသည်။ အဲဒီအရှိန်အဝါကြောင့် သူကတော့ အလိုလို သေးနုပ်နှံ့ချာသွားသလို ခံစားမိသည်။ သူ့ကို သူမ အထင်မသေးစေချင်။ သူမ် အထင်ကြီးလေးစားအောင် သူနေပြချင်သည်။ ထိုအချိန်မှာ တံခါးခေါက်သံကြားရသည်။

"ဝင်ခဲ့ပါ . . ."

သူမက အသံပေးလိုက်သည်။ သူ လှည့်ကြည့်လိုက်တော့ ဒေါသတွေနှင့်သီးနေသော မျက်နှာနှင့် သူ့ညီကြယ်စင် . . .။ သူ့ကို မီးလျှံလို တောက်ပလောင်ကျွမ်းနေသော မျက်ဝန်းများဖြင့် စူးစူးရဲရဲကြည့်ကာ . . .

"ဆရာမ ကျွန်တော့်ကို ခဏလေးခွင့်ပြုပါဗျာ၊ အစ်ကို . . ခင်ဗျား ကျွန်တော့်အခန်းထဲ ဝင်မွှေပြီး ကျွန်တော့်အင်္ကျီအဝတ်အစားတွေနဲ့ နာရီ ဝင်ယူသွားတယ်၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် စည်းကမ်းတကျ ရှိစေချင်တယ်၊ ခုချက်ချင်း ကျွန်တော့် အဝတ်အစားတွေ ပြန်ချွတ်ပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ကျွန်တော်မရှိတဲ့အချိန် ကျွန်တော့် အခန်းထဲ လုံးဝမဝင်ပါနဲ့၊ ကျွန်တော် မကြိုက်ဘူး"

"ဘာလဲကွ . . . မင်းကလည်း၊ ငါ ခဏယူဝတ်တာကို"

သူမရှေ့မှာ ရုတ်တရက် လာအပြောခံလိုက်ရသဖြင့် သူ မရှက်စဖူး ရှက်သွားခဲ့မိသည်။ သူမဆီ ဖျတ်ခနဲ ခိုးကြည့်မိတော့ သူ့ကို စိုက်ကြည့်နေသော မျက်ဝန်းစူးစူးနက်နက်တစ်စုံကြောင့် သူ့ရင်ထဲ ဒိန်းခနဲ ခုန်သွားရသည်။

"နောက်ထပ်စည်းကမ်းတစ်ခုက သူများပစ္စည်းကို သူများမသိအောင် မယူရဘူး၊ ခုချက်ချင်း သွားပြန်ချွတ်ပေးလိုက်၊ ကျွန်မစောင့်မယ်၊ အဝတ်အစားလဲပြီး ပြန်လာခဲ့ပါ"

သူ ချက်ချင်း ကျိုးနွံနာခံစွာပင် သွားချွတ်လဲပေးလိုက်သည်။ သူမ ငါ့ကို အထင်များသေးသွားပြီလား ဟု စိုးရိမ်စိတ်ဖြင့် ရင်တဖိုဖို။ အခန်းထဲ သူ ပြန်ဝင်လာချိန်မှာ သူမနှင့်ကြယ်စင် စကားတွေ ဖောင်ဖွဲ့ပြောလျက်ရှိတာကို တအံ့တဩ တွေ့ရပါသည်။ ကြည့်စမ်း . . . သူမ ပြုံးနေလိုက်တာ။ ကြယ်စင့်ကိုကြည့်သော မျက်ဝန်းတွေကလည်း တလေးတစား အထင်တကြီးရှိလိုက်တာ။ သူ့ကိုကြည့်လျှင် မျက်မှောင်





ကြုတ်ကာ ကြည့်တတ်သူက ကြယ်စင့်ကို ကြည့်တော့ မျက်ခုံးကလေးတွေပင့်လို့။ သူ့ရင်ထဲသို့ မနာလိုဝန်တိုစိတ်က ဖြုန်းခနဲ ဝင်ရောက်လာသည်။

"ဒီမှာကြယ်စင်၊ မင်းကိုလည်း ငါ ပြန်စည်းကမ်းထုတ်ရဦးမယ်၊ ငါ့စာသင်ခန်းထဲကို ငါခွင့်မပြုဘဲ ဝင်မလာနဲ့ကွ၊ ငါ မကြိုက်ဘူး"

ကြယ်စင်က သူ့ကို လုံးဝ အရေးမလုပ်ဘဲ သူမကိုသာ ရွှန်းရွှန်းစားစားကြည့်ပြီး နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားခဲ့သည် . . .

"ကဲ . . . စာ စသင်ရအောင်"

သူမ၏ အသံကလေးက ချိုမြလွန်းပါသည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ငယ်ငယ်တုန်းက စာအရမ်းသင်ချင်ခဲ့တယ်၊ အဖေက ကျောင်းမထားဘူး၊ ကျွန်တော့်ဘဝက လမ်းမပေါ်မှာ ပြေးလွှားရှန်းကန်နေရတဲ့ဘဝလေ"

"ဘာအလုပ်မို့လို့လဲရှင်"

သူမက စိတ်ဝင်တစား ပြန်မေးတတ်လျှင် သူ့ဘဝအကြောင်းတွေ သူ့ရင်တွင်းခံစားချက်တွေကို သူမဆီမှာ တိုင်တည်ဖွင့်ဟဖို့ သူ ဝန်မလေးခဲ့တော့ချေ။ သူမနှင့် စာသင်ရသောအချိန်တွေသည် သူ့အတွက် ဘာနှင့်မှ မလဲလှယ်နိုင်သော သူ တန်ဖိုးထား မက်မောလွန်းသော အချိန်တွေဖြစ်လာခဲ့သည်။ တစ်နေ့တစ်နေ့ စာသင်ချိန်ရောက်ဖို့ကိုပဲ သူ့မှာ မျှော်လင့်ရတာအမော။ ညနေပိုင်းရောက်ပြီဆိုတာနှင့် သူ ဂဏှာမငြိမ်နိုင်တော့။ ခြံဝထွက်ထွက်ပြီး မျှော်ရတာ အလုပ်တစ်ခုကို ဖြစ်လို့။ သူမ သင်ပေးသမျှ စာတွေကိုလည်း သူ ကြိုးကြိုးစားစား လိုက်နာသင်ယူရင်းက စာသင်ရတာကို သူ ပိုပြီး စိတ်ဝင်တစား ဖြစ်လာခဲ့ရသည်။ စာလုံးလေးတွေ ဝိုင်းနေအောင် စာမျက်နှာပြည့်ရေးပြီးလျှင် သူမဆီက 'ရှင်ကတော်သားပဲ' ဆိုတဲ့





မှတ်ချက်ကလေး ရလိုက်လျှင်ပဲ သူ့မှာ ပျော်ရွှင်ပီတိ ဖြစ်မဆုံး။ ပြီးတော့ စာမျက်နှာအောက်ခြေမှာ ပြုံးနေသော ဝလုံး ခပ်ကြီးကြီးလေးဆွဲပေးတတ်တာကို သူ အရမ်းပျော်သည်။

"ရှင်က ဉာဏ်ကောင်းသားပဲ၊ တစ်ခါသင်ရင် ချက်ချင်းမှတ်မိတယ်၊ ဒီပုံအတိုင်းဆို ခဏလေးနဲ့ ရှင် ရေးတတ်ဖတ်တတ်သွားမှာ၊ စာလုံးတွေကို ပေါင်းပြီး ဖတ်နိုင်အောင် ကြိုးစားနော်၊ ဘာစာပဲဖြစ်ဖြစ် ပေါင်းဖတ်ကြည့်၊ မသိတာရှိရင် ကျွန်မကို ပြန်မေးလို့ရတယ် . . သိလား"

ဟု သူမက အားတက်သရောရှိခဲ့သည်။ တစ်ခါတရံ စာရေးနေရင်း သူ့ဘဝအကြောင်းကလေးတွေ ပြန်ပြောပြဖို့ ညင်ညင်သာသာ တောင်းဆိုတတ်သည်။

"ခါးပိုက်နှိုက်အလုပ်လေ"

သူ့အဖြေကြောင့် သူမက သူ့ကို ကြောက်လန့်သွားသလို ပခုံးကလေးတွန့်ပြသည်။

"တစ်ခါတစ်လေ ရှင့်ဘဝအကြောင်းကို ကျွန်မ တွေးကြည့်မိရင် အရမ်း ရင်နာမိတယ် သိလား၊ အသက်လေးနှစ်သားကလေးလေးတစ်ယောက် မိဘတွေနဲ့ ကွဲသွားတဲ့အချိန်မှာ ဘယ်လောက် စိတ်အားငယ်ကြောက်ရွံ့ရှာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဩော် . . . ရှင်က ခါးပိုက်နှိုက်လက်ထဲ ရောက်သွားခဲ့တာကိုး၊ သူက ရှင့်ကိုရော နှိပ်စက်ညှဉ်းပန်းခဲ့သေးလားဟင်"

"အဖေလား၊ နှိပ်တော့မစက်ပါဘူး၊ အဖေက ကျွန်တော့်ကို သူ့သားလိုပဲ၊ ဒါပေမယ့် သူခိုင်းတာ မအောင်မြင်ရင်နာရင်းအုပ်တာ ကန်ကျောက်တာတော့ လုပ်တာပေါ့၊ အဖေ့ကို ကျွန်တော် အရမ်းကြောက်တယ်ဗျ၊ သူက မထင်ရင် မထင်သလို ထ,တီးတတ်တာ"

သူမက သူ့ကို ငေးကြည့်နေရင်း သက်ပြင်းဖွဖွချသည်။

"အဲဒီဘဝတွေက ပြီးခဲ့ပါပြီ သက်နှင်းရယ်၊ မေ့ပစ်လိုက်တော့နော်၊ ပြန်ပြန်မတွေးနဲ့ပေါ့၊ ရှင် ဘယ်ဘဝရောက်ခဲ့ရသလဲ၊ ဘာဖြစ်ခဲ့သလဲ၊ ရှင့်ဘဝ ဘယ်လောက်ကြမ်းတမ်းခဲ့သလဲ၊ ဘာအလုပ်တွေ လုပ်ခဲ့သလဲဆိုတာကို အတိတ်မေ့သလို မေ့ပစ်လိုက်ပါ၊ အခု ရှင့်ဘဝက လူကုံထံမိသားစုဝင်တစ်ယောက် ဖြစ်နေပြီ၊ ရှေ့ဆက်ပြီး ရှင့်ကိုယ်ရှင် အသစ်ပြန်တည်ဆောက်တတ်ဖို့ အရေးကြီးတယ်နော်၊ ရှင် စာတတ်အောင်သင်ရမယ်၊ အသက်ကြီး





မှ ဆယ်တန်းပြန်ဖြေတော့လည်း ဘာဖြစ်သေးလဲ၊ ရှင်ကြိုးစားဖို့ပဲလိုတာ၊ ရှင် တက္ကသိုလ်ကျောင်းသားတစ်ယောက် မဖြစ်ချင်ဘူးလား၊ တက္ကသိုလ်က ဘွဲ့တစ်ခု မယူချင်ဘူးလား၊ တကယ်ကြိုးစားချင်စိတ်နဲ့ ထက်သန်ပြင်းပြတဲ့စိတ်ရှိရင် နောက်ကျတယ်ဆိုတာ မရှိဘူးသက်နှင်း၊ ကျွန်မပြောတာ နားလည်လား"

သူမ၏မျက်ဝန်းများက တောက်ပထက်သန်မှု ဖြင့် တဖျပ်ဖျပ် ရွှန်းလက်လို့။ သူမမျက်ဝန်းတွေဆီကနေ စိတ်ဓာတ်ခွန်အားတွေ သူ့စိတ်နှလုံးဆီသို့ အရှိန်ပြင်းပြင်း စီးဝင်လာခဲ့သည်။ အရှင်းဆုံးပြောရလျှင် သူ့ဘဝမှာ ခုလို စိတ်ဓာတ်မြှင့်တင်ပေးသောစကားမျိုး တစ်ခါမှ မကြားဖူးခဲ့။

"ကျွန်တော် ကြိုးစားမယ် . . မ"

"ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်"

သူမက တအံ့တသြဟန်ဖြင့် ခန္ဓာကိုယ်လေး မတ်ခနဲဖြစ်သွားခဲ့သည်။

"မ,ပဲ ကျွန်တော့်ထက် လပိုင်းကြီးတယ်ဆို၊ ရိုသေလေးစားရမယ်ဆို၊ အစ်မလို့ခေါ်တာပါ၊ 'အ' ကျန်ရစ်ခဲ့လို့ 'မ' ဖြစ်သွားတာ မကြိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . မကြိုက်ဘူးရယ်လည်း မဟုတ်ပါဘူး၊ အံ့ဩသွားတာပါ၊ ရပါတယ်လေ၊ ရှင် ကြိုက်သလိုခေါ်ပါ၊ ကဲ . . . စကားတွေ သိပ်များမနေနဲ့တော့၊ စာရေးတော့ မြန်မြန်၊ ပြီးရင် သင်္ချာသင်မယ်"

◆◆◆◆◆





အံ့ဩစရာကောင်းလောက်အောင်ပင် သူ့ရဲ့ တိုးတက်မှုက မိဘတွေပင် လက်ဖျားခါခဲ့ရသည်အထိ။ တစ်လပြည့်သောနေ့မှာ သူငယ်တန်းမြန်မာစာ၊ သင်္ချာနှင့် အင်္ဂလိပ် စာသင်ရိုးပြီးသွားခဲ့ပြီ။ ဗျည်း (၃၃)လုံး အက္ခရာတွေကို သူကောင်းစွာရေးတတ် ဖတ်တတ်ပြီ။ အင်္ဂလိပ်စာ A to Z အထိ ရေးနိုင် ဖတ်နိုင်ခဲ့ပြီ။ သင်္ချာကိုလည်း အပေါင်းအနုတ် ရေတွက်တာတွေ သူ ရသင့်သလောက် ရခဲ့ပြီ။

"သားကလည်း ကြိုးစားလို့၊ ဆရာမကလည်း တော်လို့ပါကွယ်၊ သမီး ဒီညစာ အိမ်မှာစားသွားပါနော်၊ စာသင်ပြီးရင် အားလုံး အဆင်သင့်ပြင်ဆင်ထားမယ်နော်"

မေမေက စာသင်ခန်းဝ,ကနေ လာပြောသွားခဲ့သည်။ သူမက လိမ္မာကြိုးစားသော တပည့်တစ်ယောက်၏ ဆရာမတစ်ယောက်လို ကျေကျေနပ်နပ်နှင့် ပြုံးနေခဲ့သည်။ ထမင်းစားခန်းထဲမှာ လူစုံတက်စုံ။ အဖေနဲ့အမေက စားပွဲထိပ်တစ်ဖက်တစ်ချက်မှာ နေရာယူကာ ညီနှင့်ညီမက တစ်ဘက်ခြမ်းမှာ သူနှင့်သူမက တစ်ဘက်ခြမ်းမှာ အတူတူထိုင်ရသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူ ကျိတ်ပြီး ပျော်သွားပါသည်။ အတူနေလာတာ တစ်လကျော်ခဲ့ပြီဆိုပေမယ့် ညီနဲ့ညီမက သူတို့ဘာသာ တစ်ပါတီသီးသန့်ခွဲခြားပြီးနေသည်။ သူ့ကို အရေးတယူမရှိလှ။ ခပ်စိမ်းစိမ်းနေကြသည်။ သူ့ကို အထင်သေးသော သံသယရှိသော မလိုလားသော မျက်ဝန်းများဖြင့် ကြည့်ကြသည်။ သူ့ရင်ထဲမှာ ထိခိုက်မိပေမယ့် အပြင်ပန်းကတော့ ဂရုမစိုက်လေဟန် ဟန်ဆောင်ထားရသည်။ နှစ်ပေါင်းနှစ်ဆယ် ကွဲကွာပြီးမှ ပြန်တွေ့ရသောလူတစ်ယောက်ကို အစ်ကိုအဖြစ်လက်ခံဖို့ သူတို့အတွက် ခက်ခဲဝန်လေးနေလိမ့်မည်။ အမေကတော့ သူ့အပေါ် အရိပ်တကြည့်ကြည့်နှင့် ဂရုအစိုက်နိုင်ဆုံးသော လူသားတစ်ယောက်ဖြစ်သည်။ အဖေကလည်း သူ့အလုပ်တွေနှင့် မအားလပ်သော်လည်း သူ့အတွက်တော့ တကူးတက အချိန်ရှာပြီး စကား စမြည်လာပြောတတ်ပါသည်။

စားသောက်ကြချိန်မှာ သူ့ထုံးစံအတိုင်း လောဘတကြီး အလုအယက် ပလုပ်ပလောင်း ပွစာကြဲနေတာကို သူမက မကြာခဏ လှည့်ကြည့်ပြီး မျက်လုံးတွေနှင့် သတိပေးသည်။ ပြီးတော့ သူ့နားကပ်ကာ အသံတိုးတိုးနှင့် စ,သင်ပါတော့သည်။





"သက်နှင်း . . . တစ်ယောက်တည်း လုမစားရဘူးလေ၊ ဖြည်းဖြည်းနဲ့ ကြနြေရရစား၊ ဇွန်းခက်ရင်းကို ဒီလိုကိုင်၊ ကျွန်မကိုင်တာကိုကြည့်၊ မျက်လုံးက ကိုယ်စားမယ့် ထမင်းလုပ်ကိုပဲ ကြည့်၊ ဇွန်းထဲကို တစ်လုပ်စာလေးပဲ ထည့် ပြီး ပါးစပ်ထဲကို ဖြည်းဖြည်းသွင်း၊ တစ်လုပ်ကုန်မှ တစ်လုပ်ထပ်ပြင်ပြီးစား၊ မျက်လုံးက ဟင်းပွဲတွေအားလုံးဆီ သိမ်းကြုံးပြီး လောဘတကြီး အငမ်းမရ မကြည့်ရဘူး၊ ပြီးတော့ ဟင်းတွေကို ကိုယ့်ပန်းကန်ထဲ ချည်းမိုမောက်ပြည့်လျှံနေအောင် ထည့်မထားရဘူး၊ စားတဲ့အခါ ပါးစပ်ကိုပိတ်ပြီး အသံမထွက်အောင် ဖြည်းဖြည်းဝါး၊ ပလပ်ပလပ် မမြည်ရဘူး၊ ဟင်းချိုသောက်တဲ့အခါ ရှူးကနဲ မမြည်စေနဲ့၊ ဒီထမင်းတွေ ဟင်းတွေကို ကိုယ်စားလို့စားလိုက်မှန်းမသိအောင် အေးအေးဆေးဆေး စားရအောင်၊ ဘယ်သူကမှ လုမစားပါဘူး သက်နှင်းရဲ့၊ အဲဒီအကျင့်ကို ဂရုစိုက်ပြီးဖျောက်နော်၊ စားသောက်ပုံကလည်း လူတစ်ယောက်ရဲ့ အဆင့်အတန်းကို ဖော်ပြတယ်၊ သူများတွေ ဘယ်လိုစားသောက်လဲဆိုတာကို မသိမသာအကဲခတ်ပြီး အတုခိုးရတယ် သိလား၊ တစ်



www.burmeseclassic.com

www.burmeseclassic.com





ယောက်တည်း ပျာယာခတ်မနေရဘူး”

သူမသင်တာကို တခြားသူတွေမကြားရအောင် တိုးတိုးကလေး နားနားကပ်ပြီးပြောခြင်းမို့ သူမပါးပြင်ကလေးနှင့်ပင် ထိကပ်လုလုနီးကပ်လှသည်မို့ သူ့ရင်ထဲ ပရမ်းပတာ ပြောင်းဆန်နေခဲ့သည်။ မြင်းရိုင်းတစ်ကောင်ကို စကားလုံးလေးတွေနှင့် ညင်ညင်သာသာ ချော့မော့ပြီး ပြောလိုက်သလို လောဘဇောကပ်နေသော သူ့အမူအရာသည်လည်း ချက်ချင်း သတိအနေအထားသို့ ပြောင်းလဲသွားတော့သည်။ သူမ သင်သည့်အတိုင်း သူ တသဝေမတိမ်း လိုက်နာမိလေသည်။ ထမင်းဝိုင်းမှာ ချက်ချင်း ငြိမ်ကျသွားခဲ့သည်။ မိဘနှစ်ပါးနှင့် အမြွာညီညီမနှစ်ကောင်က မသိမသာ အကဲခတ်လျက်ရှိတာ ကို သူ သတိထားမိသည်။ သူမက ဘာမှမထူးခြားသလို ပြုံးနေခဲ့သည်။

မ,ရယ် . . . ကျွန်တော်က ရိုင်းစိုင်းတဲ့ တိရစ္ဆာန်တစ်ကောင်ဆိုရင် မ,က ကျွန်တော့်ကို ယဉ်ပါးလာအောင် ချော့မော့သိမ်းသွင်းနိုင်ခဲ့တဲ့ ပညာရှင်တစ်ယောက်ပါ။ ဘာကြောင့်မှန်း မသိဘူး။ 'မ'ရဲ့ အမိန့်မှန်သမျှကို ကျွန်တော် မလွန်ဆန်ချင်ခဲ့ဘူး၊ မလွန်ဆန်နိုင်ခဲ့ဘူး၊ မလွန်ဆန်ရဲခဲ့ဘူး။ ကျွန်တော့်ကြောင့် 'မ'ကို ဂုဏ်ယူကျေနပ်စေချင်နေမိတယ်။







ကျွန်တော်က 'မ' သိပ်တော်တယ်ဆိုတဲ့အဖြစ်ကို အကောင်းဆုံး ဖော်ပြနေတဲ့ သက်သေတစ်ခုဖြစ်ချင်နေခဲ့မိတာ ဘာကြောင့်မှန်း ကျွန်တော်မသိတော့ဘူး 'မ'ရယ်။ 'မ'ဆီက အပြုံးကို ကျွန်တော် အမြဲလိုချင်မိတယ်။

စားသောက်ပြီးချိန်မှာ 'မ' ပြန်တော့မယ်ဆို တော့ ကြယ်စင်က . . .

“ဆရာမကို ကျွန်တော် လိုက်ပို့ပေးမယ်”

ဟု ဆိုသည်။ သူ့စိတ်ထဲ ပူခနဲ တစ်ချက်ဖြစ်သွားမိသည်။

“ဟာ . . . ငါလိုက်ပို့မလို့ကွ”

ဟု သူ ကပျာကယာ လုပြောမိတော့ ကြယ်စင်က သူ့ကို မျက်ခုံးပင့်ကာ သရော်ရိပ်လွှမ်းသော အကြည့်ဖြင့်ကြည့်သည်။

“အစ်ကိုက ကားမောင်းတတ်တာကိုး၊ ဘာလဲ ဆရာမကို လမ်းလျှောက်ပြီး လိုက်ပို့မလို့လား”

ဟု သရော်မော်ကားပြောတော့ သူ မခံချင်။ 'မင်းနဲ့ဆရာမကို စိတ်မချလို့ကွ . .' ဟု ပြောလိုက်ချင်စိတ် ကို လွှတ်ကနဲမပြောမိအောင် ပထမဆုံးအကြိမ်အဖြစ် ချုပ်ထိန်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ အဲဒီလိုပြောလိုက်ရင် 'မ'ကိုပါ စော်ကားမိသလို ဖြစ်မှာ စိုးရိမ်သောကြောင့်ဖြစ်သည်။


"ဟုတ်သားပဲ . . သားကို ကားမောင်းသင်ပေးရဦး မယ်၊ ကားမောင်းတတ်တော့ သားအတွက် ကားတစ်စီး သတ်သတ် ဝယ်ပေးထားမယ်လေ၊ သား ဆရာမကို သားကိုယ်တိုင် စိတ်တိုင်းကျ ကြိုပို့ပေးလို့ရတာပေါ့ နော် သား"

မေမေက ပြုံးပြုံးရယ်ရယ်နှင့် ဝင်ပြောလိုက် သည်။ သူ ချက်ချင်းပဲ ကားမောင်းသင်ဖို့ဆန္ဒတွေ ထက်သန် ပြင်းပြလို့ သွားခဲ့ပါသည်။ ဩော် . . နှစ်ပေါင်း နှစ်ဆယ်စာ နောက်ကျခဲ့သူမို့ သူ့ဘဝမှာ သင်ယူစရာတွေကလည်း အများ သားပါလား။

နောက်တစ်နေ့ကစပြီး ကားမောင်းသင်ခြင်းကို မနက်တိုင်း အသည်းအသန် အပြင်းအထန် သင်ယူခဲ့မိတော့ သည်။ ကားမောင်းသင်ရတာ သူ့အတွက် လုံးဝမခက်။ ခါး ပိုက်နှိုက်သလောက်တောင် မခက်ခဲပါ။ ရဲရင့်ဖို့ပဲလိုသည်။

♦♦♦♦♦








www.burmeseclassic.com

www.burmeseclassic.com

"ယူ အာ အားဂလီးဘစ်(ချ်)
ဒလ ..."
မ' အရမ်းလှတယ်လို့
ဘိုလိုပြောကြည့်တာ"





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၅

အမြွှာနှစ်ကောင်၏ မွေးနေ့ပါတီပွဲကလေးကို ခြံထဲမှာကျင်းပသောနေ့ဖြစ်သည်။ သူတို့ သူငယ်ချင်းမိတ်ဆွေတွေလောက်သာဖိတ်ပြီး အသားတွေ၊ ငါး၊ ပုဇွန်တွေကင်ကာ ဝိုင်၊ ဘီယာတို့နှင့် စားသောက်ကြသောပွဲပါပင်။ ခြံထဲမှာ တီးဝိုင်းတစ်ခုလည်းရှိကာ ဆိုချင်တဲ့သူက သွားတက်ဆိုကြသည်။ ဒီပွဲကို သူ စိတ်မဝင်စားလှပေမယ့် 'မ'ကိုပါ ဖိတ်ထားသောကြောင့် သူ မပါလို့ မဖြစ်တော့ဘူး။ 'မ'က ဒီည အရမ်းလှလို့နေပါသည်။ မိုးပြာရောင်နုနုလွှလွှ ဂါဝန်ရှည်ကလေးနှင့်မို့ သွယ်လျကြော့ရှင်းစွာ လှပလွန်းနေခဲ့သည်မို့ သူ့မျက်ဝန်းတွေ 'မ'ဆီကနေ မခွာနိုင်ခဲ့။ 'မ'ကို အရမ်းလှတာပဲ . . . ဟု ပြောချင်သည်။ ပြောလိုက်လို့ 'မ' စိတ်ဆိုးသွားမှာကိုလည်း စိုးသည်။ ဒါပေမယ့် မပြောဘဲလည်း မနေနိုင်။ အရမ်း ပြောချင်လာသည်။ ဘယ်လိုပြောရရင် ကောင်းမလဲ။ မြန်မာလို



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးစင်းစင်းကြီး ပြောချတာထက် အင်္ဂလိပ်လို နည်းနည်းကွန့်ပြီး ပြောရင်ရော ? . . .။ ရုတ်တရက်ပေါ်လာသည့် ထိုစိတ်ကူးကို သူ သဘောကျသွားခိုက် သူ့ဘေးကနေ လမင်းဖြတ်သွားသည်မို့ လမင်းကို လှမ်းခေါ်လိုက်မိသည်။ 'လမင်း' က 'ဘာလဲ' ဟူသော ပုံစံဖြင့် မေးဆတ်ပြကာ သူ့ကိုကြည့်သည်။

"ကောင်မလေးတစ်ယောက်ကို အရမ်းလှတယ်လို့ပြောချင်ရင် အင်္ဂလိပ်လို ဘယ်လိုပြောရလဲ၊ ငါ့ကို သင်ပေးစမ်းပါဟာ"

သူ့စကားကြောင့် လမင်းက ပြုံးတေ့တေ့ဖြစ်သွားပြီး သူ့ကိုကြည့်သည်။

"အစ်ကိုက ဘယ်ကောင်မလေးကို ပြောမလို့တုံး"

ဟု ပြန်မေးတော့ သူ ဝန်မခံချင် . . .။

"ဘယ်သူ့ပြောပြောပေါ့ဟ . . . သင်ပေးစမ်းပါဆို"

"ပြီးရော . . . လိုက်ဆို၊ ယူ အာ အားဂလီး ဘစ်(ချ်)"

"ယူ အာ အားဂလီး ဘစ်(ချ်)"

သူ တလေးတစား လိုက်ဆိုပါသည်။ သူ အလွတ်ဆိုနိုင်သည်အထိ ထပ်တလဲလဲ ရွတ်နေချိန်မှာ လမင်း ဖျတ်ကနဲပျောက်သွားခဲ့ပြီ။ သူ ထိုစာလုံးကို မေ့မသွားအောင် စိတ်





ထဲကနေ တဖွဖွရွတ်နေရင်း 'မ'ကို လိုက်ရှာမိသည်။ တွေ့မယ့်တွေ့တော့ 'မ'က ကြယ်စင်နှင့် စကားတွေ ဖောင်ဖွဲ့နေကာ အားပါးတရ ရယ်မောလို့ပါလား။ သူ့ရင်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ ကြယ်စင် 'မ' ကို ကြည့်သောအကြည့်တွေက လုံးဝမရိုးသားပါ။ 'မ'ကို လိုအပ်တာထက်ပိုပြီး ဂရုစိုက်အရေးပေးလွန်းပုံက ပေါ်လွင်လွန်းနေသည်။

" 'မ'ရယ် ကျွန်တော်ရှာနေတာ . . . မ, ယူ အာ အားဂလီး ဘစ်(ချ်)"

'မ' ကိုတွေ့သည်နှင့် သူ့စိတ်ထဲက စကားလုံး ကို မေ့မသွားခင် ခပ်သွက်သွက်ကြီး ပြောချလိုက်သည်။

"ဟာ . . ."

ကြယ်စင်က ဟာခနဲ လန့်သွားဆဲ 'မ'က မျက်နှာပျက်သွားကာ သူ့ကို ဆတ်ခနဲ လှမ်းကြည့်လိုက်ဟန်က မြွေတစ်ကောင် ပါးပျဉ်းထောင်လိုက်သည့်ဟန်။ သူ ထိတ်ခနဲ လန့်သွားရသည်။ 'မ' စိတ်ဆိုးသွားသည်လား။

"အစ်ကို ကိုယ့်ဆရာမကို ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျား ရိုင်းလှချည်လား၊ ခုချက်ချင်း ပြန်တောင်းပန်လိုက်၊ ယုယရယ် ကျွန်တော် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နိုး . . . ကြယ်စင် တောင်းပန်ဖို့ မလိုပါဘူး၊ သက်နှင်း ကျွန်မကို ပြန်ပြောစမ်း၊ စောစောက ဘာပြောလိုက်တာလဲ"

"ယူ အာ အားဂလီးဘစ်(ချ်)လေ . . . 'မ' အရမ်းလှတယ်လို့ ဘိုလိုပြောကြည့်တာ"

'မ' မျက်နှာကလေး နီရဲသွားကာ နှုတ်ခမ်းက လေး ဝိုင်းဟသွားပြီး,မှ ခေါင်းကလေးမော့ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့မှ သူ နည်းနည်း စိတ်သက်သာရာ ရသွားခဲ့သည်။ ကြယ်စင်ကလည်း ခွီးခနဲ ထ,ရယ်သည်။ ဟာ . . . တစ်ခုခုတော့ မှားနေပြီ။ ဟိုကောင်မလေး လမင်း သူ့ကို ဘာတွေ မဟုတ်တရုတ် သင်ပေးသွားတာပါလိမ့်။

"ဖြစ်မှဖြစ်ရလေ သက်နှင်းရယ်၊ ဒါ ဘယ်သူ သင်ပေးသွားတာလဲ"

'မ'က မျက်ရည်စို့လာတဲ့အထိကို ရယ်လို့မပြီးနိုင်တော့။ သူပါ ရောယောင်ပြီး ခပ်ကြောင်ကြောင် ရယ်မိလေသည်။

"ဟိုဟာမလေးလေ လမင်းပေါ့၊ သူ့ကိုယုံပြီး ပုံအပ်လိုက်တာ မှားပြီထင်တယ်"





"ကဲ . . . ကျွန်မ ပြန်သင်ပေးမယ်၊ စောစောကဟာကို မေ့လိုက်တော့နော်၊ ယူအာ ဗြူးတီးဖူးလ်လို့ ပြောရတယ် သက်နှင်းရဲ့၊ လိုက်ပြောကြည့်ပါဦး"

"ယူ အာ ဗြူးတီးဖူးလ်"

ကြယ်စင်က ခေါင်းတယမ်းယမ်းနှင့် သူတို့နားက နေ ထွက်သွားတော့သည်။ 'မ'က သူ့ကို ကရုဏာသမ်းသော အကြည့်ကလေးဖြင့်ကြည့်ကာ . . .

"သက်နှင်းရယ် . . . နောက်ဆို ဘယ်သူ့ကိုမှလည်း မယုံနဲ့၊ ကိုယ်မသိတဲ့ နားမလည်တဲ့အရာတစ်ခုကို သူများပြောတိုင်း စိတ်ချလက်ချ မယုံပစ်လိုက်နဲ့ ကြားလား၊ စောစောက စကားမျိုး ကျွန်မကိုမဟုတ်ဘဲ တခြားမိန်းကလေးတစ်ယောက်ကိုသာ သွားပြောမိခဲ့ရင်ရှင့် ကျိန်းသေပေါက် ပါးရိုက်ခံရတယ်မှတ်"

"ဗျာ ! အဲဒါ ဘာစကားမို့လို့လဲ"

"အဲဒါ ဆဲတာရှင့်"

"ဟာ . . . ဒီကောင်မလေးတော့ကွာ၊ တော်ပါပြီ၊ နောက်ဆို 'မ' တစ်ယောက်တည်းကိုပဲ ကျွန်တော် ယုံတော့မယ်၊ 'မ'ကလွဲပြီး မိန်းကလေးတွေများ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဗျာ”

သူ တစ်ကိုယ်လုံး ထူပူတုန်ရင်ကာ ‘မ’ကို အရမ်းအားနာမျက်နှာပူသွားခဲ့မိလေသည်။

◆◆◆◆◆





အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့ပါသည်။ တစ်နှစ်ဆိုသောအချိန်သည် လူတစ်ယောက်က တခြားတစ်ယောက်အပေါ် ယုံကြည်စိတ်ချလွန်းစွာ အရာရာ ရင်ဖွင့်မိ စေဖို့၊ တစ်မနေ့မတွေ့ရလျှင် မနေနိုင်လောက်အောင် စွဲလန်းငြိတွယ်မိစေဖို့၊ သံယောဇဉ်တွယ်တာမှုတွေ အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ဖို့၊ ရင်ထဲမှာ နင့်နေအောင်၊ သူမအကြောင်း တွေးမိရုံနှင့် မျက်ရည်များပင် ဝဲလာအောင် ချစ်မြတ်နိုးမိစေဖို့ လုံလောက်လွန်းသောအချိန် ဖြစ်ပါသည်။ ‘မ’သည် သူ့အပေါ် မယုံနိုင်လောက်အောင် လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိခဲ့သည်။ ‘မ’ စကားတစ်ခွန်းကလွဲရင် တခြားဘယ်သူ့စကားမှ သူ နားမထောင်ချင်၊ ဂရုမစိုက်ချင်။ အဖေနှင့်အမေကတော့ ခြွင်းချက်ပေါ့လေ။ ‘မ’ ပြောလိုက်လျှင် သူ တစ်သဝေမတိမ်း နာခံတတ်သည်။ သူ့ဘက်က အနက်ကြီးမြင်နေရလျှက်နှင့် ‘မ’က အဖြူပါဆိုလျှင်တောင် သူက ‘အဖြူ’ဟု ငွတ်ယုံကြည်ပစ်လိုက်မည့် ယုံကြည်စိတ်ချအားကိုးမှုမျိုးနှင့် သူ ‘မ’ကို တွယ်တာလွန်းခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com





တစ်နှစ်တာအတွင်းမှာ သူ ငါးတန်းအထိ သင်ခန်းစာတွေအားလုံး စာမေးပွဲဖြေဆိုနိုင်တဲ့အဆင့်အထိ သူ တတ်မြောက်ခဲ့ပြီ။ အဖေ့ရဲ့အကူအညီနှင့် အစိုးရကျောင်းတစ်ကျောင်း၏ အသိအမှတ်ပြု စာမေးပွဲတွေကို တစ်တန်းပြီးတစ်တန်း သူ ဖြေဆိုအောင်မြင်ခဲ့ခြင်းဖြစ်သည်။ စာတွေကို သေချာဖတ်နိုင်လာခဲ့ခြင်း အပေါ် သူ ဘယ်လို ဂုဏ်ယူကျေနပ်မိမှန်း မသိ။ 'မ'ကိုလည်း အနီးကပ် ခင်မင်ရင်းနှီးလာခဲ့သည်နှင့် အမျှ လေးစား အထင်ကြီးမိစိတ်တွေ ဆထက်ထမ်းပိုး တိုး၍သာ လာခဲ့သည်။ 'မ'ရဲ့ စိတ်ဓာတ်၊ အတွေးအခေါ်၊ အယူအဆနှင့် ခံယူချက်တွေ၊ ရည်မှန်းချက်တွေကိုလည်း သူ သိသင့်သလောက် သိခွင့်ရခဲ့လေသည်။ 'မ'က ရည်မှန်းချက်ကြီးလွန်း သူ မိန်းကလေးတစ်ယောက်ဖြစ်သည်။

"ကျွန်မ အင်္ဂလိပ်စာ ဒီပလိုမာလည်း ရခဲ့ပြီဆိုတော့ နောက်ထပ်ခြေလှမ်းက MBA တက်ဖို့ပဲ၊ မြန်မာပြည်မှာပဲ တက်ခွင့်ရတာ ကျွန်မ အရမ်းကံကောင်းတယ် သက်နှင်းရဲ့၊ MBA ရပြီးရင်တော့ ကျွန်မ အလုပ် စ,လုပ်တော့မယ်၊ Hotel Management ပိုင်းကို ကျွန်မ စိတ်ဝင်စားတယ်လေ"

ဟု 'မ'က သူ့ကို အရေးတယူ ပြောပြတတ်ခဲ့သည်။ သူ တစ်ချက်တော့ အရဲစွန့်ခဲ့မိလိုက်သည်။

" 'မ'ကို ကျွန်တော် တစ်ခုမေးမလို့ .. မေးရမလား ဟင်"

"မေးပေါ့ သက်နှင်းရဲ့၊ ဘာလဲ .. မေးလေ"

"မ ဘယ်လိုလူမျိုးကို ချစ်သူတော်ဖို့ စိတ်ကူးထားသလဲ ဟင် ? .. 'မ' သတ်မှတ်ထားတဲ့ စံတွေရှိရင် ကျွန်တော့်ကို ပြောပြပါလား"

"အလိုတော် .. ထူးထူးဆန်းဆန်း၊ ရှင်က ဘာလို့ ဒီလောက် ထူးဆန်းတဲ့မေးခွန်းမျိုးကို မေးရတာလဲ"

'မ'က သူ့ကို မျက်လုံးပြူးကာ ကြည့်တော့ သူ နည်းနည်းတော့ လန့်ချင်သည်။ 'မ' ကို မေးသာမေးရတာ။ 'မ' စိတ်ဆိုးမှာကိုလည်း သူ အလွန်ကြောက်ရသေးသည်။

"ကျွန်တော် သိချင်လို့ မေးကြည့်တာပါ"

"ကျွန်မက ပညာမတတ်တဲ့ ယောကျ်ားမျိုးဆို လုံးဝ စိတ်မကူးဘူး သက်နှင်းရဲ့၊ မချမ်းသာရင် နေပါစေ၊ အရမ်းချမ်းသာဖို့လည်း မလိုဘူး၊ ပညာတော့ တတ်ရမယ်၊ ကျွန်မကို ဦးဆောင်ပေးနိုင်တဲ့သူမျိုး ဖြစ်ရမယ်"





www.burmeseclassic.com

www.burmeseclassic.com



တိုစကားက အလွန် စူးရှပြတ်သားလွန်းသော ဓားလှံတစ်ခုလို သူ့နှလုံးသား အလယ်တည့်တည့်ဆီ ထိုးစိုက်ချလိုက်ပြီးသားဖြစ်သွားခဲ့သည်။ သူ့နှလုံးသားထဲ တဆုံး စိုက်ဝင်သွားခဲ့သည်မှာ ဘယ်လိုမှ ပြန်နုတ်ဖို့ မလွယ်ကူတော့။ 'မ' နှင့်သူ သိပ်ပြီး အလှမ်း ကွာလွန်းသွားသလို သိမ်ငယ်မှုတစ်မျိုး သူ့ရင်ထဲသို့ ရုတ်တရက် ဝင်ရောက်လာခဲ့သည်။ 'မ'က သူ့ကိုများ ပညာရှိမိန်းကလေး ပီသလွန်းစွာ ပညာသားပါပါ သတိပေးခွဲခြားပစ်လိုက်တာလား။

အဲဒီနေ့ အဲဒီအချိန်ကစပြီး 'မ'ကို နင့်နေအောင် ချစ်နေမိသည့်တိုင် 'မ'ကို ဖွင့်မပြောဖို့ သူ မြိုသိပ်ချုပ်တည်းခဲ့ရပါသည်။ 'မ'ကို 'မ' မသိအောင် ခိုးခိုးကြည့်ရင်းဖြင့်သာ သူ့အချစ်တို့ကို သိမ်းဆည်းကွယ်ဝှက်ထားခဲ့ရသည်။

◆◆◆◆◆





အဲဒီနေ့က အိမ်မှာ နည်းနည်းတော့ ထူးခြားနေခဲ့သည်။ အထူးခြားဆုံးက မေမေ။ MBA ကျောင်းတက်ပြီးသွားကာ ဘွဲ့ရခဲ့ပြီဖြစ်သော ကြယ်စင်နှင့်လမင်းက စင်္ကာပူ မှာ ကျောင်းတစ်ခုသွားဆက်တက်ဖို့ စီစဉ်နေကြသည်။ အဖေ က သူ့ရဲ့ ဆောက်လုပ်ရေးကုမ္ပဏီမှာ နှစ်ယောက်စလုံးကို အလုပ်ဝင်စေချင်ပြီ ဖြစ်သော်လည်း နှစ်ယောက်စလုံးက စိတ်မဝင်စားကြပါ။ အမွှာနှစ်ကောင်က အတွဲလည်းညီလွန်းလှကာ သင့်မြတ်လွန်းလှသည်။ ကျောင်းသွားတက်ဖို့ စီစဉ်တာတောင် အတူတူ တပူးတွဲတွဲ။

"ဖေဖေက သားနဲ့သမီးကို ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်စေချင်တာကွာ၊ မင်းတို့က ပညာဆက်သင်ချင်ကြသေးတယ်ဆိုတော့လည်း ဖေဖေ မတားပါဘူးကွာ၊ သွားတက်ကြပါ၊ နိုင်ငံတကာ အတွေ့အကြုံရှိလာမယ်၊ ပိုပြီးတော့ အမြင်ကျယ်လာမယ်၊ စာသင်တာကောင်းတဲ့အလုပ်ပါ၊ ဖေဖေ့သားသမီးတွေ ပညာတွေအများကြီးတတ်လေ ဖေဖေ ဂုဏ်ရှိလေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဖေက ဆိုသည်။ မနေ့ညက မိသားစု ထမင်းဝိုင်းမှာ ကြယ်စင်က စတင်၍ ဖွင့်ဟခဲ့ခြင်းပင်။

"ကျွန်တော့်မှာ ချစ်သူရှိနေပြီ ဖေဖေနဲ့မေမေ၊ အဲဒါ သူ့ကို ဖေဖေနဲ့မေမေတို့နဲ့ အသိလည်းပေးထားရင်း မနက်ဖြန်ခေါ်လာမလို့၊ မိဘတွေနဲ့ တရားဝင်တွေ့ဆုံပေးတဲ့သဘောပါ"

"အို . . ကြည့်စမ်း၊ မေမေ့ သားငယ်လေးတောင် ချစ်သူရှိနေပြီကိုး၊ ခေါ်လာခဲ့ပါ သားရယ်၊ မေမေ ညစာပြင်ဆင်ခိုင်းထားလိုက်မယ်လေ"

"ညစာတော့ မစားတော့ဘူး မေမေရာ၊ နောက်တစ်ခေါက်ပေါ့၊ ကျွန်တော်က မနက်ဖြန် မေမေတို့နဲ့ဆုံပေးပြီးရင် hotel မှာ တစ်ခုခုသွားစားရင်း သူ့ကို လက်ထပ်ခွင့်တောင်းဖို့ စီစဉ်ထားလို့ပါ၊ သူ့အတွက် စိန်လက်စွပ်လေး ကျွန်တော် ဝယ်ထားပြီးပြီ၊ သူ့ကို Romantic ဆန်ဆန်ကလေး တောင်းခံမလို့ ပြင်ဆင်ထားတယ်"

ကြယ်စင်က သူဝယ်ထားသော စိန်ပွင့်ခပ်ကြီး ကြီး လက်စွပ်ကလေး မိဘတွေကို ထုတ်ပြနေသည်။ လမင်းက

"ဟယ် . . . လှလိုက်တဲ့ လက်စွပ်ကလေးဟယ်၊ အံမယ်





စိန်အရည်က ကောင်းလှချည်လား၊ တစ်ရတီလောက်တော့ အသာလေးပဲ၊ ကြယ်စင်တို့များ သူ့ချစ်သူကျတော့ သိတတ်လိုက်တာနော်၊ ငါ့ကျတော့ ဝယ်ပေးဘူး"

ဟု စူပွပွပြောရင်း လက်စွပ်ကို ဝတ်ကြည့်နေ၍ ကြယ်စင်က အတင်းပြန်လုကာ . . .

"နင်လည်း နင့်ကို ဒီလို ထိုက်ထိုက်တန်တန် ဝယ်ပေးနိုင်မယ့်လူမျိုးရှာပေါ့ မယ်လမင်းရယ်၊ ပေးစမ်း . . . ငါ့လက်စွပ်ကို နင်ဝတ်စရာလား"

အမြွှာနှစ်ကောင်ကိုကြည့်ရင်း အဖေနဲ့အမေက အပြုံးပြုံး။ သူကတော့ အေးအေးဆေးဆေး ထမင်းစားရင်း ကိုယ်နှင့်မဆိုင်သလိုပင် နေသည်။ စိတ်လည်း မဝင်စား။ ဒီလောကမှာ သူစိတ်ဝင်စားတာ 'မ'တစ်ယောက်တည်းရယ်။

"သားက ကျောင်းသွားမတက်ခင် သူနဲ့ စေ့စပ်သွားချင်တာလား"

"ဟုတ်ကဲ့ မေမေ၊ စေ့စပ်သွားတော့ သူ လိုက်ခဲ့ရင်လည်း အဆင်ပြေမယ်လေ၊ သူကလည်း ကျောင်းတက်ချင်သေးတာဆိုတော့ အဆင်ပြေရင် သူပါ ခေါ်သွားမလို့"

"ကောင်းပါတယ် သားရယ်၊ ဒါဆို မနက်ဖြန် သူနဲ့



www.burmeseclassic.com

www.burmeseclassic.com





တွေ့ရှိပဲတွေ့ရမှာပေါ့လေ၊ အေးပါကွယ် . . . သား ကံကောင်းပါစေ"

ဒီနေ့တော့ သူ 'မ'နှင့် စာသင်ရင်း ကြယ်စင့်ကောင်မလေး အိမ်ခေါ်လာပြီး မိဘတွေနှင့် ဆုံပေးမည့်အကြောင်းပင် ပြောပြလိုက်မိသေးသည်။ 'မ'က မျက်ခုံးကလေးပင့်ကာ 'ဟုတ်လား' ဟု ပြုံး၍ပြန်မေးသည်။ 'မ'ရဲ့ အပြုံးကလေးကို သူ ချစ်လိုက်တာ။ ချက်ချင်း မျက်ဝန်းပြန်မလွှဲရက် ဘဲငေးခနဲကြည့်မိသွားလေသည်။ မ ဘယ်လိုပဲနေနေ ဘာပဲလုပ်လုပ် သူ အရမ်းချစ်သည်။ တစ်ခါတစ်ရံ ချစ်စိတ်တွေဟာ သူ့ရင်ထဲမှာ ပြည့်သိပ်ဖိတ်လျှံကျမတတ် သိပ်သည်းလွန်းလှသဖြင့် သူ့ရင်ထဲတောင် တင်းကြပ်မွန်းနစ်၍နေခဲ့သည်။ စိတ်ရှိတိုင်းသာ စိတ်ကိုလွှတ်ပေးလိုက်ရလျှင် သူ 'မ'ကို သူ့ရင်ခွင်ထဲမှာ ဘယ်တော့မှ လွတ်ထွက်မသွားတော့အောင် တစ်သက်လုံး ပွေ့ဖက်သိမ်းပိုက်ထားလိုက်ချင်တော့သည်။ အချစ်က သူ့အား ပြုစားလွန်းလှသည်။ သူ့ရင်ထဲမှာ ချစ်ဆိပ်တွေ ဒီရေအလား တရိပ်ရိပ်။

စာသင်ပြီးသွားချိန်မှာ ထုံးစံအတိုင်း 'မ'ကို ပြန်ပို့ဖို့ 'မ'နှင့်အတူ လိုက်ထွက်လာခဲ့သည်။ သူ ကားမောင်းကျွမ်း







ကျင်ပြီဆိုကတည်းက 'မ'ကို ကြိုပို့ သူကိုယ်တိုင်ပဲ ကျေကျေနပ်နပ် တာဝန်ယူလုပ်ပေးခဲ့ခြင်းဖြစ်သည်။ အဲဒီ အခွင့်အရေးကလေးကိုပဲ သူမှာ မက်မောစုံမက်မဆုံး။ ဧည့်ခန်းထဲမှာ လူစုံတက်စုံရှိနေတာက ထူးခြားနေ၏။ ကေန္တ ကြယ်စင့်ကောင်မလေး ရောက်မလာသေးဘူး ထင်ပါရဲ့။ ထိုစဉ်မှာ ကြယ်စင့်မျက်နှာက အားပါးတရပြုံးရင်း ထိုင်နေရာမှထ,ကာ သူတို့ဘက်ဆီ လျှောက်လာသဖြင့် သူ ခဏ ကြောင်သွားရသည်။ ကြယ်စင်က 'မ'ကို လက်ကမ်းပေးလိုက်တော့ ထိုလက်ထဲ 'မ'ရဲ့လက်ကလေး ခပ်ရှက်ရှက်ရွံ့ရွံ့ဟန်ကလေးဖြင့် ပါသွားသော အခါ သူ မိုက်ခနဲ ဖြစ်သွားခဲ့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ။

"ဖေဖေနဲ့မေမေ . . . ဟောဒါ ကျွန်တော်ပြောတဲ့ ကျွန်တော့်ရဲ့ ချစ်သူလေးပေါ့"

"ဟယ် . . . ကြည့်စမ်း၊ သားက မေမေတို့ကို အရိပ်အမြွက်ကလေးတောင် ကြိုပြောမထားဘူးဟယ်၊ အံ့သြဖို့ ကောင်းလိုက်တာ၊ သမီးဖြစ်နေတော့ ပိုကောင်းတာပေါ့ သားရဲ့ . . . ကြည့်စမ်းပါဦး"

"ကျွန်တော်က မေမေတို့ကို တမင်သက်သက် surprise လုပ်ချင်လို့ကို ယုယလေးနဲ့ တိုင်ပင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာ သူ့ရင်ထဲတွင် အကြီးမားဆုံးသော ပေါက်ကွဲမှုတစ်ခု ဖြစ်ထွန်းနေခဲ့သည်။ တိတ်ဆိတ်မှုထဲမှာပဲ သူ တစ်ယောက်တည်း ပေါက်ကွဲလွင့်စင်လျက်ရှိသည်။ ကြယ်စင် ... ဒီကောင် လျှင်လှ၊ သွက်လှချည်လား။ သူတောင် ဖွင့်မ ပြောရက်ဘဲ အရိပ်တကြည့်ကြည့် တိတ်တခိုးကလေး ချစ်မြတ်နိုး လွန်းရပါသော 'မ'ကို ဒီကောင် ဘယ်အချိန်ကများ လက်သွက် ခြေသွက်နှင့် ချစ်သူဖမ်းလုပ်ပစ်လိုက်တာပါလိမ့်။ ကမ္ဘာကြီး တစ်ခုလုံး ချာချာလည်သွားသလို ... သူ့ခေါင်းတည့်တည့်ဆီ မိုးကြိုးပစ် ခွင်းချပစ်လိုက်သလို ... အစိတ်စိတ်အမြွှာမြွှာ လောင်ကျွမ်းပြာကျသွားသလို။ သူ့ရင်တစ်ခုလုံး စုတ်ပြတ်သတ် ကြေမွဖွာကြဲလန်သွားသလို သည်းထန်ပြင်းပြစွာ နာကျင်ခံစား နေရပါသည်။ မ ... ရယ်။ ကျွန်တော် ရင်ကွဲပါပြီ။ မ ကို ချစ်တယ်၊ အရမ်းချစ်တယ်။ မ ... က ကျွန်တော့်ဘဝရဲ့ အနာဂတ်ပဲ။ မ ... က ကျွန်တော့်ရဲ့ မျှော်လင့်ချက်ပဲ။ မ ... က ကျွန်တော့်ရဲ့ ရှင်သန်ခြင်း အဓိပ္ပာယ်ပဲ။ မ မရှိရင် ကျွန်တော့်ဘဝ ဆက်လက်ရှင်သန်လို့ မရတော့ဘူး။ ကျွန်တော် နေလို့ပျော်တော့မှာ မဟုတ်ဘူး။ ကျွန်တော် ဘာလုပ်ရမလဲ။ ကလေးတစ်ယောက်လို လိုချင်တာမရတဲ့အခါ ပွင့်ပွင့်လင်း





လင်း ပေါက်ပေါက်ကွဲကွဲ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ငိုကြွေးပစ် လိုက်ချင်တယ်။ ကျွန်တော် 'မ'ကို အဆုံးရှုံးမခံနိုင်ဘူး 'မ' ရယ်။

သူ စိတ်နှင့်ကိုယ် ကင်းလွတ်သွားချိန်မှာ 'မ'နှင့် မေမေတို့ စကားတွေပြောနေကြပြီ။ ဘာတွေပြောနေမှန်း သူ မကြားတစ်ချက် ကြားတစ်ချက်။ သူ့မျက်လုံးတွေက ကြယ်စင့် ကုတ်အင်္ကျီအိတ်ထဲမှာ ရှိနေမည့် မနေ့ကမြင်ခဲ့ရသော လက် ထပ်ခွင့်တောင်းသည့် စိန်လက်စွပ်လေးဆီသာ အာရုံရောက် နေသည်။ အားပါးတရ ကျေနပ်အားရစွာ အောင်နိုင်သူတစ် ယောက်လို ပြုံးနေသော ကြယ်စင့်ကို လည်ကုပ်ကနေဆွဲပြီး လက်သီးနှင့် အဆက်မပြတ် ထိုးပစ်လိုက်ချင်သည်။

"သားကြီး ... လာ ထိုင်လေ၊ သား အံ့သြနေကာမှ လား၊ သားဆရာမ ဘယ်လောက် အနေအထိုင်ပိရိသေ သပ်သလဲဆိုတာ၊ သားတောင် မရိပ်မိဘူးမှုလား၊ ဝမ်း သာပါတယ် သမီးရယ်၊ သမီးကို မြင်ကတည်းက အန်တီ က သဘောကျနေခဲ့ပြီးသား၊ ထက်ထက်မြက်မြက် မွှန်မွှန်ရည်ရည်နဲ့ လိမ္မာပါးနပ်လွန်းတဲ့ မိန်းကလေးတစ် ယောက် ဆိုပြီးတော့လေ၊ သမီး ဘယ်လောက်တော် သလဲဆိုတာ တခြားဘာမှမကြည့်နဲ့၊ စာတစ်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်တဲ့ သားကြီးကို ငါးတန်းအောင်တဲ့အထိ သင်ပေးနိုင်ခဲ့တာပဲကြည့်တော့၊ သားကြီးရဲ့ အနေအထိုင် အပြုအမူ အပြောအဆိုတွေ အရမ်းယဉ်ပါးပြောင်းလဲလာခဲ့တာ သမီး သိပ်တော်လို့ပေါ့”

မေမေကတော့ ရွှန်းရွှန်းကိုဝေနေတော့သည်။ သူ စကားတစ်ခွန်းမှမဆိုဘဲ ကြယ်စင့်ဘေးမှာ ကပ်လျက်ဝင်ထိုင်လိုက်သည်။ ကြယ်စင်က သူ့ကို သိပ်အာရုံမကျ။ ကြယ်စင့်မျက်လုံးတွေ စိတ်အာရုံတွေအားလုံး ‘မ’တစ်ယောက်တည်းဆီသို့သာ ပုံအောကျရောက်လျက်ရှိနေသည်။ သူ ‘မ’ဆီ လှမ်းကြည့်လိုက်မိတော့ ‘မ’မျက်နှာလေးက ယဉ်ကျေးသိမ်မွေ့စွာပြုံးလို့။ မ ရယ် . . . ဘာလို့ ဒီလောက်တောင် အင်အားကြီးမားလွန်းရတာလဲ။ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ သွယ်သွယ်လျလျကလေးနဲ့ကို ကျွန်တော်တို့ ကြယ်စင်တို့လို ယောကျ်ားတွေရဲ့ နှလုံးသားတွေကို တစ်ပါတည်း သိမ်းကျုံးဆွဲငင်သိမ်းပိုက်ထားနိုင်စွမ်း ရှိရလွန်းတာလဲ။

ကြယ်စင် အာရုံလွဲနေချိန်မှာ ကြယ်စင့်ကုတ်အင်္ကျီအိတ်ထဲက လက်စွပ်ဗူးကလေးကို ဘယ်သူမှ မရိပ်မိလိုက်အောင် သူ ခါးပိုက်နှိုက်ထားလိုက်နိုင်ခဲ့သည်။ အဲဒီမှာ





အရှက်ကြီးကွဲလိုက်စမ်းတော့ ကြယ်စင်။ မင်း ငါ့ရဲ့မကို လက်ထပ်ခွင့် ဘယ်တော့မှ မတောင်းခံစေရဘူးမှတ်။ မင်း . . သေ . . လိုက် . . တော့ . . ကွာ။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ဝုန်းခနဲ တွန်းဖွင့်ပြီး မုန်တိုင်းတစ်စင်းလို ကြယ်စင်ဝင်ရောက်လာချိန်မှာ ည ဆယ်နာရီ ကျော်နေပြီ။

"အစ်ကို . . . ခင်ဗျား ခြံထဲခဏဆင်းခဲ့စမ်းပါ၊ အိမ်ထဲမှာ မပေါက်ကွဲချင်ဘူး၊ ခြံထဲလိုက်ခဲ့"

ဟု အံကြိတ်သံဖြင့်ပြောပြီး ရှူးရှူးရှားရှားပြန်ထွက်သွားခဲ့သည်။ သူက တစ်ချိန်လုံး လက်ထဲမှာကိုင်ပြီး ကြည့်နေခဲ့သော စိန်လက်စွပ်ကလေးကို ခေါင်းအုံးအောက်ထဲ ထိုးသွင်းခဲ့ပြီး ခြံထဲဆင်းလိုက်လာခဲ့သည်။ သူကလည်း စာရင်းရှင်းချင်နေတာပါ။

ခြံက အကျယ်ကြီးဆိုတော့ တော်ရုံတန်ရုံအသံဆို အိမ်ကြီးပေါ်က မကြားနိုင်ပါ။ ခုလောက်ဆို အဖေနဲ့အမေတို့ အိပ်လောက်ရောပေါ့။ လမင်းလည်း သူ့အခန်းထဲသူ ရှိလိမ့်မည်။ သူ့ကိုမြင်သည်နှင့် ကြယ်စင်က ပြေးလာပြီး သူ့မျက်နှာတည့်တည့်ဆီ လက်သီးတစ်လုံး ပစ်သွင်းပစ်လိုက်သည်။

"အဲဒါ ငါ့လက်စွပ်ကို ခါးပိုက်နှိုက်ခဲ့တဲ့အတွက်၊ ငါ





သိတယ် . . မင်းလက်ချက်ပဲဆိုတာ၊ မင်း တော်တော်အဆင့်အတန်းမရှိတဲ့ ကောင်ပဲကွ၊ မင်းကို အိမ်မှာ တင်ထားမိတာ တကယ့် မြွေပွေးခါးပိုက်ပိုက်ထားရသလိုပဲ"

သူ ခပ်အေးအေးပင် ကြယ်စင့်ကို မျက်နှာချင်းဆိုင်ကာ ကြယ်စင့်မေးရိုးဆီ ခွပ်ခနဲမြည်အောင် တစ်ချက်ပြန်ထိုးပစ်လိုက်သည်။ ပြီးတော့ လေသံခပ်အေးအေးဖြင့် တစ်ခွန်းချင်း ပြောလိုက်သည်။

"အေး . . . ဒါက ငါ့ရဲ့ 'မ'ကို မင်း လုယူခဲ့တဲ့အတွက်ပဲ၊ ငါ သူ့ကို ဘယ်လောက်ချစ်သလဲ မင်း မသိဘူး၊ မင်းရဲ့အချစ်နဲ့ ကြိုက်သလိုယှဉ် . . ငါ ယှဉ်နိုင်တယ် ဟောကောင်၊ 'မ'က ပညာမတတ်တဲ့သူကို လုံးဝ မစဉ်းစားဘူးဆိုလို့ ငါ ကြိတ်မှိတ်ပြီး မြိုသိပ်ထိန်းချုပ်ထားခဲ့မိတာ၊ မင်း အပိုင်သိမ်းဖို့ မဟုတ်ဘူးကွ၊ နားလည်လား"

သူ့မျက်ရည်စက်တချို့ လွင့်စင်သွားအောင်ပင် သူ ပေါက်ကွဲစွာ အော်ဟစ်ပစ်လိုက်သည်။ ကြယ်စင်က ရုတ် တရက် မင်သက်သွားသလို သူ့ကို ငေးကြောင်ကြည့်နေခဲ့သည်။ သူ့မျက်ရည်တွေ အတားအဆီးမဲ့စွာ ပြိုဆင်းကျလာခဲ့ပြီ။ သူ ရင်ပွင့်သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ပညာတတ်ချင်တာပေါ့၊ မင်းလို MBA ဘွဲ့လည်း ငါ လိုချင်တာပေါ့၊ ရအောင်လည်း ငါ ကြိုးစားချင်တာပေါ့၊ ဒါပေမယ့် ငါ ပညာမတတ်ခဲ့ဘူး၊ အနှစ်နှစ်ဆယ်လုံးလုံး ငါ စာမသင်ခဲ့ရဘူး၊ မိဘတွေနဲ့ကွဲပြီး ခါးပိုက်နှိုက်တစ်ယောက်ရဲ့လက်ထဲမှာ ငါ့ဘဝတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သတ်ခဲ့တာ ငါ့အပြစ်လား ကွာ၊ ငါ ပညာမတတ်လို့ 'မ'ကို ချစ်ခွင့်မရတာ . . . မင်းကတော့ ပညာတတ်လို့ 'မ'အချစ်ကို ရခဲ့တာ တရားရဲ့လားကွ . . ဟမ်၊ ငါ 'မ'ကို ချစ်တယ်၊ 'မ'က သေဆိုသေ ရှင်ဆိုရှင်ဆိုတဲ့အချစ်မျိုးနဲ့ကို 'မ'ကိုချစ်တာ၊ မ ဟာ ငါ့ရဲ့ဘဝပဲ၊ ငါ့ရဲ့ အသက်ရှင်သန်ခြင်းပဲ၊ ငါ ဘာလုပ်ရမှာလဲ၊ ငါ့ဘဝတလျှောက်လုံး ငါ ဘာများ ရခဲ့ဖူးသလဲ ဟင် . . ပြော၊ မင်းပြော . . ပြော"

သူ လူစိတ်မရှိတော့သလို အသိစိတ်ပျောက်ကာ ရင်ထဲရှိသမျှပြောရင်း ကြယ်စင့်ရင်ဘတ်ဆီ လက်ညှိုးနှင့် တွန်းတွန်းထိုးသွားမိသည်။ ကြယ်စင်က နောက်သို့ဆုတ်ဆုတ်သွားခဲ့သည်။ ဘာမှ ပြန်မပြောနိုင်။ တကယ်တမ်း သူ ပေါက်ကွဲ ကြမ်းရမ်းပြီဆိုသောအခါ ကြယ်စင် သူနှင့်ယှဉ်ပြီး မကြမ်းရမ်း






ရဲပါ။ သူက ဘဝတလျှောက်လုံး အကြမ်းတကာ့အကြမ်းဆုံး လမ်းကို လျှောက်ခဲ့ရသူ။ ကြယ်စင်က လောကဓံဆိုတာ ဘာမှန်းတောင် နားမလည်အောင် ပန်းခင်းလမ်းမှာ လိုတရစွာ နူးညံ့သိမ်မွေ့စွာ လျှောက်ခဲ့သူ။ ယှဉ်ကြစတမ်းဆိုလျှင် ကြယ်စင် သတ္တိမရှိနိုင်။ ခြံထောင့်အထိရောက်သွားတဲ့အထိ ကြယ်စင်နောက်ဆုတ်သွားသလို သူ လက်ညှိုးဖြင့် ဆောင့်ဆောင့်တွန်းပြီး ရှေ့တိုးတိုးသွားခဲ့သည်။ နောက်ဆုံးတော့ ကြယ်စင် သူ့ဆီကနေ ချာကနဲ ရုန်းထွက်သွားကာ အိမ်ကြီးပေါ်သို့ ပြေးတက်သွားခဲ့လေသည်။ သူ တစ်ယောက်တည်း . . . ။ မြက်ခင်းပြင်ပေါ် ခြေကားရားလက်ကားရားဖြင့် ပက်လက်ကြီး ပစ်လှဲချပစ်လိုက်ကာ မိုးကောင်းကင်ကြီးဆီ မမှိတ်မသုန်စိုက်ငေးကြည့်နေမိခဲ့သည်။ မျက်ရည်စီးကြောင်းနှစ်ကြောင်း နားထင်နှစ်ဖက်ကနေ တစ်ဖက်တစ်ချက် ဖြတ်စီးလို့သွားခဲ့၏။ 'မ' ရယ်။ 'မ' ကို ချစ်ရလွန်းလို့ ကျွန်တော် ရူးတော့မယ်။ 'မ'ကို အဆုံးရှုံးမခံပါရစေနဲ့။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၆



www.burmeseclassic.com

www.burmeseclassic.com

မ'ကို

ကျွန်တော် ခါးပိုက်နှိုက် လာတာ၊

ကျွန်တော်က ခါးပိုက်နှိုက်တစ်ယောက်ပဲ၊

သိပ်ချစ်လွန်းလို့ အဆုံးရှုံးမခံနိုင်လို့

မ'ကို

ကျွန်တော် အလစ် သုတ်လာခဲ့တာ"





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၆

ထုံးစံအတိုင်း 'မ'ကို သွားကြိုတော့ 'မ'က အသာတကြည်ပဲ လိုက်ပါလာခဲ့သည်။ သူ့ဆုံးဖြတ်ချက်က မိုက်မဲလှသည်ပဲဆိုဆို သူ မိုက်မိုက်မဲမဲပင် ဆုံးဖြတ်ခဲ့ပြီ။ စီစဉ်စရာရှိတာလည်း စီစဉ်ထားခဲ့ပြီ။ မှော်ဘီဘက်မှာ အမေဝယ်ထားသော ခြံတစ်ခြံရှိသည်။ အဲဒီခြံကို သူ အမေ့ကို လိုက်ပို့ပေးရင်း ရောက်ဖူးပါသည်။ ခြံတစ်ခြံလုံး နှင်းဆီစိုက်ခင်းတွေအပြည့်။ အမေက နှင်းဆီသိပ်ကြိုက်သူမို့ နှင်းဆီရောင်စုံတွေ စိုက်ထားခဲ့သည်ဟု ဆိုသည်။ ဥယျာဉ်မှူးနှင့် ခြံအလုပ်သမားတချို့လည်း ငှားထားခဲ့သည်။ အမေက အေးအေးဆေးဆေး အပန်းဖြေချင်တဲ့အခါ စားစရာတွေ ထည့်ယူလာပြီး လာအနားယူလေ့ရှိ၏။ အမေနေဖို့ ဘန်ဂလို ကစ်ထပ်တိုက်ကလေးလည်း ရှိသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီနေရာကလေးကို 'မ'ကိုခေါ်လာဖို့ မျက်စိကျခဲ့ခြင်းဖြစ်သည်။

မြို့ပြင်ဘက်ရောက်လာတော့ 'မ' နည်းနည်းအံ့သြလာသည်။

"ဟဲ့ . . . သက်နှင်း၊ ဘယ်တွေလျှောက်မောင်းလာတာလဲဟယ်၊ နင့်ဟာက မြို့ပြင်တောင်ရောက်နေပြီ"

"ခဏလေးပါ မ,ရယ်၊ စိတ်ရှည်ရှည်ထားပါ၊ မ,ကို အရမ်းအံ့သြသွားအောင် လုပ်မလို့ပါ၊ ခဏလေး . . အဲဒီနေရာကလေးကို 'မ'မြင်ရင် အရမ်း သဘောကျမှာ . . ရောက်တော့မှာပါ"

'မ'က သူ့ကို မျက်စောင်းထိုးကာ ဘာမှဆက်မပြောတော့။ သူ့ရင်တွေ တထိတ်ထိတ်ခုန်နေခဲ့သည်။ 'မ'ရဲ့ အချစ်ကို မရနိုင်ပေမယ့် 'မ'ဆီက အမုန်းကိုတော့ သူ မလိုချင်ပါ။ ဒါပေမယ့် သူ့မှာ ရွေးချယ်စရာလမ်းမရှိတော့။ 'မ' ကို အဆုံးရှုံးမခံနိုင်ပါ။ ကြယ်စင်က သူ့ကို ဖြစ်တဲ့နည်းနဲ့ အနိုင်ပိုင်းတော့မှာ။ လူကြီးစုံရာနှင့် 'မ'ကို တောင်းရမ်းပြီး စေ့စပ်ကြောင်းလမ်းတော့မှာ။ သူ့နှလုံးသားနှင့် သူ . . . ဘယ်လောက် ထိခိုက်ခံစားရမယ်ဆိုတာကို ကြယ်စင် ဘယ်တော့မှ





ထည့်တွက်မှာမဟုတ်။ ငဲ့ညှာထောက်ထားမှာ မဟုတ်။

"ဒီလောက်အဝေးကြီးဟယ်၊ သက်နှင်းကလည်းလေ၊ စာသင်ရဦးမယ်လေ . . . နောက်ကျနေတော့မယ်"

"တစ်ရက်တစ်လေတော့ နောက်ကျပါရစေတော့ 'မ' ရယ်၊ ကျွန်တော် 'မ'နဲ့ စာသင်တာ ဘယ်တုန်းက ပျက်ကွက်ဖူးလို့လဲ၊ ဒီနေ့တစ်ရက်တည်းပါ"

"ဘယ်လောက်ဝေးဝေးတောင် သွားမှာမို့လဲဟဲ့၊ သက်နှင်း . . . နင့်မှာ ဦးနှောက်တော့ ရှိပါတယ်နော်၊ ကျွန်မက ရှင့်ညီရဲ့ 'ချစ်သူ' ဆိုတာ ရှင် သိတယ်မှလား"

'မ'က နည်းနည်း စိတ်လှုပ်ရှားနေပုံရသည်။ နင် တစ်လုံး ရှင်တစ်လုံးဖြင့် သူ့ကို ခေါ်ချင်သလိုခေါ်နေခဲ့သည်။

"သိပါတယ် 'မ'ရယ်၊ စိတ်ကလေး တစ်ချက်လောက် ရှည်ပေးပါ၊ ရောက်ပါတော့မယ်ဆို . . ."

"တော်ပြီဟယ် . . . အဲဒီလောက်အဝေးကြီး ငါ မလိုက်ချင်တော့ဘူး၊ ပြန်လှည့်တော့ သက်နှင်း၊ နင့်ဟာက မဟုတ်တော့ဘူး"

သူ 'မ'ကို ဘာမှ မတုံ့ပြန်ဘဲ ကားကိုသာ ခပ်သွက်သွက် မောင်းနေသည်။ အရေးဟယ် အကြောင်းဟယ် ဆို



www.burmeseclassic.com

www.burmeseclassic.com



'မ' စိတ်လိုက်မာန်ပါနှင့် ခုန်ချလို့မရအောင် တံခါးကို လော့(ခ်) ချထားလိုက်သည်။

"သက်နှင်း နင် ဘာတွေလျှောက်လုပ်နေတာလဲ၊ နင် မရိုးသားတော့ဘူးနော်၊ စိတ်ရူးပေါက်တိုင်း အရူးလို ထင်ရာလျှောက်လုပ်မနေနဲ့၊ ကားကို ပြန်လှည့်လို့ ငါ ပြောနေတယ်၊ ဒါမှမဟုတ် ကားကို ချက်ချင်းရပ်၊ ငါ့ကို စိတ်ဆိုးအောင် မလုပ်နဲ့နော် သက်နှင်း၊ ငါ တကယ် စိတ်တိုလာပြီ"

သူ ကားကိုသာ ဆက်မောင်းနေခဲ့သည်။ 'မ'က နည်းနည်းမှတော့ ရိပ်မိလာပုံရသည်။

"သက်နှင်း နင် ဘာလုပ်တာလဲ ဟင်၊ ငါ့ကို ဘယ်ခေါ် သွားတာလဲ ပြော၊ နင် ငါ ပြောနေတာ မကြားဘူးလား"

'မ'အသံက ပိုရှုံ့ကျယ်လာသည်။ ညင်သာနူးညံ့သော အမူအရာကလေးတွေ ပျောက်ဆုံးသွားခဲ့ပြီ။ သူ 'မ'ကို ကားပေါ်မှာ ဘာမှမပြောချင်သေး။ 'မ' စိတ်အရမ်းလှုပ်ရှား ပြီး ပေါက်ကွဲသောင်းကျန်းမှာကို စိုးသည်။ မှော်ဘီခြံသို့သာ အာရုံစိုက်ပြီး ဦးတည်မောင်းနေခဲ့သည်။

"သက်နှင်း . . . ပြောနေတာ မကြားဘူးလား၊ ရန်ကုန်





နဲ့ အရမ်းဝေးလာပြီနော်၊ နင် ဒါ ဘာလုပ်တာလဲလို့၊ နင့်မှာ စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိတော့ဘူးလား၊ ကား ကို ခုရပ်"

မရပ်နိုင်တော့ဘူး 'မ'ရယ်။ 'မ'ရဲ့အမိန့်ကို ကျွန် တော် တစ်ချိန်လုံး နာခံလာခဲ့တာပါ။ ဒီတစ်ကြိမ်ပဲ . . .။ သူ 'မ'ဘက်ကို လှည့်မကြည့်ရဲ။ အံတင်းတင်းကြိတ်ထားမည့် 'မ'ရဲ့ မီးလျှံတွေလို ဝင်းဝင်းတောက်နေမည့် မျက်ဝန်းတွေကို ရင်မဆိုင်ရဲပါ။ 'မ'ဘက်က လုံးဝ တိတ်ဆိတ်သွားသည်။ သူ လှည့်မကြည့်ရဲ။ 'မ'ဆီမှာ mobile ပါလာခဲ့ဟန်မတူ။ သူ သိသ လောက် 'မ'က ဖုန်းကိုင်လေ့မရှိပါ။ အဲဒါကပဲ သူ့ကို ကံကောင်း စေခဲ့သည်။ နောက်ဆုံးတော့ မှော်ဘီခြံဆီသို့ရောက်လာခဲ့ပြီ။ ခြံစောင့်ကို တံခါးဖွင့်ခိုင်းပြီး ဘန်ဂလိုသော့ တောင်းယူလိုက် သည်။

"ဦးလေး . . . ကျွန်တော် မိန်းမခိုးလာတာ၊ လောလော ဆယ် ဘယ်သူ့ကိုမှ မသိစေချင်သေးဘူး၊ ဘန်ဂလိုဘက် ကို ဘယ်သူမှ မလာပါစေနဲ့၊ ကိစ္စရှိရင် ကျွန်တော်လာခဲ့ မယ်"

ဟု . . . ခြံစောင့်ကို တစ်ခါတည်းမှာထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ကားပေါ်ပြန်တက်ပြီး ဘန်ဂလိုရှေ့အထိ ကားကို မောင်းလာခဲ့သည်။ 'မ'က ကားပေါ်မှ မဆင်း။ သူ တစ်ချက်ခိုး ကြည့်မိတော့ အံတင်းတင်းကြိတ်လျက် သူ့ကို လောင်ကျွမ်းပြာ ကျမတတ် မျက်ဝန်းစူးစူးကြီးများဖြင့် စိုက်ကြည့်လျက်ရှိတာကို တွေ့ရသည်။ သူ အိမ်တံခါးဖွင့်ပြီးမှ 'မ'ဆီ ပြန်လျှောက် လာခဲ့သည်။ သူ နောက်မဆုတ်တော့ဘူးလို့ ဆုံးဖြတ်ထားခဲ့ပြီး ပြီ။ ဘယ်သူတားတား သူ နောက်မဆုတ်တော့။ 'မ'ကိုယ်တိုင် ပင် တားလို့မရတော့။ သူ့ဘဝတစ်ခုလုံးမှာ 'မ'တစ်ယောက် တည်းကိုပဲ သူ မက်မက်စက်စက် စုံမက်မက်မောလှသည်မို့ 'မ' ကလွဲပြီး ဘာကိုမှ သူ မလိုချင်တော့။ 'မ'ရှိလျှင် 'မ'ကို တစ်သက်လုံး ပိုင်ဆိုင်ခွင့်ရလျှင် သူ သေလို့ပျော်ပြီ။

" 'မ' လာလေ . . ဆင်းပါ၊ အိမ်ထဲကျမှ 'မ'ကြိုက်သ လို ပြောတော့ဗျာ"

"ငါ မဆင်းဘူး၊ ငါ့ကို ခုချက်ချင်း ပြန်ပို့ပေးစမ်း သက် နှင်း၊ ငါမွေးတဲ့မျောက်က ငါ့ကို ပြန်ခြောက်တာ ငါ အသည်းအနာဆုံးပဲဟဲ့ . . သိလား၊ နင်ကများ ငါ့ကို ရာရာစစဟယ်"

'မ'အသံက ဒေါသတွေနှင့်သီးလို့ တုန်ခိုက်ကာ





ပျာလို့ပင်နေသည်။ နှုတ်ခမ်းတွေပင် တဆတ်ဆတ်တုန်လို့။ 'မ' ရယ် သနားဖို့ကောင်းလိုက်တာ။ ကျွန်တော် 'မ'ကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်လို့ပါ 'မ'ရယ်။

" 'မ' မဆင်းရင် ဆောရီးပဲ၊ ကျွန်တော် ပွေ့ချီပြီ"

သူ ကားတံခါးကို ဖြုန်းခနဲ ဆွဲဖွင့်ကာ 'မ' မရုန်း နိုင်မီ 'မ'ရဲ့ ကိုယ်ခန္ဓာကလေးကို ခွေ့ခနဲ ပွေ့ချီယူပစ်လိုက် တော့၏။ 'မ' ထွက်ပြေးမှာကိုလည်း စိုးသောကြောင့် အပြင်မှာ အချေအတင်တွေ ကြာကြာမပြောချင်ပါ။

"သက်နှင်း . . နင် လူယုတ်မာ၊ ကလေကချေ၊ လူစိတ် မရှိတဲ့ကောင်၊ အဆင့်အတန်းမရှိတဲ့ကောင်၊ ငါ့ကို မထိနဲ့၊ ငါ့အသားကို နင့်လက်တွေနဲ့ မထိနဲ့၊ ငါ့ကို ခုချက်ချင်း အောက်ချပေးစမ်း"

သူ့ကိုယ်ပေါ်မှာ 'မ'တစ်ယောက် ထွန့်ထွန့်လူး ကာ သူ့ဆံပင်တွေကို ဆွဲဆောင့် . . . မျက်နှာကို ကုတ်ခြစ် . . . ထုနှက်ကန်ကျောက်လျက် အိမ်ထဲသို့ပါလာခဲ့သည်။ အိမ်တံခါးကို အသေပိတ်လိုက်ပြီးတော့မှပဲ သူ စိတ်ချနိုင်တော့ သည်။ 'မ'က ကျားနာတစ်ကောင်လို သူ့ကို တိုက်ခိုက်လို့မဆုံး နိုင် . . .။



www.burmeseclassic.com

www.burmeseclassic.com





" 'မ' မကျေနပ်လည်း ကျွန်တော့်ကို အသေသာ သတ်လိုက်တော့ 'မ'ရယ်၊ 'မ'ကို ကျွန်တော် ခါးပိုက်နှိုက်လာတာ၊ ကျွန်တော်က ခါးပိုက်နှိုက်တစ်ယောက်ပဲ၊ သိပ်ချစ်လွန်းလို့ အဆုံးရှုံးမခံနိုင်လို့ 'မ'ကို ကျွန်တော် အလစ်သုတ်လာခဲ့တာ"

"အဲဒါ ခါးပိုက်နှိုက်ဦး အလစ်သုတ်ဦး ကဲ . . "

'မ'၏ ဒေါသတွေ စုပြုံထည့်ထားသော လက်သီးတစ်လုံးက သူ့မျက်နှာဆီ တရကြမ်း ပြေးဝင်လာခဲ့သည်။ သူ့မျက်လုံးတွေထဲ ကြယ်အစုံ ပြိုးပြက်လင်းလက်သွားကာ နှာခေါင်းထဲကနေ သွေးတွေ စီးကျလာခဲ့သည်။ ဒီလောက်ကတော့ သူက မဖြုံပါ။ ခါးပိုက်နှိုက်ရင်း မတော်တဆ မိသွားခဲ့ရင် လူပေါင်းများစွာရဲ့ ရိုက်နှက်ထိုးနှက်ကန်ကျောက်သမျှကို သူ ခံရဖူးလို့ သူ ထူးပြီး မနာတတ်တော့ပါ။ သူ 'မ'ရဲ့ရှေ့မှာ ဒူးညွှတ်ထိုင်ချလိုက်သည်။

"ဒီနေ့ကစပြီး 'မ'ကို ကျွန်တော့်မျက်စိအောက်ကနေ အပျောက်မခံဘူး၊ ကျွန်တော် 'မ'ကို အရိပ်တကြည့်ကြည့် စောင့်ရှောက်မယ်၊ 'မ'ကို ကျွန်တော် အရမ်းမြတ်နိုးတန်ဖိုးထားရတဲ့ အရုပ်ကလေးတစ်ရုပ်လို







လိုလေသေးမရှိ ပြုစုယုယမယ်၊ 'မ' ကျွန်တော့်ကို ဘယ်လောက်ပဲမုန်းမုန်း ကျွန်တော် 'မ'ကို မြတ်မြတ်နိုးနိုးကိုးကွယ်မယ်၊ 'မ'ကို အလှကြည့်နေမယ်၊ တစ်သက်လုံးအလှထိုင်ကြည့်နေမယ်"

"နင့်ကို ငါ အရမ်းမုန်းတယ် သက်နှင်း၊ ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူး၊ ငါ့ကို ခုချက်ချင်း ပြန်ပို့ပေးရင် အချိန်မီသေးတယ်၊ ပြန်ပို့ပါ သက်နှင်းရယ်၊ ငါ့မှာလည်း ချစ်သူနဲ့၊ အဲ့ဒီလူကလည်း နင့်ရဲ့ညီပါ၊ နင့်မှာ စာနာထောက်ထားတတ်တဲ့ အသိဉာဏ်ကလေးလောက်တော့ ရှိသင့်ပါတယ်"

ပြောနေရင်းကနေ 'မ'က နှုတ်ခမ်းကလေးကိုက်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့ သူ ရင်ထဲနင့်နေအောင် နာကျင်မိလေသည်။ သူ 'မ'ကို ချစ်မြတ်နိုးမက်မောခြင်းတို့ဖြင့်သာ ငေးကြည့်နေမိခဲ့သည်။ 'မ'က သူ့ကို တစ်ချက်ကြည့်သည်။ အေးစက်နာကြည်းလွန်းသော မျက်ဝန်းများ။

"သက်နှင်း . . ငါ့ကို ပြန်ပို့ပေးလို့ ပြောနေတယ်နော်၊ ငါ့ဘဝကို နင် မဖျက်ဆီးနဲ့၊ နင့်လို စာတစ်လုံးမှ မတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရိုင်းအစိုင်းဘဝကနေ လူယဉ်ကျေးတစ်ယောက်ဖြစ်လာအောင် သင်ပေးခဲ့တဲ့ ကျေးဇူးလေးတောင် နင်မထောက်တော့ဘူးလား ဟင်၊ ဒီလိုလုပ်လို့ နင် ငါ့ကို တကယ်ရမယ်ထင်သလား ဟင်၊ နင် တစ်သက်လုံး ငါ့ရဲ့ အမုန်းကိုပဲ နင် ရတော့မှာ သိရဲ့လား"

" 'မ'ကို မျက်စိရှေ့မှာတင် တစ်သက်လုံး ဆုံးရှုံးလိုက်ရတာထက်စာရင် အနည်းဆုံး 'မ'ဆီက 'အမုန်း'ဆိုတဲ့ ပြင်းထန်တဲ့ စိတ်ခံစားမှုတစ်ခုပဲ ပြန်ရဦးတော့ ကျွန်တော် ကျေနပ်တယ် 'မ'၊ 'မ' မုန်းပါ။ ကျွန်တော့်ကို 'မ' ကြိုက်သလောက်မုန်း ကျွန်တော် ခံယူမယ်၊ ချစ်တာပဲဖြစ်ဖြစ် မုန်းတာပဲဖြစ်ဖြစ် နှလုံးသားထဲကနေ နင့်နင့်သည်းသည်း ပြင်းပြင်းပြပြ ခံစားရကဲ့ ခံစားချက်ပဲ၊ 'မ'ဆီက 'အချစ်'ဆိုတာကို မရနိုင်လည်း 'အမုန်း'ကို ကျွန်တော် ခံယူမှာပဲ၊ ကျွန်တော်ကတော့ 'မ'ကို အရမ်းချစ်တယ်၊ ဟော့ဒီရင်ဘတ်ကြီး ပွင့်ထွက်သွားလောက်အောင်ကို ချစ်တယ်ဗျာ . . ."

'မ'က ရုတ်တရက် စိတ်ဖောက်ပြန်သွားသူလို အာခေါင်ခြစ်ပြီး ကုန်းအော်ပစ်လိုက်သည်။ ဒေါသတကြီး စိတ်





လိုက်မာန်ပါ ငိုကြွေးတော့သည်။ ရှိရှိသမျှ ပစ္စည်းတွေနှင့် ပစ်ပေါက်သည်။ နောက်တော့ 'မ'ရဲ့ မျက်ဝန်းအကြည့်က အခန်းထောင့်တစ်နေရာဆီသို့ ဖျတ်ခနဲ ရောက်သွားခဲ့သည်။ သူက 'မ'ထက် ပိုလျှင်ပါသည်။ ထိုနေရာဆီသို့ ဝုန်းခနဲ ရောက်သွားကာ တယ်လီဖုန်းပလပ်ကို ဆွဲဖြုတ်ပစ်လိုက်သည်။ ပြီးတော့ 'မ'ရဲ့ မျက်စိရှေ့မှာတင် တယ်လီဖုန်းကလေးကို တစ်စစီ ကြေမွသွားအောင် ထုနှက်ချိုးချေပစ်လိုက်တော့သည်။

'မ'က စိတ်ဓာတ်ကျသွားသလို ဒူးများညွတ်ခွေ၍ ပြိုလဲကျသွား၏။ သူ 'မ'၏ ခန္ဓာကိုယ်ကလေးကို ပွေ့ချီမ,ယူကာ အမြေအိပ်သော ကုတင်ပေါ်မှာ အသာအယာ ချွားတင်ပေးထားလိုက်သည်။ သတိကင်းလွတ်နေသော 'မ'၏ မျက်နှာကလေးကို သူ တမေ့တမော ထိုင်ငေးကြည့်နေရတာကို ဘယ်လို မက်စက်မိမှန်းမသိ။ အပြင်မှာ မှောင်စပျိုးခဲ့ပြီ။ ခုလောက်ဆို သူနှင့် 'မ' ပျောက်သွားတာကို အိမ်က သိလောက်ရောပေါ့။ ဘယ်မှာ လိုက်ရှာကြမလဲ။ ရှာကြစမ်း . . .။ 'မ'ကို ခိုးတော့မည်ဟု သူ ဆုံးဖြတ်လိုက်ပြီးချိန်ကစ,ပြီး တစ်ပတ်နှစ်ပတ်လောက် သူ အချိန်ယူပြီး ကြိုတင်ပြင်ဆင်ထားခဲ့တာတွေရှိသည်။ ကားနောက်ခန်းမှာ အိတ်ကြီးနှင့်တစ်လုံး။ 'မ'အတွက်



www.burmeseclassic.com

www.burmeseclassic.com





အကျီအဝတ်အစားတွေ သူ ကြိုပြီး ကျိတ်ဝယ်ထားခဲ့သည်။ အတွင်းခံတောင် မကျန်စေရ။ ပြီးတော့ 'မ'စီးဖို့ ဖိနပ်။ 'မ' သွားတိုက်ဖို့ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာသစ်ခွက်။ ဒီအိမ်ကလေးမှာအောင်းနေတုန်း စားဖို့သောက်ဖို့ ဟင်းအခြောက်အခြမ်းတွေ၊ ကော်ဖီမှုန့်၊ သကြား၊ ကြက်ဥ၊ ပေါင်မုန့် . . . စသဖြင့်။ 'မ'အတွက် ကော်ဖီခွက်လှလှကလေးလည်း ပါသည်။ အိမ်မှာ ဆန်အိတ်ကတော့ အဆင်သင့်ရှိတတ်သည်ကို သူ သိထားသည်။ ခေါက်ဆွဲ၊ ကြာဇံပြုတ် အခြောက်ထုပ်ကလေးတွေလည်း ပါသည်။ အားလုံးကို သူ့နေရာနှင့်သူ စီစီရီရီ ချထားလိုက်သည်။ 'မ' ဘယ်အချိန် သတိရမလဲ။ သတိရလာတဲ့အခါ 'မ' ဆာချင်ဆာနေမှာ။ 'မ'အတွက် ညစာ သူ ပြင်ဆင်ထားရမည်။ Rice Cooker ထဲ ဆန်ထည့်ကာ ထမင်းတစ်အိုး အရင်တည်ထားလိုက်သည်။ ဝက်အူချောင်းကြော်နှင့် ကြက်ဥအုန်းမလက်ကြော် ကြော်ထားလိုက်သည်။ ဟင်းချိုအတွက်တော့ သီးစုံကုလားဟင်း ရယ်ဒီမိတ်အထုပ်ကိုဖောက် ကာ ချက်လိုက်သည်။ ရယ်ဒီမိတ်အစားအစာတွေ တော်တော်စုံစုံဝယ်လာခဲ့သည်မို့ အဆင်ပြေလှသည်။ ငါးကျည်းအကြွပ်ကြော်အထုပ်တစ်ထုပ်ဖောက်ကာ ပန်းကန်ထဲမှာ ပြင်ဆင်







ထည့်ထားလိုက်လျှင် ညစာထမင်းပွဲကလေး အဆင်သင့်။ 'မ' စားဖို့ ငါးပိရည်၊ လဖက်ထုပ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ အထုပ်တွေကအစ ပါလာခဲ့သည်။ ဒီအိမ်ကလေးမှာ နေလို့ရသမျှ သူတို့ နေရမှာကိုး။ တစ်ပတ်ကြာချင်လည်း ကြာမည်။ ဆယ် ရက် ကြာချင်လည်း ကြာလိမ့်မည်လေ။

'မ'လဲဖို့ ညဝတ်အကျီနှင့် ဘောင်းဘီတစ်စုံ 'မ' ရဲ့ ခြေရင်းမှာ သပ်သပ်ရပ်ရပ် ချပေးထားလိုက်သည်။ သွားပွတ်တံမှာ သွားတိုက်ဆေးကလေး အဆင်သင့် ညှစ်ထားပေးပြီး 'မ' ခေါင်းရင်းဘေးစားပွဲမှာ တင်ထားပေးပြီးနောက် 'မ' ဘေးမှာ ငြိမ်ငြိမ်ကလေးထိုင်ကာ 'မ'ရဲ့ မျက်နှာကလေးကို တစိမ့်စိမ့် ထိုင်ငေးကြည့်နေမိရင်း ချစ်မြတ်နိုးစိတ်တွေ တစိမ့်စိမ့် ယိုဖိတ်စီးကျလျက်ရှိသည်။ အရမ်းချစ်လို့ပါ 'မ'ရယ်။ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့။

'မ'ရယ် သတိပြန်ရလာပါတော့လား။ 'မ' ဆာနေရော့မယ်။ ဟင်းတွေ အေးသွားတာက ကိစ္စမရှိပါဘူး၊ Microwave ရှိသားပဲ။ ပြန်နွေးပေးမှာပေါ့။ 'မ' ပူပူနွေးနွေးလေး စားရအောင်လေ။ သူ့ဗိုက်ထဲက တဂျုတ်ဂျုတ်မြည်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာလာသည့်တိုင် 'မ' သတိမရမချင်း သူ စားချင်စိတ် မရှိ . . . ။

'မ' လူးလွန့်ကာ သတိပြန်ရလာတော့ ည ဆယ်နာရီကျော်နေပြီ။ လျှပ်စစ်မီးပျက်သွားပြီမို့ ဖယောင်းတိုင်မီးကလေးတွေ လင်းနေအောင် လိုက်ထွန်းပေးထားရသည်။

"သက်နှင်း . . . ငါ့ကို ခုချက်ချင်း ပြန်ပို့ပေး၊ ဘယ်အချိန် ရှိပြီလဲ၊ ငါ အိမ်အရမ်းပြန်ချင်တယ်၊ မေမေတို့ ငါ့ကို အရမ်းစိတ်ပူနေလိမ့်မယ်၊ သက်နှင်းရယ် ငါ ရှိကြိုးခိုးပါရဲ့၊ ငါ ပြန်ပါရစေ"

"ည ဆယ်နာရီကျော်ပြီ မ၊ 'မ' ဗိုက်ဆာနေရောပေါ့။ ညစာ စားရအောင်လေ၊ ကျွန်တော် အဆင်သင့်ပြင်ထားတယ်၊ ညဝတ်အင်္ကျီကလေးလဲထားလိုက်မလား၊ ခြေလက်သန့်စင်လိုက်ပါလား 'မ'၊ ဒီမှာ သွားတိုက်ဆေးနဲ့ သွားပွတ်တံ၊ မျက်နှာသစ် သွားတိုက်လိုက်နော်"

"ဘာ . . . သွား သွား၊ ငါ ဘာမှမစားဘူး၊ ဘာမှလည်း မလုပ်ဘူး၊ ငါ အိမ်ပြန်မှဖြစ်မယ် သက်နှင်း၊ နင့်ကိုငါ မုန်းလွန်းလို့ သေတော့မယ် . . သိလား"

'မ'သည် အံတင်းတင်းကြိတ်ကာ ချက်ချင်း ဝုန်း





ဒိုင်းကြဲပေါက်ကွဲပြန်သည်။ သူ ငြိမ်သက်ခြင်းဖြင့် တုံ့ပြန်ရသည်။ မောသွားသောအခါ 'မ'က အိပ်ရာပေါ်မှာ ခွေခွေလေး တသိမ့်သိမ့်ကြိတ်ပြီး ရှိုက်ငင်နေတော့သည်။ 'မ'ကို အရမ်း သနားပေမယ့် သူ မတတ်နိုင်ပါ။ တစ်ညလုံး ထိုင်ကြည့်နေဖို့သာ ရှိသည်။ 'မ'ကလည်း စိတ်ပြင်းပြင်း၊ သူကလည်း ဇွဲကောင်းကောင်းဖြင့် တစ်ညလုံးမအိပ်ကြဘဲ နောက်တစ်နေ့အာရုံတက်မှ မှေးခနဲ အိပ်ပျော်သွားကြသည်။

ပထမဆုံး နိုးလာသူက သူ။ 'မ'အတွက် မနက်ခင်းစာ ထမင်းကြော်သည်။ ငါးရံ့ခြောက်ဖုတ်ကို အမျှင်ကလေးတွေနွှာပြီး ဆီဆမ်းသည်။ ကော်ဖီဖျော်သည်။ ကြက်ဥကြော်သည်။ ညက မစားလိုက်ရသော ဟင်းတွေလည်း ရှိသေးသည်။ 'မ' မျက်နှာသစ်ဖို့ သွားတိုက်ဖို့ အဆင်သင့်ပြင်ဆင်ပေးကာ 'မ' အဝတ်လဲဖို့ ချည်အင်္ကျီကလေးနှင့် အသင့်ချုပ်ပြီး သားထဘီကလေးကို 'မ'ခြေရင်းမှာ တင်ထားလိုက်သည်။ 'မ' စီးဖို့ ဖိနပ်ကအစ ကုတင်ဘေးမှာ အဆင်သင့်။

'မ'နိုးလာတော့ အမူအရာ ပြောင်းသွားခဲ့ပြီ။ စကားတစ်ခွန်းမှမပြောတော့ဘဲ မျက်နှာသစ် သွားတိုက်သည်။ သူပြင်ဆင်ပေးထားသော မနက်စာကို တိတ်တိတ်ဆိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com





စားသည်။ ရေချိုးခန်းဝင်ပြီး ရေမိုးချိုးသည်။ သူ အသင့်တင်ပေးထားသော အင်္ကျီနှင့်ထဘီကို လဲသည်။ ပြီးတော့ 'မ' လွယ်လာသော အိတ်ထဲမှ စာအုပ်ကိုထုတ်ယူကာ ဘောလ်ပဲန်တစ်ချောင်းနှင့် စာထိုင်ရေးသည်။ သူက 'မ'လုပ်နေသမျှကို ခပ်လှမ်းလှမ်းကနေသာ အသာငေးကြည့်နေခဲ့သည်။ စာရေးပြီးတော့ စာရွက်ကို သူမြင်သာအောင် စားပွဲပေါ်မှာ ချထားခဲ့ ပြီး အခန်းကလေးထဲ ပြန်ဝင်သွားခဲ့သည်။ သူ စာရွက်ကလေး ကို ကမန်းကတန်း ယူဖတ်လိုက်မိလေသည်။

"ယောကျ်ားတစ်ယောက်နဲ့ တစ်ညတာ အတူရှိနေခဲ့ပြီးမှတော့ ငါ့ဘဝ ရှုံးနိမ့်ခဲ့ပြီးပြီလို့ပဲ မှတ်လိုက်တယ်၊ ငါ့အတွက် ဂုဏ်သိက္ခာက အရေးကြီးတယ်၊ နင် ချိုးဖြေခဲ့တဲ့ ငါ့ဘဝ မကြေမွအောင် ငါ နေပြမယ်၊ ငါ အလိုမတူဘဲ နင် ခိုးယူခဲ့တယ်ဆိုတာ အားလုံးသိစေရမယ်၊ ငါ့ဘဝမှာ 'နင်'ဆိုတာ မရှိစေရဘူး၊ နင့်ကို ဒီနေ့ကစ ပြီး ငါ ခွင့်မလွှတ်တော့ဘူး၊ ငါ့ကို မတရားသိမ်းပိုက်တဲ့ အပြစ်ဒဏ်ကို နင် နေ့တိုင်း တစိမ့်စိမ့် ပြန်ခံစားရမယ်၊ နင် မပျော်စေရဘူး၊ နင်-အမြဲ နောင်တရနေစေရမယ်၊ အဲဒါ ငါ့သစ္စာပဲ"







စာလေးက တိုတိုကလေး။ ဒါပေမယ့် သူ့နှလုံးသားကိုတော့ ထုတ်ချင်းခတ် ဖောက်စူးသွားခဲ့ပါသည်။ မ သူ့ကို စကားတစ်ခွန်းမှ မပြောတော့။ သူနှင့်ပတ်သက်ပြီး ဘာခံစားချက်မှ မပြတော့ဘဲ အရုပ်တစ်ရုပ်လို အသက်မဲ့စွာနေသည်။ သူ့ကို လုံးဝ လျစ်လျူရှု ဥပေက္ခာပြုလိုက်သလို နေပြခြင်းဖြစ်သည်။ 'မ' ရဲ့ အသံကို ကြားချင်လွန်း၍ သူ မကြားရတော့။ အိမ်ကလေးက လုံးဝ တိတ်ဆိတ်ငြိမ်ကျသွားခဲ့သည်။ 'မ'က ဒီအတိုင်းပဲ ငြိမ်သက်စွာ ထိုင်နေတတ်ကာ ပြတင်းပေါက်က နေမြင်နေရသော နှင်းဆီစိုက်ခင်းတွေဆီသို့သာ ငေးကြည့်နေတတ်သည်။ သူ့မေးခွန်းတွေကိုလည်း ပြန်မဖြေ။ သူ စကားပြောလျှင်လည်း ပြန်မပြော။ နှုတ်ခမ်းနှစ်လွှာကို ချုပ်နေအောင် တင်းတင်းစေ့ထားတတ်သည်။ မျက်လုံးတွေကလည်း သူ့ကို မကြည့်တော့။ 'မ'ရဲ့မြင်ကွင်းထဲသို့ သူ ရောက်သွားမိလျှင် 'မ' က မျက်နှာလွှဲသွားတတ်သည်။ 'မ' မပြောပေမယ့် သူက တော့ 'မ'ကို တိုင်တည်ပြီး တစ်ယောက်တည်းပဲ စကားပြောဖို့ ကြိုးစားသည်။ 'မ'ဆီက တုံ့ပြန်မှုမရခဲ့လည်း သူ နာကျင်ကြေကွဲမိပေမယ့် 'မ'ဆီက ဇွတ်မတောင်းဆိုပါ။ 'မ'အတွက် သူ လုပ်ပေးစရာတွေကိုပဲ ဇွန်းနွေးထွေးထွေး လိုလိုချင်ချင် သူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပေးမိတတ်သည်။ တစ်နေ့တာသည် သူ့အတွက် တော့ ဘာမှ မကြာလိုက်သလို ခဏလေးရယ်။ 'မ'အတွက် နေ့လည်စာပြင်ဆင်ပေးခြင်း၊ 'မ' ရေချိုးဖို့ ပြင်ဆင်ပေးခြင်း၊ 'မ' လိမ်းဖို့ သနပ်ခါးကို သူ သွေးပေးခြင်း၊ 'မ' အသစ်လဲဖို့ အင်္ကျီထဘီကလေး အသင့်ထုတ် ပေးထားခြင်း . . ပြီးတော့ 'မ'ရဲ့ အဝတ်ဟောင်းတွေ သူ လျှော်ပေးခြင်း၊ နေထုတ်လှန်းခြင်း၊ ညနေစောင်းတော့ တစ်ခါ ညစာ ပြင်ဆင်ပေးခြင်း . . . စသဖြင့် မအားလပ်အောင် လုပ်ကိုင်ပေးရင်း အားလျှင် 'မ'ကို ခပ်လှမ်းလှမ်းကနေ ထိုင်ငေးကြည့် နေရတာကိုပဲ သူ နှစ်သိမ့်ရောင့်ရဲစွာ ကျေနပ်မိသည်။ ခြံစောင့်ကြီးကလည်း သူ မှာထားသဖြင့် အိမ်ကလေးဘက်ကို ယောင်၍တောင် ရောက်မလာခဲ့။ ဒီတော့ 'မ'နဲ့သူ နှစ်ယောက်တစ်ကမ္ဘာကလေး။ 'မ'က ပြန်မပြောပေမယ့် သူကတော့ ပြောမြဲ။

" 'မ' ထမင်းစားတော့မလား ? ဘာစားချင်လဲဟင် ? လက်ဖက်သုပ် စားချင်လား"

" 'မ' ရေချိုးတော့မလား ?၊ ကျွန်တော် ရေနွေးကလေးနဲ့ စပ်ပေးထားတယ်၊ ချိုးလိုက်တော့နော်"

" 'မ' ခေါင်းကိုက်လား၊ ဇက်ကြောတက်လား၊ ကျွန်တော်





နှိပ်ပေးမယ်လေ"

ဆိုပြီး . . သူက 'မ'နားတိုးသွားလျှင် 'မ'က ဆတ်ခနဲခါပြီး ထွက်သွားတတ်ပေမယ့် တစ်နေ့တစ်ခေါက်တော့ သူ မေးမြဲ . . .။

" 'မ' ခြံထဲဆင်းပြီး လမ်းလျှောက်ချင်လား၊ 'မ' ညောင်းနေမှာပေါ့၊ စာအုပ်တွေ ဖတ်ချင်လားဟင်၊ ကျွန်တော် ထွက်ငှားပေးမယ်လေ"

ဧည့်ခန်းထဲမှာ CD Player နှင့် ရေဒီယို တွဲရက် ရှိတာမို့ 'မ'က တစ်နေ့တစ်နေ့ FM လိုင်းတွေဖွင့်ကာ နားထောင်နေရင်း အချိန်ဖြုန်းတတ်သည်။ LCD အပါး အသေးကလေး ရှိသည်မို့ စိတ်လိုလျှင် TV ဖွင့်ကာ ကိုရီးယား ကား ထိုင်ကြည့်ချင် ကြည့်နေတတ်သည်။ 'မ' ကြည့်ရတာ စိတ်လျှော့ထားလိုက် ပုံပေါ်သည်။ ဖြစ်ချင်ရာဖြစ် မထူးတော့ ဘူးဆိုသော မျက်နှာထားမျိုးနှင့်ပါ။ သူကတော့ တစ်နေ့တခြား 'မ'ကို ထိုင်ငေးကြည့်ရတာကို မငြီးနိုင်ပါ။ 'မ'အင်္ကျီတွေ ထဘီတွေကို သူ မီးပူထိုင်တိုက်ပေးရင်း 'မ'ကို ငေးကြည့်ရသည်။ 'မ' စားဖို့ သောက်ဖို့ မရိုးနိုင်အောင် ချက်ပြုတ်ပြင်ဆင်ပေးရ တာကို သူ ပျော်သည်။ 'မ'က သူ့ကို စကားတစ်ခွန်းမှ



www.burmeseclassic.com


www.burmeseclassic.com



မပြောပေမယ့်၊ သူ့ကို တစ်ချက် ငဲ့စောင်း၍မကြည့်ပေမယ့် သူကတော့ 'မ'ကို စကားတွေ ပြောနေရတာ၊ 'မ'ကို ငေးလို့ ရသမျှ ငေးကြည့် နေရတာကို နှစ်သိမ့်ရောင့်ရဲနေခဲ့မိပါသည်။

◆◆◆◆◆








www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်ထဲမှာ တစ်မိုးအောက်မှာ

သူ သိပ်ချစ်မြတ်နိုးကိုးကွယ်မိသော

မိန်းမတစ်ယောက်နှင့်

သူ့ဘဝတလျှောက်လုံး

အတူနေထိုင်ခွင့်ရသွားတော့မည့်

အခွင့်အရေးကိုရခဲ့ပြီးနောက်တွင်

သူ့ဘဝတစ်ခုလုံးပြည့်စုံခမ်းနားလှပသက်ဝင်ခဲ့ပါပြီ၊

သူ ဘာမှ ထပ်ပြီး မလိုချင်တော့ ...

မမက်မောတော့ ...





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၇

ဒီလိုနှင့်ပဲ တစ်ပတ်ဆိုသောအချိန်သည် ဘယ်လိုကုန်သွားလိုက်မှန်း မသိ။ ဘန်ဂလိုရှေ့မှာ ကားရပ်လိုက်သံလိုလို ကြားလိုက်ရသဖြင့် သူ အိမ်ရှေ့သို့ ထွက်ခဲ့သည်။ 'မ'က ရေချိုးခန်းထဲ မှာ ရေချိုးနေတုန်း . . .။ သူ ထင်ထားသည့်အတိုင်းပါပဲ မေမေ လိုက်လာခဲ့ခြင်းဖြစ်သည်။ သူ တံခါးဖွင့်ပေးလိုက်တော့ မေမေက မျက်ရည်များဖြင့် သူ့ကို ငေးကြည့်နေခဲ့သည်။ မေမေ့ မျက်နှာပေါ်မှာ သူ့အပေါ် နားမလည်နိုင်ခြင်းများစွာတို့ဖြင့် လှုပ်လှုပ်ခတ်ခတ် ရှိလွန်းလှသည်။

"သားရယ် .. ဘယ်လိုလုပ်လိုက်တာလဲ၊ မေမေဖြင့် နားမလည်နိုင်တော့ဘူးကွယ်"

"ကျွန်တော် 'မ'ကို သိပ်ချစ်လို့ပါ အမေရယ်၊ ကျွန်တော် သိပါတယ်၊ ကျွန်တော် အရမ်းမိုက်ပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် 'မ'ကို အားလုံးနဲ့ လဲရဲတယ်၊ ကျွန်တော် သူ့ကို အဆုံးရှုံးမခံနိုင်ဘူး"

"ညီလေးက အရမ်းသနားဖို့ကောင်းတယ် သားကြီးရယ်၊ ဘာပဲဖြစ်ဖြစ် ညီလေးကိုတော့ ငဲ့ညှာထောက်ထားဖို့ ကောင်းတာပေါ့၊ ပြီးတော့ သမီးကိုလည်း စာနာဖို့ ကောင်းတယ်"

အမေ့မျက်နှာပေါ်မှာ သူ့ကို အပြစ်တင်ချင်သော်လည်း မတင်ရက်သလို ရင်နင့်နေဟန်သာရှိသည်။

"ကျွန်တော့်ဘဝမှာ 'မ'ကလွဲပြီး ဘာမှ မလိုချင်ခဲ့ပါဘူး အမေ၊ ကြယ်စင်က အကုန်ရခဲ့တဲ့သူပါ၊ ကျွန်တော်လုပ်ခဲ့တာ မှားချင်မှားလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော် နောင်တ,တော့ မရဘူး"

ထိုစဉ်မှာ ရေချိုးအဝတ်အစားလဲပြီးသော 'မ'က ဧည့်ခန်းထဲသို့ ရောက်လာသည်။ အမေ့ကိုမြင်တော့ 'မ' အံ့က လေးကြိတ်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ စကားတစ်ခွန်းမှ မပြော။ အမေက 'မ'ဘေးမှာဝင်ထိုင်ပြီး 'မ'ရဲ့ ပခုံးကလေးကို ဖက်ထားခဲ့သည်။

"သမီးရယ်... သားကိုယ်စား အန်တီ တောင်းပန်ပါ





ရစေ၊ သမီး မိဘတွေဆီ ပြန်အပ်ပေးပြီး မင်္ဂလာပွဲက လေး တင့်တင့်တယ်တယ် လုပ်ပေးပါ့မယ်ကွယ်၊ သမီး ပယောဂ မပါမှန်း အန်တီတို့ နားလည်ပါတယ်၊ ဖြစ်ခဲ့ ပြီးမှတော့ သမီးချင်း ကိုယ်ချင်းစာစွာနဲ့ သမီးစိတ် တိုင်းကျ ဖြစ်စေရပါမယ်"

'မ'က နှုတ်ခမ်းကလေးကို ကိုက်ထားခဲ့သည်။

"ကျွန်မ အလိုမတူဘဲ ကားတင်ပြေးခံခဲ့ရတာကို ကျွန်မ မကျေနပ်ဘူး အန်တီ၊ သူ့ကိုလည်း ဘယ်တော့မှ ခွင့် မလွှတ်ဘူး၊ ကျွန်မဘဝကို တစ်စစီဖြစ်အောင် ခြေမွခံ လိုက်ရတာ ကျွန်မ တစ်သက်မကျေဘူး၊ ဖြစ်နိုင်ရင် ကျွန်မ သူ့ကို တရားစွဲချင်တာ၊ လူသိရှင်ကြား ဟိုးလေး တကျော်ကျော် အရှက်မကွဲချင်လို့သာ ကျွန်မ မာန် လျှော့လိုက်ရတာပါ အန်တီ၊ ယောကျ်ားတစ်ယောက်နဲ့ တစ်ပတ်လုံးလုံး အတူရှိနေခဲ့ပြီးမှတော့ ကျွန်မဘဝမှာ ထင်သွားတဲ့ အမည်းစက်ကို ဘာနဲ့ ပြန်ချေဖျက်လို့ရ တော့မှာလဲ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်း လုပ်သင့်လုပ် ထိုက်တဲ့အတိုင်းပဲ ကျွန်မ လုပ်ပါမယ်၊ ကျွန်မရဲ့ မိဘ တွေကိုလည်း တစ်ရှက်ကနေ နှစ်ရှက်အဖြစ်မခံနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အစစအရာရာ အန်တီပဲ ကောင်းသလို စီစဉ်ပေး ပါတော့"

'မ'ရဲ့အသံက နှလုံးသားကို ထိုးခွဲပြီး ထွက်လာရသော အသံမျိုး . . အကြေကြေ အအက်အက်။ မေမေက 'မ' ကို ကရုဏာသက်လွန်းစွာဖြင့် ခပ်တင်းတင်း ပွေ့ဖက်ထားကာ နှစ်သိမ့်အားပေးနေသည်။

"အန်တီ နားလည်တယ် သမီး၊ သမီးရဲ့ ရင်တွင်းခံစားချက်တွေကို မိန်းမချင်း ခံစားနားလည်ပေးနိုင်ပါတယ်၊ သမီးဆုံးဖြတ်တာ မမှားပါဘူးကွယ်၊ ဒီလိုဖြစ်ဖို့ ကံပါလာမှတော့ ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့၊ အန်တီ့သားရဲ့ အလွန်ပါ၊ သူ မိုက်မဲခဲ့တာပါ၊ အနှစ်နှစ်ဆယ်လုံးလုံး အန်တီတို့ ရင်ခွင်ကနေ ပျောက်ဆုံးခဲ့ရတဲ့သားမို့ စွန့်လည်း မစွန့်ရက်နိုင်ပါဘူး သမီးရယ်၊ အပြစ်တင်ချင်ပါတယ်၊ စိတ်ဆိုးချင်ပါတယ်၊ အပြစ်ပေးဒဏ်ခတ်ချင်ပါတယ်၊ ဒါပေမယ့် မလုပ်ရက်ဘူး သမီး၊ မိဘမှလား သမီးရယ်၊ သမီးအပေါ် မတရားအရယူခဲ့သလို ဖြစ်နေခဲ့တာကို မိခင်တစ်ယောက်အနေနဲ့ အနူးအညွတ် တောင်းပန်ပါတယ် သမီးရယ် . . နော်၊ သားကို ခွင့်





လွှတ်ဖို့ အန်တီ မတောင်းဆိုထိုက်ပါဘူး၊ ခွင့်မလွှတ်ပါနဲ့ . . ဒါပေမယ့် အန်တီတို့ စီစဉ်ပေးတာကိုတော့ လက်ခံပေးပါနော်၊ လူကြီးစုံရာနဲ့ လက်ထပ်ပွဲကလေးတော့ ကျင်းပပေးပါရစေ"

မိန်းကလေးနှစ်ယောက် အပြန်အလှန် ပြောဆိုနေကြတာကိုပဲ သူ ရင်တသိမ့်သိမ့်ခုန်လျက် နားထောင်နေခဲ့မိသည်။ 'မ'ရဲ့ အသံကလေးကို ပြန်ကြားခွင့်ရတာကိုပဲ သူ ရင်ခုန်ပျော်ရွှင်လွန်းလှပြီ။ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ 'မ' ရယ်။ ကျွန်တော့်ကို စိတ်ရှိလက်ရှိသာ မုန်းနေလိုက်ပါ။ ကျွန်တော် ခံယူပါမယ် . . . ။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



'မ'ကို မိဘတွေဆီမှာ လူကြီးစုံရာဖြင့် ပြန်အပ်သည့်ပွဲကလေး ပြုလုပ်ခဲ့ပြီးနောက် တရားရုံးမှာ လက်မှတ်ထိုးလိုက်ကြသည်။ မင်္ဂလာဧည့်ခံပွဲကို 'မ'က အကြီးအကျယ်မလုပ်ချင်ပါ ဆိုသောကြောင့် သူတို့ခြံကျယ်ထဲမှာပဲ ဒင်နာပါတီပွဲကလေး အကျဉ်းရုံးလိုက်ရသည်။ အဖေကတော့ သူ့ကို စိတ်ဆိုးနေခဲ့သည်။ အိမ်မှာ ကြယ်စင်နှင့်လမင်းတို့နှစ်ယောက်မရှိတော့။ စင်္ကာပူကို ထွက်သွားခဲ့ကြပြီ။ ကြယ်စင် သူ့ကို ဘယ်လောက်နာသွားမယ်မှန်း သူ မှန်းဆကြည့်လို့ရပါသည်။ မတတ်နိုင်ပါ။

'မ'က ရိုးရိုးကလေးသာ ပြင်ဆင်ထားခဲ့ပြီး မျက်နှာထားက အေးစက်တည်ငြိမ်လွန်းလှသည်။ မျက်နှာပေါ်မှာ အပြုံးတစ်စက်မှ မရှိ။ 'မ'ကို ကြည့်လိုက်ရုံနှင့် ဒီမင်္ဂလာပွဲဟာ သူမရဲ့ အလိုဆန္ဒမပါဝင်ခဲ့မှန်း ၊သိသာစေသည်။ အဖြူရောင် ဇာပါးပါးဝတ်စုံကလေးနှင့် ဆံထုံးကပိုကရိုကလေး ထုံးဖွဲ့ထားကာ ခုံတစ်ခုံမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး ခပ်ဝေးဝေးသို့ လှမ်း





ငေးနေသော 'မ'ပုံစံက သတို့သမီးနှင့်လုံးဝမတူ။ သူမနှင့် ဒီမင်္ဂလာပွဲ ဘာမှမဆိုင်သလိုပင်။ လူတွေကလည်း သိပ်များများစားစား မရှိလှပါ။ အဖေနဲ့အမေရဲ့ မိတ်ဆွေတွေလောက်သာ။ 'မ' မိဘတွေရဲ့ မိတ်ဆွေအနည်းငယ် . . . 'မ'ရဲ့ သူငယ်ချင်းတချို့ ဒါလောက်ပဲ။

မင်္ဂလာပွဲက ခြောက်ခြောက်သွေ့သွေ့၊ တိတ်တိတ်ဆိတ်ဆိတ်ဖြင့်ပင် ပြီးသွားခဲ့ရသည်။ သူကတော့ 'မ'ကို အရိပ်တကြည့်ကြည့် မျက်စိအောက်က အပျောက်မခံပါ။ 'မ' က သူ့ကို တစ်ချက်ကလေးမှ ငဲ့မကြည့်သော်လည်း စကားတစ်ခွန်းမှ အရေးလုပ်ပြီးမဆိုခဲ့သော်လည်း သူကတော့ 'မ' အတွက် လိုလေသေးမရှိ၊ ပျာယာခတ်နေအောင်ပင် ဂရုတစိုက်။ 'မ' မပြောလည်း သူကတော့ စကားတွေ တတွတ်တွတ် ပြောမြဲ။ ပွဲပြီးသွားတော့ နှစ်ဘက်မိဘတွေကို ကန်တော့ပြီး အဖေနှင့်အမေက သူ့အတွက် လက်ဖွဲ့ခဲ့သော ကွန်ဒိုဆီသို့ ရောက်လာခဲ့သည်။ 'မ'က သက်ရှိကျောက်ရုပ်ကလေးတစ်ရုပ်လို တိတ်တိတ်ဆိတ်ဆိတ်။ မ . . . မ ဘာတွေ တွေးနေသလဲဟင်။

သူက 'မ'အတွက် ဘာတွေ စီစဉ်လုပ်ကိုင်ပေးရမယ်ဆိုတာ ခေါင်းထဲမှာ အစီအရီ။



www.burmeseclassic.com

www.burmeseclassic.com



"'မ' ဘာစားချင်သေးလဲဟင်၊ နွားနို့ပူပူကလေးသောက်မလား ? Cow Head နို့ဗူးတွေ ကျွန်တော်ဝယ်ထားတယ်၊ Microwave နဲ့ နွှေးပေးမယ်နော်၊ မ အဝတ်အစား အရင်လဲလိုက်ပါလား၊ ခြေလက်မျက်နှာဆေးလိုက်၊ ကျွန်တော် ပြင်ဆင်ပေးထားမယ်"

သူက 'မ'အတွက် ညဝတ်ဖို့ pyjamas ကလေးတစ်စုံထုတ်ကာ ကုတင်ပေါ်တင်ပေးထားလိုက်သည်။ 'မ' မျက်နှာသစ်ဖို့ သဘက်အဆင်သင့်၊ သွားပွတ်တံမှာ သွားတိုက်ဆေးတပ်ထားပြီးသား။ အိမ်တွင်းစီးဖိနပ်ကလေးကို 'မ'ရှေ့မှာ အဆင်သင့်ချပေးလိုက်သည်။ 'မ'အတွက် ဒါဒီလိုလုပ်ပေးရတာကို ယောကျ်ားတစ်ယောက်အနေနဲ့ အောက်ကျနောက်ကျနိုင်တယ် ဆိုသော အတွေးမျိုး ခေါင်းထဲသို့ ယောင်၍ပင် ရောက်မလာပါ။ 'မ'ကို ကိုယ်သိပ်မြတ်နိုးသော အရုပ်ကလေးတစ်ရုပ်လို စိတ်တိုင်းကျ တယုတယ လုပ်ပေးရတာကို သူကျေနပ်ရလွန်းသည်။ 'မ'က မငြင်းဆန်တာကိုပဲ သူက ကျေးဇူးတင်ရသေးတာ။ 'မ'အတွက် နွားနို့ပူပူကလေး ကုတင်ဘေးက စားပွဲမှာ သွားချပေးထားလိုက်ချိန်မှာ 'မ'က စာရွက်တစ်ရွက်မှာ စာရေးပြီး မှန်မှာကပ်ထားခဲ့ပြီ။





"အခန်းထဲကထွက်တော့၊ ဘာအကြောင်းနဲ့မှ ပြန်ဝင်မလာနဲ့တော့"

တဲ့ . . .။ သူ ပြုံးကာ ခေါင်းညိတ်ပြပြီး ဧည့်ခန်းထဲက ဆိုဖာကြီးပေါ်မှာ အိပ်ဖို့ပြင်ဆင်သည်။ ခုလို တစ်အိမ်ထဲမှာ တစ်မိုးအောက်မှာ သူ သိပ်ချစ်မြတ်နိုးကိုးကွယ်မိသော မိန်းမတစ်ယောက်နှင့် သူ့ဘဝတလျှောက်လုံး အတူနေထိုင်ခွင့်ရသွားတော့မည့် အခွင့်အရေးကိုရခဲ့ပြီးနောက်တွင် သူ့ဘဝတစ်ခုလုံး ပြည့်စုံခမ်းနားလှပသက်ဝင်ခဲ့ပါပြီ။ သူ ဘာမှ ထပ်ပြီး မလိုချင်တော့ . . . မမက်မောတော့။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com





မနက်မိုးလင်းလျှင် 'မ'အတွက် မနက်စာ သူ ပြင်ဆင်ရသည်။ မနက်စောစော အောက်သို့ဆင်းကာ နန်းကြီးသုပ် သွားဝယ်လာခဲ့သည်။ စားပွဲပေါ်မှာ 'မ'စားဖို့ အဆင်သင့်။ ကော်ဖီကို စက်နှင့် နှပ်ထားလိုက်သည်။ အခန်းထဲသို့ 'မ'ရဲ့ အမိန့်အတိုင်း မဝင်သေးဘဲ 'မ'ရဲ့ လှုပ်ရှားသံကို နားစွင့်နေမိသည်။ မနက်စောစော အိပ်ရာနိုးစ, မရဲ့ မျက်နှာကလေးကို မြင်ချင်လှပြီ။ ဟော 'မ' နိုးပြီ။ အခန်းထဲက လှုပ်ရှားသံသဲ့သဲ့ ကြားရသည်နှင့် သူ ဖျတ်ခနဲ တံခါးခေါက်ပြီး ဝင်သွားခဲ့သည်။ 'မ' ညက ကောင်းကောင်းအိပ်ပျော်ပါရဲ့လား။

"မောနင်း 'မ' "

'မ' က မှန်ရှေ့မှာ ဆံနွယ်တွေကို ဖြီးသင်နေဆဲ။ သူ့ကို ယောင်ရမ်းပြီးတော့တောင် လှမ်း၍မကြည့်ပါ။ သူ 'မ' ရဲ့ မျက်နှာလှလှကလေးကို တစ်ချက်ငေးခနဲကြည့်ကာ ရေချိုးခန်းထဲဝင်ပြီး 'မ'အတွက် သွားတိုက်ဆေးထည့်ပေးသည်။ 'မ' ရဲ့ အိပ်ရာကို သိမ်းပေးသည်။ 'မ' အဝတ်လဲဖို့ အဝတ်အစား





တစ်စုံထုတ်ပေးကာ ကုတင်ပေါ်တင်ထားပေးလိုက်သည်။

အခန်းထဲက 'မ'ထွက်လာတော့ ထမင်းစားခန်းထဲ အရင်မလာဘဲ ဘုရားခန်းထဲသွားကာ ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်ကာ ဘုရားရှိခိုး အမျှဝေ မေတ္တာပို့ပြီးမှ ပြန်ထွက်လာသည်။ သူ့ကို ဘုရားရှိခိုးတွေ 'မ'ပဲ သင်ထားပေးခဲ့တာပါ။ သူ့ကို 'မ'က အစစအရာရာ လိုလေသေးမရှိ ပြည့်စုံအောင် သင်ပေးခဲ့သည်။ အဲဒီကျေးဇူးတွေကို သူ မမေ့ပါ။

စားပွဲမှာထိုင်ပြီး မနက်စာနန်းကြီးသုပ်ကိုစားသည်။ ကော်ဖီသောက်သည်။ သူက 'မ'ရှေ့မှာထိုင်ရင်း 'မ' မျက်နှာကလေးကို အရိပ်တကြည့်ကြည့် ထိုင်ကြည့်နေသည်။

" 'မ' ဒီနေ့ ဘယ်သွားချင်လဲဟင်၊ ဘာအစီအစဉ်ရှိလဲ"

". . . . . . . . . ."

ထုံးစံအတိုင်း 'မ'က မပြောပါ။

"ကျွန်တော် အဖေ့ကုမ္ပဏီမှာ အလုပ်ဝင်မလို့၊ အဖေ့ကို ပြောထားပြီးသားပါ၊ 'မ'ကို ကျွန်တော့်ကိုယ်ပိုင်ဝင်ငွေ အပ်ချင်လို့ပါ၊ 'မ'လည်း MBA အတွက် ကျောင်းတက်ရမှာပေါ့နော်၊ ကျောင်းကို ကျွန်တော် လိုက်ပို့ပေးခဲ့မယ်၊ ညနေ ကျွန်တော် ဘယ်အချိန် ပြန်လာကြိုရမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com





ပြောထားပါနော်၊ ကျွန်တော် လာကြိုပေးမယ်"

'မ'က စားတာကို လက်စ,သတ်ပြီး အခန်းထဲပြန်ဝင်သွားတော့ သူ အခန်းထဲ လိုက်လာခဲ့သည်။ 'မ' အပြင်သွားရင်ဝတ်ဖို့ အဝတ်အစားကလေးတွေ သူပဲ ထုတ်ပေးချင်သည်။ 'မ'စီးဖို့ ဖိနပ်ကအစ သူ အဆင်သင့်ချပေးထားမိသည်၊ ကျေးဇူးတင်စရာကောင်းတာက 'မ'က သူ့ကို မရွဲ့ဘဲ ကလန်ကဆန်မလုပ်ဘဲ ဂျစ်မတိုက်ဘဲ သူ ရွေးချယ်ပေးထားသော ဝတ်စုံကိုပဲ ဝတ်ခဲ့ခြင်းဖြစ်သည်။ ဖိနပ်ကိုလည်းစီးကာ အပြင်ထွက်ဖို့ အဆင်သင့်။

'မ' နောက်ကနေ သူ ကမန်းကတန်း လိုက်ရသည်။ ဓာတ်လှေကားထဲမှာ 'မ' နှင့်သူ နှစ်ယောက်တည်း။ 'မ'က စာရွက်ကလေးတစ်ရွက် ဓာတ်လှေကားနံရံမှာကပ် သည်။ သူ လှမ်းကြည့်လိုက်တော့ 'မ'ကို ပို့ပေးရမည့်နေရာ၊ ပြန်ကြိုရမည့်အချိန် . . .။ သူ ကျေနပ်စွာပြုံးမိလေသည်။ သိပ်ချစ်ဖို့ကောင်းတဲ့ 'မ'။

'မ'ကို ကျောင်းပို့ပေးခဲ့ပြီး သူ အဖေ့ရုံးခန်းဆီ လာခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းကို သူ တကယ်စိတ်ဝင်စားပါသည်။ အဖေက သူ့ကို ရုံးထဲမှာ တာဝန်မပေးဘဲ





ဆောက်လုပ်ရေးဆိုက်(ထ်)ထဲမှာသာ အင်ဂျင်နီယာရဲ့အနားမှာ အလုပ်သင်အဖြစ် နေရာပေးခဲ့သည်၊ ဘာအလုပ်ပဲဖြစ်ဖြစ် သူ ကျေနပ်ပြီးသား။ အလုပ်ကို ကြိုးစားပမ်းစား သင်ယူသလို 'မ'ကိုလည်း သတိတရရ ရှိသည်။ 'မ'ကို ပြန်ကြိုရမည့်အချိန်ကို နာရီတကြည့်ကြည့်ရှိလှတာကို အင်ဂျင်နီယာကပင် ရိပ်မိရသည်။

"သက်နှင်း . . သွားစရာရှိလို့လား၊ နာရီတကြည့်ကြည့်နဲ့ ဘာဖြစ်နေတာလဲ၊ ဂဏှာကို မငြိမ်ဘူး"

"အဟီး . . . ဆောရီးပါ ဆရာ၊ ကျွန်တော့်ရဲ့ 'မ'ကို ကျောင်းမှာ သွားကြိုရမှာမို့ပါ"

ဟု ပြောတော့ ကိုထင်လင်းက ကိုယ်ချင်းစာသလို ပြန်လွှတ်ပေးလိုက်သည်။

"ဟား ဟား . . . အေးပေါ့ကွာ၊ မင်းတို့က ခုမှ လက်ထပ်ပြီးကာစ ပူပူနွေးနွေး ဇနီးမောင်နှံကလေးဆိုတော့ ဒီလောက်တော့ အဖြစ်သည်းရှာမပေါ့၊ ဆယ်နှစ်လောက်နေရင်တော့ ကြည့်ပါဗျား၊ ကိုယ့်ဘာသာကိုယ် သွားပါလား၊ မင်းဘာသာမင်း ပြန်လာခဲ့ လုပ်မှာ မြင်ယောင်သေး၊ ဒီမှာ ငါ ကိုယ်တွေ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ကျွန်တော်ကတော့ ဆယ်နှစ်လည်း မရိုးပေါင် ဗျာ၊ 'မ' အဘွားကြီးဖြစ်တဲ့အထိ ချစ်ဦးမှာ"

"ဟား ဟား ဟား . . . ပိုတယ်ကွာ၊ ငါ့လူကတော့၊ ကဲပါ . . . သွားပါကွာ၊ ဒါလောက်တော့ ခွင့်ပြုရမှာ ပေါ့၊ သွား သွား"

'မ'ကို ကျောင်းမှာပြန်ကြိုပြီး 'မ' ဆာနေမှာပဲဟု သူ တွေးမိသည်။

" 'မ့' ဗိုက်ဆာလားဟင် ? နေ့လည်က ဘာစားထားလဲ၊ ဒီနားက YKKO မှာ တစ်ခုခု စားရအောင်နော် . . ."

'မ' က မငြင်း။ တကယ်လည်း ဆာနေဟန်ရှိသည်။ ဆိုင်ရောက်တော့ မှာစရာရှိတာကို 'မ'က သူ့မဘာသာ မှာသည်။ သူ့ကို ပြောတာမဟုတ်သော်လည်း 'မ'ရဲ့ အသံက လေးကို ပြန်ကြားရတာ သူ ပျော်လိုက်တာ။ 'မ' စားနေတာ ကလေးကို သူ ခိုးကာငေးရင်း 'မ' စားတာပဲ သူ လိုက်စား သည်။ ကျောင်းပြန်တက်ခွင့်ရနေပြီမို့ 'မ'မျက်နှာလေးက မှုန် မှိုင်းမနေဘဲ ကြည်ကြည်လင်လင်။

စားသောက်ပြီးတော့ အိမ်ပြန်ကြသည်။ 'မ' ရေ ချိုးဖို့ အဝတ်အစားလဲဖို့ သူ ပြင်ဆင်ပေးဖို့ မမေ့မလျော့။





ပြီးတော့ ညစာအတွက် ချက်ပြုတ်စီစဉ်ရသည်။ သူ့ကိုယ်သူ လည်း ကျေနပ်သလို ရယ်လည်းရယ်ချင်သည်။ မိန်းမကြီး တစ်ယောက်လိုပင် ညစာပြင်ဆင်နေတုန်း အမေ့ဆီက ဖုန်း ဝင်လာခဲ့သည်။

"သားတို့ အဆင်ပြေရဲ့လား၊ ညစာ အိမ်မှာလာစားကြ ပါလား"

" 'မ' ကို မေးကြည့်လိုက်ဦးမယ် အမေ၊ ကျွန်တော် အခု ညစာချက်နေတာ"

"အံမယ်၊ တယ်ဟုတ်ပါလား၊ ဘာတွေချက်နေတာတုံး သားရဲ့"

" city mart က ဝယ်ထားတာတွေပါ အမေရာ၊ ဘဲပေါင်း ထုပ်ဖောက်လိုက်တယ်၊ အရွက်စုံတစ်မျိုးကြော်မယ်၊ ပုဇွန်သုပ်လိုက်မယ်၊ ဟင်းချိုက ဇွန်တန်ဟင်းချို . . ဟဲ ဟဲ"

"သားက ချက်တာပြုတ်တာ ဝါသနာပါသားပဲ၊ သမီး ရော . . . ဘာလုပ်နေလဲ"

" 'မ' ရေချိုးနေတယ် အမေ၊ အမေ ပြောမလား၊ ကျွန် တော် 'မ' ကို သွားပေးလိုက်မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ သားရယ်၊ သမီးကို ဂရုစိုက်ပါ၊ ပျော်အောင်ထားပါ သားရယ်၊ သူ့ရင်ထဲ ဒဏ်ရာတစ်ခု ကိုယ်က ပေးခဲ့မိပြီ၊ ဒီဒဏ်ရာကို ကုစားပေးဖို့ သားမှာ တာဝန်ရှိတယ်"

အမေ့အသံက နူးညံ့ညင်သာလွန်းလှသည်။

"စိတ်ချပါ အမေ၊ ကျွန်တော် 'မ'ကို အရမ်းချစ်ပါတယ်၊ နောက်ထပ် သူစိတ်ညစ်အောင် ကျွန်တော် ဘာမှ ထပ်မလုပ်ပါဘူး"

"ဖေဖေ ပြောပြတယ်၊ သားကို ဆိုက်(ထ်)ထဲမှာ အင်ဂျင်နီယာနဲ့တွဲပြီး အလုပ်သင်ခိုင်းထားတယ်ဆို၊ မေမေ ဝမ်းသာတယ် သား၊ ကြိုးစားနော်၊ သားက ငါးတန်းအထိ စာသင်ခဲ့ပြီးသား၊ နောက်ထပ် အတန်းဆက်တက်နိုင်အောင် သမီးနဲ့ ဆက်သင်ဦး၊ ကြားလား . . . ဆယ်တန်းအထိတော့ ရောက်အောင်သင်"

"အခုတော့ 'မ'က ကျွန်တော့်ကို စိတ်ဆိုးနေတာ အမေရ၊ စကားတောင် မပြောတာ ဘယ်လိုလုပ်ပြီး စာသင်ပေးမှာလဲ"

"ဩော် . . . သားရယ်၊ မိန်းကလေးတစ်ယောက်အ





တွက် ဒီလောက်တော့ ခံစားရရှာမှာပေါ့၊ သားက ကြိုးစားလေ၊ သမီး စိတ်ပြေခွင့်လွှတ်တဲ့အထိ သားရဲ့အစွမ်းအစတွေ အကုန်ထုတ်သုံးပေတော့၊ အဲဒါ သားရဲ့ တာဝန်ပဲ၊ ကဲ ကဲ . . . မေမေ ဖုန်းချလိုက်တော့မယ် သားရေ၊ စားဖို့မှုးကြီး ဟင်းဆက်ချက်လိုက်ဦး၊ သားအတွက် ချက်နည်းပြုတ်နည်းစာအုပ်တွေ မေမေ ဝယ်ပို့ပေးဦးမယ်"

အမေ ဖုန်းချသွားတော့ သူ ဟင်းဆက်ချက်သည်။ မကို သွားကြည့်တော့ 'မ'က စာကြည့်စားပွဲမှာ စာထိုင်ဖတ်လို့။ Laptop ကလေးဖွင့်ကာ အင်္ဂလိပ်စာတွေ သည်းကြီးမည်းကြီး ရှာဖွေဖတ်လျက်ရှိသော 'မ'ကို ခပ်လှမ်းလှမ်းကနေ အသာအယာ တိတ်တဆိတ် ငေးကြည့်နေမိကာ အထင်ကြီးလေးစားစိတ်တို့ ဆထက်ထမ်းပိုး တိုးလို့လာသည်။ 'မ'က တော်လိုက်တာ။ အင်းပေါ့လေ . . . ဒီလောက်တော်ပြီး ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်က ကြယ်စင့်လို ပညာရည်တန်းတူသော ယောကျ်ားမျိုးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ချင်ရှာမှာပေါ့။ သူ့လို ပညာမတတ်စာမတတ် . . . 'မ'ကတောင် ပြန်သင်ပေးခဲ့ရသော သူ့လို ဘာမဟုတ်တဲ့ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ဘယ်လက်တွဲနိုင်ပါ့မလဲ။ မိန်းမတွေရဲ့အချစ်ဆို တာ လေးစားအထင်ကြီးရာကနေ မြစ်ဖျားခံတာ ဟု 'မ' သူ့ကို စာသင်ပေးတုန်းက ပြောခဲ့ဖူးသည်။ 'မ' စာဖတ်နေတာကို မနှောင့်ယှက်ဘဲ တိတ်တိတ်ကလေးပဲ သူ စောင့်နေခဲ့သည်။

'မ'က ဘာရယ်မဟုတ် ဖက်ကလေးတွေ ဟိုဘက် ဒီဘက် လှည့်ချိုးချိန်မှာတော့ သူ မနေနိုင်။ 'မ'အနားသို့ သူ လျှောက်သွားမိသည်။

" 'မ' ဖက်ကြောတက်လို့လား၊ ကျွန်တော် ဆွဲပေးမယ် လေ"

'မ' ရဲ့ နောက်မှာရပ်ပြီး 'မ'ရဲ့ ကုပ်ပိုးကလေးနှင့် ပုခုံးသားကလေးတွေကို အသာအယာ ညင်ညင်သာသာ ဆွဲ ပေးမိတော့ 'မ'က မရှုန်းပါ။ 'မ'ရဲ့ နူးညံ့လွှမ်းသော အသား ကလေးတွေနှင့် သူ့လက်တွေ ထိတွေ့ခွင့်ရလိုက်တာနှင့်တင် သူ့ရင်ထဲသို့ လျှပ်စီးကြောင်းတွေ စီးဝင်လာခဲ့သလို ရှိန်းမြပူ နွေးလာခဲ့သည်။ ဟင့်အင်း . . . 'မ'ကို သူ ဘယ်တော့မှ ဇွတ်အတင်းအကျပ် အရမယူဘူး။ 'မ' စိတ်ဆင်းရဲ နာကျင်ထိ ခိုက်အောင် သူ မလုပ်ချင်တော့ဘူး။ 'မ' သူ့ကို ဒီထက်ပိုပြီး မမုန်းစေချင်တော့။ 'မ'ကို သူ ဘယ်လောက် တန်ဖိုးထားပြီး





ချစ်မြတ်နိုးသလဲဆိုတာ 'မ'ကို သက်သေပြချင်သည်။ 'မ'ကို အရ ယူခဲ့တာကလွဲပြီး 'မ'ရဲ့ စိတ်ဝိညာဉ်၊ 'မ'ရဲ့ အသွေးအသား၊ ကိုယ်ခန္ဓာကို 'မ' မကြည်ဖြူ မလိုက်လျောဘဲ သူ နိုင့်ထက်စီး နင်း မယူပါ . . . ဟု ဆုံးဖြတ်ထားခဲ့ပြီးသား။ 'မ'ရဲ့ ကုပ်သား ဖွေးဖွေးကလေးတွေ၊ ပခုံးသား နုနုကလေးတွေကို မြတ်မြတ် နိုးနိုး ငုံ့နမ်းပစ်လိုက်ချင်စိတ်တို့ကို သူ အတော် ထိန်းချုပ်ချိုး နှိမ်ပစ်ရပါသည်။ သူ့ အတွေးစိတ်ကူးတွေကို 'မ'က ရိပ်မိခံ စားမိသွားသည့်အလား ထိုင်နေရာမှ ဝုန်းခနဲ ထ,ထွက်သွားခဲ့ သည်။ သူ ခြေစုံရပ် ခေါင်းငုံ့ကျန်ရစ်ခဲ့ကာ 'မ'ရဲ့ အသားက လေးတွေနှင့် ထိတွေ့ထားခဲ့သော သူ့လက်နှစ်ဖက်ကို မက် မက်မောမော နမ်းရှိုက်လိုက်မိလေသည်။


'မ'ရယ် ကျွန်တော် အရမ်းချစ်တယ်ဗျာ။ ကျွန် တော့်ရင်တွေ ပွင့်ထွက်မတတ် 'မ'ကို ချစ်တယ်။ 'မ'ကို သူ ဘယ်လောက်ထိအောင် ချစ်မိသလဲဆိုရင် သူ့မျက်ဝန်းမှာ မျက်ရည်တို့ ခိုသီလာတဲ့အထိပင်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း – ၈



www.burmeseclassic.com

www.burmeseclassic.com

မံ့ကို

လက်ဆောင်တစ်ခုယူပေးမလို့ပါ။

ဟိုမှာ

လခြမ်းကွေးကွေးလေးတွေ့လား။

အရမ်းလှလို့

မံ့ကို

လက်ဆောင်ပေးချင်လို့ ...





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၈

## "ယုယပိုက်ထွေး"

သူမအတွက်တော့ အချစ်က မျက်လှည့်တစ်ခုနှင့်တူသည်။ ပဥ္စလက်ဆန်သည် . . .။ အံ့သြနွေးထွေးမှုကိုပေးသည်။ စိတ်ကို ဖမ်းစားဖြားယောင်းလွန်းသည်။ မဖြစ်နိုင်ဘူးလို့ ထင်ထား သော အရာတစ်ခုကို တကယ်ဖြစ်လာအောင်လည်း ဖန်တီးနိုင်စွမ်းရှိခဲ့သည်။ ပြီးတော့ အချစ်က ပြုစားတတ်ပြန်သည်။ အချစ်ဆိုသောအရာက သူမအား အပြောင်းအလဲတွေပေးခဲ့သည်။ သူမကိုယ်သူမတောင် ပြန်ရိပ်မိနိုင်စွမ်းမရှိခဲ့ရလေအောင် အချစ်က တိတ်ဆိတ်လွန်းခဲ့သည်။ သူမ၏ နှလုံးသား၏ ဟိုးအနက်ရှိုင်းဆုံး အတွင်းလှိုက်လှိုက်အထိ သူ တစိမ့်စိမ့်ထိုးဖောက်စိမ့်ဝင်နေမှန်းမသိနိုင်အောင်ပင် အချစ်က တိတ်ဆိတ်လွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကသင့်အားပြုစားခဲ့သော်

'သက်နှင်းဝန်းရံ' . . .။ ထိုလူငယ်ကလေးအပေါ် သူမ ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းနေခဲ့သည်ဟု ကိုယ့်ကိုယ်ကိုယ် ခံယူထားသည့်ကြားမှ သူ့ရဲ့ အနုစိတ်ကျလွန်းသော ချစ်တတ်ခြင်းတွေထဲမှာ မသာယာမိဘဲ မနေနိုင်လောက်အောင် တစိမ့်စိမ့် ဖမ်းစားခြင်း ခံခဲ့ရသည်ဆိုတာကို သူမ တော်တော်နှင့် မရိပ်မိခဲ့ပါ။

မနက်မိုးလင်းလို့ မျက်နှာသစ်ဖို့ ရေချိုးခန်းထဲဝင်လိုက်သည်နှင့် အဆင်သင့်ပြင်ဆင်ပေးထားသော သွားတိုက်ဆေးညှစ်တင်ပေးထားပြီးသား သွားပွတ်တံကလေးက မိန်းကလေးတစ်ယောက်၏ ဘဝင်ကို ငြိစေတာအမှန်။ အဲဒါ သူ့ရဲ့ အသေးအဖွဲ့ကလေးက,စပြီး ဂရုစိုက်တတ်မှုကလေးပေါ့။ တစ်ရက်မှ မပျက်ကွက်ခဲ့။ မျက်နှာသစ် သွားတိုက်ပြီးလျှင် စားပွဲပေါ်မှာ နံနက်ခင်းစာက တစ်နေ့တစ်မျိုး မရိုးနိုင်အောင် အမြဲအစုံ ပူပူနွေးနွေး မွှေးမွှေးပျံ့ပျံ့ ရှိလှသည်။ သူမ အစွဲလန်းဆုံးက သူကိုယ်တိုင် နှပ်ပေးထားကာ ဖျော်ပေးတတ်သော ကော်ဖီပြင်းပြင်းမွှေးမွှေးကလေးပါ။ စားသောက်ပြီးလို့ ရေမိုးချိုးဖို့ သဘက်ကအစ စီးဖို့ဖိနပ်အဆုံး အဆင်သင့်။ ရေသိပ်အေးလျှင် ရေနွေးစပ်ပေးထားဖို့ သူမို့ မမေ့လျော့တတ်။ သူမနှလုံးသားကို

လွှန်းထားထား 
(ဆေးတက္ကသိုလ်)

ငြိမ့်ခနဲဖြစ်စေသည်က သူမဝတ်ဖို့ အကျႌနှင့်ထဘီကို သူ့စိတ်ကြိုက် ရွေးချယ်ကာ အဆင်သင့် တင်ထားပေးခြင်းပါ။ သွားဖို့ ဖိနပ်ကအစ အဆင်သင့်ချထားပြီးသား။ တကယ်ဆို ဒါတွေက မိန်းမတစ်ယောက်က ယောကျ်ားလေးကို လုပ်ပေးရမည့် တာဝန်ဝတ္တရားတွေပါ။ သူ့ကျမှ ပြောင်းပြန်။

သူ့ကို သူမက စကားတစ်ခွန်းမှ မပြော . . . အကြည့်တစ်ချက်မှ မတုံ့ပြန်သော်လည်း သူ့ဘက်ကတော့ မပျက်မကွက် စကားတွေ လိုက်ပြောနေတတ်သူ။ သူ . . . အရိပ်တကြည့်ကြည့် ရှိနေတတ်ကာ လိုလေသေးမရှိ ဖြည့်ဆည်းပေးတတ်သူ၊ မြင်လိုက်ရုံနှင့် သူမအပေါ် မျှော်ယာခတ်အောင် အရှုံးအမူး သိပ်ချစ်နေမှန်း သိသာလွန်းလှသော အပြုအမူများနှင့် သူ။ သူက သူမ၏ နှလုံးသားတံခါးကို ခပ်တင်းတင်း စေ့ပိတ်ထားသည့်ကြားမှ ယိုပေါက်ကလေးတစ်ခုကစ် လေဆီကနေ စိမ့် ဝင်ထိုးဖောက်ဖို့များ ကြံကောင်းနေလေသလား။

အဲဒီနေ့က သူ့ လခထုတ်သောနေ့ဖြစ်သည်။ သူ့မျက်နှာက ပြုံးလို့ရွှင်လို့။ ထုံးစံအတိုင်း ကျောင်းမှာ လာကြိုပြီးချိန်မှာ သူက ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com





" 'မ' . . . ဒီနေ့ ကျွန်တော် လခထုတ်တယ်ဗျ၊ ကျွန်တော့် တစ်သက်မှာ ပထမဆုံး ကိုယ့်လုပ်အားခနဲ့ ရှိုးသားဖြူစင် စွာရတဲ့ တရားဝင်ပိုက်ဆံတွေပေါ့၊ 'မ'ကို ကျွန်တော် အပ်ပါတယ်၊ ညကျရင် ကျွန်တော်တို့ အပြင်မှာ အေးအေးဆေးဆေး တစ်ခုခု သွားစားရအောင်နော်"

သူ့အသံက တက်တက်ကြွကြွ ရှိလွန်းလှသည်။ သူလှမ်းပေးနေသော ပိုက်ဆံအုပ်ကို လှမ်းမယူတော့ သူက သူမ၏အိတ်ထဲ အသာအယာ ထိုးထည့်ပေးလိုက်သည်။ အိမ်သို့ ရောက်တော့ သူမက ဧည့်ခန်းမှာထိုင်ပြီး အမောဖြေနေစဉ် သူက အလိုက်တသိဖြင့် ထုံးစံအတိုင်း ရေခဲသေတ္တာထဲက သစ်သီးဖျော်ရည်ခွက်ကလေး လက်ထဲ လာထည့်ပေးသည်။ သူမ အဖေးကို စိမ်ပြေနပြေသောက်နေဆဲ သူက ရုတ်တရက် သူမ ရှေ့မှာ ဒူးထောက်လာထိုင်ချလိုက်သည်မို့ ဆတ်ခနဲ လန့်သွားရသည်။ လန့်သာသွားပေမယ့် သူ့ကိုတော့ မကြည့်ပါ။ သူ့ကို စိတ်ဆိုးနေသေးကြောင်း၊ သူလုပ်ခဲ့သမျှကို ခွင့်မလွှတ်နိုင်သေးကြောင်း၊ သူ့ကို အပြစ်ဒဏ်ခတ်ချင်နေသေးသရွေ့ သူမ သူ့ကို စကားလုံးဝမပြောဘူး ဟု ဆုံးဖြတ်ထားခဲ့သည်။ တကယ်တော့







သူနှင့် အတူနေစဉ်ကာလအတွင်းမှာ တဖြည်းဖြည်းချင်း သူမ သိခွင့်ရလာခဲ့သည်က သူသည် သူမထင်ထားခဲ့သလို ရိုင်းပျရမ်းကားသော လူယုတ်မာတစ်ယောက် မဟုတ်။ အချစ်ကို ကိုးကွယ်လွန်းသူ၊ သိပ်ချစ်တတ်လွန်းသူတစ်ယောက်သာ ဖြစ်သည်။ သူမကို တော်ရုံယောကျ်ားတစ်ယောက် (ကြယ်စင်ပင်) မချစ်နိုင်လောက်သော အချစ်မျိုးဖြင့် ချစ်ပြနိုင်ခဲ့သူဖြစ်သည်။ သို့တိုင်အောင် သူ့ကို သူမ ခွင့်မလွှတ်နိုင်သေးပါ။ ခွင့်မလွှတ်ချင်သေးပါ။ သူ့ရင်ခွင်ဆီ ပြိုမဆင်းလိုက်ချင်သေးပါ။ မာန လိုလို . . ဂုဏ်သိက္ခာကို စောင့်စည်းခြင်းလိုလို ခံစားမှုတစ် ခုက သူမကို အေးစက်မာခဲနေအောင် ထိန်းချုပ်ထားခဲ့သည်။

" 'မ'အတွက် ကျွန်တော် foot chain ကလေးတစ်ခု အရမ်းကြိုက်လို့ ဝယ်လာတာ၊ 'မ' ခြေထောက်လေးနဲ့ ဆို အရမ်းလှမှာပဲလို့လေ"

သူက ပြောရင်း သူမ၏ ညာဘက်ခြေကျင်းဝတ် ကလေးမှာ သူဝယ်လာသော ပလက်တီနန်ဖန်စီကြိုးလှလှက လေးကို စိတ်တိုင်းကျဝတ်ပေးနေသောအခါ သူမရင်ထဲ လှိုက်ကနဲနေအောင် တုန်ခိုက်မူးရီသွားမိသည်။ ကြိုးလေးက လှလိုက်တာ။ ခရေးခရာ တွဲလောင်းကလေးတွေလည်း ချိတ်ရက်သား။



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ချက်ခိုးကြည့်ပြီး အကြည့်ကို ချက်ချင်းပြန်လွှဲပစ်ရသည်။ မျက်နှာပေါ်မှာ နှစ်သက်ကျေနပ်ရိပ်မပေါ်လွင်မိ အောင် ထိန်းချုပ်လို့။

"'မ' ခြေသည်းတွေ ရှည်နေပြီဗျ၊ ကျွန်တော် ညှပ်ပေးချင်လိုက်တာ"

ဟု . . သူကပြောပြီး ကားကီးချိန်းမှာပါသော လက်သည်းညှပ်ကလေးထုတ်ပြီး ခြေသည်းတွေထိုင်ညှပ်ပေးနေတော့တာကို သူမ နှလုံးသားတစ်ခုလုံး ငိုက်ခနဲ အရည်ပျော်မဆင်းမိအောင် ထိန်းချုပ်ရသည်မှာ တစ်ဒုက္ခတည်း။ ခြေသည်းတွေ ထိုင်ညှပ်ပေးတာကို ဘာမှမသိသလို ခံစားမှုမဲ့သောမျက်နှာပေးမျိုးနှင့် ဟန်ဆောင်ထားရပေမယ့် ရင်ထဲမှာတော့ တသိမ့်သိမ့်။ တကယ်တော့ သူမစိတ်ထဲ ခြေသည်း၊ လက်သည်း ညှပ်ချင်နေတာ ကြာပါပြီ။ တစ်နေ့တစ်နေ့ အချိန်မရှိတာရယ်၊ မေ့သွားတာရယ်ကြောင့်သာ မညှပ်ဖြစ်သေးတာပါ။

"ခြေထောက်တွေ ပြီးပြီ 'မ'၊ ခုမှ လှသွားတယ်၊ လက်သည်းရော ညှပ်မယ်မှလား၊ 'မ'က လက်သည်းရှည်မထားတတ်ပါဘူး . . . ဟုတ်တယ်ဟုတ်"



လွန်းထားထား
(ဆေးတက္ကသိုလ်)

သူမ သက်ပြင်းကလေး ခပ်မျှဉ်းမျှဉ်းချမိသည်။ သူက သူမဘေးသို့ ဝင်ထိုင်ကာ သူမ၏လက်ကလေးကို ဆွဲပြီး လက်သည်းညှပ်ပေးချိန်မှာတော့ သူမ ရင်ခုန်လာခဲ့ပြီ။ ရင်ခုန်သံကို မတော်တဆ သူ ကြားမိမှာစိုးမိသောကြောင့် ကိုယ်ခန္ဓာကလေးကို ခပ်လွှဲလွှဲထားရသည်။ သူမ ဘာဖြစ်လို့များ သူ့ရဲ့ အပြုအစု အယုအယတွေ၊ အကြင်နာတွေ၊ ဂရုစိုက်လွန်းမှုတွေကို ပြတ်ပြတ်သားသား ငြင်းဆန်နိုင်စွမ်း မရှိရတာပါ လိမ့်။ သူမရဲ့ နှလုံးသားဟာ တိမ်းလွယ်ညွတ်လွယ် လှုပ်ရှားလွယ်သော နှလုံးသားမျိုးလည်း မဟုတ်ရပါ။ သူက ဂရုတစိုက် သေသေချာချာ ညှပ်ပေးနေရင်း သူမကို တစိမ့်စိမ့် လှမ်း၍ ကြည့်တတ်တာကို မျက်ဝန်းထောင့်စွန်းကလေးတွေကနေ သူမ မြင်နေရပါသည်။ သက်နှင်းရယ် . . . နင်နဲ့တော့ ကြာရင် ငါ မလွယ်တော့ဘူးထင်ပါရဲ့။ နင့်ကိုငါ တူးတူးခါးခါး မုန်းနေချင်လိုက်တာ။ ခွင့်မလွှတ်ချင်လောက်အောင် နာကြည်းနေချင်လိုက်တာ။ ဘာကြောင့်များ အချစ်က ငါ့ကို ပြုစားခဲ့ရတာပါ လိမ့်ဟယ်။ အဲဒီအချစ်ကို ငါ မုန်းလှပါဘိ . . .။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရင်းမှ သူက ကားကို ရုတ်တ ရက် ရပ်လိုက်သောအခါ ကားများ ဘာဖြစ်လို့ပါလိမ့်ဟု ဇဝေ ဇဝါ ဖြစ်သွားမိသည်။ ညစာအတူစားပြီး အပြန်တွင်ဖြစ်သည်။ သူက ကားတံခါးဖွင့်ကာ . . .

" 'မ'ကို လက်ဆောင်တစ်ခု ယူပေးမလို့ပါ၊ ဟိုမှာ လခြမ်းကွေးကွေးလေး တွေ့လား၊ အရမ်းလှလို့ 'မ'ကို လက်ဆောင်ပေးချင်လို့"

ဟု . . . ပြောပြီး သူက မိုးသားပြာပြာပေါ်မှာ လှဲလှဲကလေး လင်းနေသော လခြမ်းကွေးကလေးကို လက်နှစ် ဖက်ဖြင့် အသာအယာ လှမ်းယူလိုက်သလိုလုပ်ပြီး သူမလက် ထဲသို့ လှမ်း၍ထည့်ပေးဟန် လုပ်ပြသည်။ သူမ သူ့ကို မျက် စောင်းလှဲ့လှဲ့ထိုးချင်စိတ်ကို ဆင်ခြင်ရုတ်သိမ်းလိုက်ရသည်။ သက်နှင်းရယ် . . . နင့်နှယ် ပေါလိုက်တာ၊ ကလေးကလား ဆန်လှချည်လားဟု ပြောချင်သည်။ အပြင်သို့ထုတ်ပြီးတော့ သာ အသံထွက်စကားမဆိုပေမယ့် သူမရင်ထဲကနေတော့ သူ့ကို





အပြန်အလှန်စကားတွေ ပြန်ပြောနေကျပါ။

သူကတော့ လုပ်ချင်တာလုပ်လိုက်ရပြီး ကျေနပ် သွားသလို ကားပေါ်တက်ကာ မောင်းခဲ့သည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လ လခထုတ်တော့ သူက သူမအတွက် ကျောင်းတက်ဖို့ ရင်ဖုံးအင်္ကျီလှလှကလေးတွေနှင့် ထဘီကလေးတွေ ဝမ်းဆက် .. အဆင်ဒီဇိုင်းလှလှဆန်းဆန်းကလေးတွေ အရောင်အသွေးစုံစုံကလေးတွေ ဝယ်လာပေးသည်။ လခထုတ်တိုင်း သူက သူမလက်ထဲ လခအကုန်အပ်ကာ ဆိုင်တစ်ဆိုင်မှာ ညစာအတူစားလေ့ရှိသည်။ အပြန်ကျရင် ကားရပ်ပြီး ကောင်းကင်ထက်က လခြမ်းကွေးကလေးကို လက်ဆောင်အဖြစ်ယူပေးဖို့ သူ မမေ့။

နောက်တစ်ရက်မှာတော့ သူမတို့ကျောင်းမှာ စာမေးပွဲနီးလာပြီမို့ သူငယ်ချင်းတွေစုပြီး သူမအိမ်မှာ စာအတူကျက်ဖို့ စီစဉ်ကြသည်။ သူငယ်ချင်းနှစ်ယောက်က 'နွေနှင့်' ညိုပြာ'ဟု ခေါ်သည်။ ကျောင်းမှာကတည်းက အိမ်ရောက်ရင် သူ့အကြောင်းပြောချင်လျှင် မြန်မာလိုမပြောဖို့ အင်္ဂလိပ်လို ပြောဖို့ ကြိုမှာထားခဲ့သည်။ နွေနှင့် ညိုပြာက MBA တက်ရင်းမှ ရင်းနှီးကြသူတွေမို့ သူမအကြောင်း သိပ်မသိလှပါ။





ကားပေါ်မှာကတည်းက သူတို့က သူမနှင့် သက်နှင်းကို အကဲခတ်လာကြသည်။

" 'မ' သူငယ်ချင်းတွေကို လိုက်ပို့ပေးရမှာလားဟင်၊ ဘယ်ပို့ပေးရမလဲ"

ဟု သူမေးတော့ ခပ်သွက်သွက် နွေက ဝင်ဖြေခဲ့သည်။

"တို့တွေက ယုအိမ်မှာ စာလိုက်ဖတ်ကြမလို့လေ၊ ညကျမှ ပြန်ကြမယ်၊ လိုက်ပို့ပေးမယ်မှလားဟင်"

"ဪ . . . စာဖတ်ကြမလို့လား၊ လိုက်ပို့ပေးမှာပေါ့ဗျာ၊ ညစာလည်း ရှယ်ချက်ကျွေးမယ်၊ လက်ဖက်လည်း သုပ်ကျွေးမယ်"

"ဟယ် . . . တယ်ဟုတ်ပါလား၊ ယု . . . ရှင်က ယောက်ျားရ ကံကောင်းသားဟဲ့"

"Nway ... I said let's speak in English, if you want to talk about him. You know, I didn't speak to him since we got married."

(နွေ . . . သူ့အကြောင်းပြောချင်ရင် အင်္ဂလိပ်လိုပဲ ပြောဖို့ ငါပြောထားတယ်လေ၊ ငါတို့ လက်ထပ်ပြီးက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ငါ သူ့ကို စကားမပြောဘူး သိလား)

သူမက နွေ့ကိုလှမ်းပြီး အင်္ဂလိပ်လိုပြောလိုက်တော့ သူ မျက်စိသူငယ်ဖြစ်သွားပါသည်။ နွေလည်း အံ့သြသွားပုံရသည်။

"Oh! I'm so sorry to hear that, Yu. It's such a shame. What happened? Why don't you speak to your hubby?"

"အို . . . ကြားရတာ စိတ်မကောင်းလိုက်တာ ယုရယ်၊ ရှက်စရာပဲ၊ ဘာဖြစ်ထားလို့လဲ၊ နင်က ကိုယ့်ယောကျ်ား ကို ဘာဖြစ်လို့ စကားမပြောတာလဲဟင်"

နွေးက ဆက်ပြီး စပ်စုနေပြန်သည်။

" 'မ' ဘာတွေ ပြောနေတာလဲဟင်၊ အင်္ဂလိပ်လို မပြောပါနဲ့၊ ကျွန်တော် နားမလည်ဘူး၊ ဗမာလိုပဲ ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ် 'မ' ရယ်၊ ကျွန်တော့်ကို အဲဒီလို ခွဲခြားမဆက်ဆံပါနဲ့"

ရုတ်တရက် ဖြတ်ပြီးတောင်းပန်လိုက်သော သူ့စကားသံက ကြေကွဲသိမ်ငယ်ရိပ်တွေ လွှမ်းနေခဲ့သည်။ သူမ သူ့ကို နာကျင်ရှက်ရွံ့စေအောင် လက်စားချေချင်လာခဲ့သော





ကြောင့် အင်္ဂလိပ်လို ဆက်ပြောနေလိုက်သည်။

"It's a long story Nway. I don't think I really love him. I want to hurt him for what he has done to me. I want him to regret having me like this. I don't want to forgive him. I don't want him to be happy with me. That's my revenge and punishment for him."

"ပြောရရင် အရှည်ကြီးပဲ နွေရေ၊ ငါ သူ့ကို မချစ်ဘူး လို့ထင်တယ်၊ သူ လုပ်ခဲ့တာအတွက် သူ့ကို နာကျင်စေချင်တယ်၊ ငါ့ကို ခုလို ပိုင်ဆိုင်ထားခြင်းအတွက် သူ့ကို နောင်တရစေချင်တယ်၊ ငါ သူ့ကို ခွင့်မလွှတ်ချင်ဘူး၊ ငါနဲ့ပတ်သက်ပြီး သူ့ကို ကျေနပ်ပျော်ရွှင်မနေစေချင် ဘူး၊ အဲဒါ ငါ့ရဲ့ သူ့အတွက် လက်စားချေခြင်းနဲ့ အပြစ်ဒဏ်ခတ်ခြင်းပဲ"

တကယ်တော့ သူမ အခုလောက် ပွင့်ပွင့်လင်းလင်းကြီး ပြောပြလိုက်ဖို့ မရည်ရွယ်ခဲ့ပါ။ သူ့ကို ရှက်ရွံ့နာကျင်စေရုံသက်သက်ဖြင့်သာ စိတ်လိုက်မာန်ပါ တဖွတ်ထိုး ဆက်ပြောနေလိုက်မိခြင်းဖြစ်သည်။ တကယ်လည်း သူမ၏ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ချက်က ထိရောက်ခဲ့ပါသည်။ သူ့မျက်နှာတစ်ခုလုံး နာကျင်မှုတွေ အလိမ်းလိမ်းဖြင့် နီမြန်းယောင်အမ်းနေသလိုပင်။ သူ့မျက်ဝန်းတွေမှာပင် မျက်ရည်တွေဝဲလို့။ နာကျင်မှုကို နင့်နင့်သည်းသည်း ခံစားနေရသော မျက်နှာ။ သူမ မျက်နက်ဝန်းကလေးစွေကာ သူ့ကို မသိမသာခိုးကြည့်ခြင်းကြောင့် မြင်ရခြင်းဖြစ်သည်။ သူ အံတစ်ချက်ကြိတ်တာကိုလည်း သိသည်။ သူ ရှက်ရွာမှာပေါ့လေ . . .။ သူ့အကြောင်း ပြောနေမှန်း သိသိကြီးနှင့် ဘာတစ်ခုမှ နားမလည်၊ လိုက်မမီနိုင်သော အဖြစ်ကို သူ ဘယ်လောက် ဆတ်ဆတ်ခါ နာကျင်လိုက်မလဲ။ နာကျင်ပါစေ . . . နာအောင်ပဲ သူမ တမင် ထိုးနှက်ခဲ့တာဖြစ်၏။

လူတစ်ယောက်စီမှာ အထိမခံနိုင်လောက် အောင် ထိခိုက်ပွန်းရှလွယ်သော ချွတ်ယွင်းအားနည်းချက် တစ်ခုစီတော့ ရှိတတ်စမြဲ။ အဲ့ဒါ သူ့ရဲ့ အားနည်းချွတ်ယွင်း ချက်ပဲဖြစ်သည်။ သူတစ်ပါးရဲ့ ချွတ်ယွင်းချက်ကို ထိုးနှက်တတ်လေ့မရှိသော်လည်း သူ့ကိုကျတော့ လက်စားချေလိုမှုသက်သက်ဖြင့် ထိုးနှက်လိုက်မိခြင်းဖြစ်သည်။

"Oh! What a sad story, Yu. Are you really sure





that we should accompany you as we don't want to bother you."

"သြော် . . . ကြေကွဲစရာပုံပြင်ကလေးပါလား ယုရယ်၊ ငါတို့ နင်နဲ့အတူ လိုက်ပြီး စာဖတ်လို့ရတာ သေချာရဲ့လားဟယ်၊ နင့်ကို အနှောင့်အယှက် မဖြစ်စေချင်ဘူး"

"It's OK. I don't care what he feels. I've been ignoring him for a long time."

"ရပါတယ် . . . သူ ဘာပဲခံစားခံစား ဂရုမစိုက်ပါဘူး၊ ငါ သူ့ကို လျစ်လျူရှုထားတာကြာလှပေါ့ . . ."

သူမတို့ကားပေါ်မှာ တောက်လျှောက် ဘိုလိုပဲ မှုတ်လာခဲ့ကြသည်။ သူက ကားကိုပဲ သည်းကြီးမည်းကြီး မောင်းနေခဲ့ရင်း အိမ်သို့ ရောက်လာခဲ့သည်။

ထိုအချိန်ကစပြီး သူ စကားတစ်ခွန်းမှ မပြောတော့ပါ။ ခါတိုင်းလို သူမ့သောက်ဖို့ သစ်သီးဖျော်ရည်ကို ရေခဲသေတ္တာထဲကနေ ထုတ်ပေးတာ (နွေနှင့် ညီပြာတို့အတွက်ပါ သူ ချပေးခဲ့သည်)ကို မမေ့မလျော့။ ပြီးတော့ မီးဖိုချောင်ထဲဝင်ကာ ထမင်းဟင်းတွေချက်ပြုတ်နေတော့သည်။ အခန်းထဲမှာ သူမတို့သုံးယောက်သား စာဖတ်နေကြရင်း သူ့ကို မေ့သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ စိတ်ထဲမှာတော့ တစ်စုံတစ်ရာက ခိုးလို့ခုလုဖြစ်နေသည်။ သူ စိတ်ထိခိုက်သွားမှန်း သူမ သိသည်။ သူမ လွန်များသွားခဲ့သလား။ သူ့ကို သိပ်ပြီး ထိခိုက်နစ်နာသွားစေသလား။

"မ ထမင်းစားလို့ရပြီ၊ ရေအရင်ချိုးမလားဟင်"

တံခါးဝမှာ သူ လာရပ်ပြီး ခပ်တိုးတိုးလှမ်းပြောတော့ သူ့ကို ယောင်ပြီး လှမ်းကြည့်မိမတတ် ဖြစ်သွားခဲ့သော်လည်း ကြည့်မနေတော့တာက ကျင့်သားရသလိုဖြစ်နေခဲ့ သည်။

"ညီနဲ့နွေ ရေအရင်ချိုးကြပါလား၊ ပြီးမှ ထမင်းစားပြီးတော့ ပြန်လေ"

"ရေမချိုးတော့ပါဘူးဟယ်၊ နင် ချိုးချင်ချိုးပါ ယု၊ ငါတို့ ထမင်းစားပြီးမှ ပြန်မယ်"

"အေး အေး . . ဒါဆို ငါ အရင်ချိုးလိုက်မယ်"

သူမ ရေချိုးမယ်မှန်းသိတာနှင့် သူ လုပ်ပေးနေကျအတိုင်း ရေချိုးခန်းထဲဝင်ကာ မျက်နှာသုတ်ပုဝါအဆင်သင့်တင်ပေးထားတာ၊ ရေနွေးစပ်ပေးတာတွေ လုပ်သည်။ ပြီးတော့ သူမ အဝတ်လဲဖို့ အကျီနှင့်ထဘီကို ဘီရိုထဲကနေ ထုတ်ပေးပြီး ကုတင်ပေါ်တင်ထားပေးပြီးမှ အခန်းထဲကနေ ပြန်ထွက်သွားသည်။ သူ့ကြည့်ရတာ တခြားမိန်းမတွေရှေ့မှာ ဒီလိုလုပ်ပေးရ





တာကို သိမ်ငယ်စရာ၊ ရှက်စရာဟုလည်း ခံစားပုံမရပါ။ သူ ထွက်သွားတော့ နွေနှင့်ညိုက မျက်လုံးအဝိုင်းသားကိုယ်စီ၊ ပါးစပ်အဟောင်းသားကိုယ်စီဖြင့် တအံ့တသြတွေ ဖြစ်နေကြ သည်။

"ဟယ်! ယုရယ် နင် ကံကောင်းလိုက်တာ၊ သူ နင့်ကို ဒီလိုပဲ နေ့တိုင်း လုပ်ကိုင်ပေးနေကျလားဟင်၊ သူ့ကို ကြည့် လိုက်တာနဲ့ နင့်ကို မျိုချထားမတတ် စူးစူးနင့်နင့် သိပ် ချစ်မြတ်နိုးနေမှန်း အရမ်းပေါ်လွင်တယ်ဟယ်၊ ကလေး တစ်ယောက်ကို အစအဆုံး လုပ်ပေးနေသလိုပဲ တယုတယ ရှိလွန်းတယ်၊ တော်ရုံတန်ရုံအပြစ်မျိုးဆို ခွင့်လွှတ်ပေးလိုက်ပါ ယုရယ်၊ ကိုယ့်အပေါ် သိပ်ချစ်နိုင်တဲ့ လူတစ်ယောက်အပေါ် အာဃာတတွေ မထားပါနဲ့တော့"

"ဟုတ်တယ် ယုံရယ်၊ သူ နင့်ကို အရမ်းချစ်တယ်၊ အရိပ်တကြည့်ကြည့်နဲ့ သူ့မျက်လုံးတွေက သိပ်သိသာတာပဲ၊ သနားပါတယ်ဟယ်၊ ခုခေတ်မှာ ဒီလိုသိပ်ချစ်တတ်တဲ့ လူမျိုး ရှားသွားပြီနော် . . . မရွှေယု"

ဟု ခပ်တိုးတိုး ဝိုင်းပြောကြသည်။ သူမရင်ထဲက သိထားနှင့်ပြီးသား အကြောင်းအရာတွေပါ။ ရေမိုးချိုး အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားလဲပြီး ထမင်းစားခန်းဆီသို့ ထွက်လာခဲ့သည်။ သူက ထမင်းဟင်းတွေ အဆင်သင့်ပြင်ဆင်ထားပြီးပြီ။ အငွေ့တထောင်းထောင်း မွှေးမွှေးပျံ့ပျံ့။ ကြက်သားနှင့်ဘူးသီးကို ကာလသားချက်ကလေးချက်ထားကာ ငပိထောင်းစပ်စပ်ကလေး ထောင်းလို့။ မှိုကန်စွန်းကြော်ရယ်၊ ကြက်ရိုးငွေးတောက်ဟင်းချိုရယ် . . .။

"ဟယ် . . . ဟင်းတွေက စားချင်စဖွယ်ပါလား၊ နာမည်လေး ပြောထားဦးဟယ်၊ သူက မိတ်လည်း ဆက်မပေးဘူး"

"ကျွန်တော် သက်နှင်းဝန်းရံပါ အစ်မ"

"ဩော် . . . သက်နှင်းက ဟင်းတွေချက်တတ်လှချည်လား၊ တော်လိုက်တာနော်"

"အထင်မကြီးပါနဲ့ဗျာ၊ ဒီမှာ ချက်နည်းပြုတ်နည်း စာအုပ်တွေကြည့်ပြီး လက်တည့်စမ်းထားတာပါ"

သူက စားပွဲပေါ်က ချက်နည်းပြုတ်နည်းစာအုပ်တွေ ထောင်ပြသည်။

"စားကြနော်၊ အားပါးတရ စားပါ၊ ကျွန်တော် အများကြီး ချက်ထားတယ်"





ဆာဆာနှင့် သူမတို့သုံးယောက် အားပါးတရ စားကြသည်။ စားလို့ ကောင်းမှကောင်း။ သူ့လက်ရာတွေ သိသိသာသာ တိုးတက်လာတာကိုတော့ သတိထားမိသည်။ စာအုပ်တွေထဲကအတိုင်း ချက်တယ်ထင်ပါရဲ့။

"Yu ... Please think about what we have told you .... you should be grateful for his amazing love..."

"ယု . . . ငါတို့ပြောခဲ့တာကို ပြန်စဉ်းစားပါဟယ်၊ သူ့ရဲ့ အံ့ဩစရာအချစ်အတွက် နင် ကျေးဇူးတင်သင့်တယ်"

နွေက စားသောက်ပြီးချိန်မှာ သူမကို လှမ်းပြောလိုက်ခြင်းဖြစ်သည်။ သူက နွေ့ဘာပြောမှန်း နားမလည်သောကြောင့် မျက်နှာကွက်ခနဲပျက်သွားတာကို သူမ အမှတ်တမဲ့ လှမ်းမြင်လိုက်ရပါသည်။

"You know what! I couldn't escape from his trap"

"နင်သိလား၊ ငါ သူ့ရဲ့ ထောင်ချောက်ထဲကနေ ရုန်းမထွက်နိုင်ပါဘူး"

တကယ်တော့ သူမ ဝန်ခံလိုက်ခြင်းသာဖြစ်သည်။ သူ ဝုန်းခနဲ ထ,ထွက်သွားခဲ့ပြီ။ အစော်ကားခံရပြန်ပြီ ဟု သူ ခံယူမှာမလွဲ။ ပန်းကန်တွေကို တိတ်တိတ်ဆိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းကာ မီးဖိုခန်းဘက် ဝင်သွား၏။

"Yu ... I saw his tears in his eyes ... I think he's hurt ..."

"ယု . . . သူ့မျက်ရည်တွေ ငါ တွေ့လိုက်တယ်၊ သူ နာကျင်သွားပြီထင်တယ်"

"Let him hurt ... He really deserves it ..."

"နာကျင်ပစေ . . . သူနဲ့ထိုက်တန်တယ်"

"တော်ကြပါတော့ဗျာ၊ ကျွန်တော် နားမလည်တဲ့ ဘာသာစကားနဲ့ ကျွန်တော့်ကို နှိပ်စက်မနေကြပါနဲ့၊ ပညာရှိ နှိပ်စက်နည်းနဲ့ နှိပ်စက်မနေပါနဲ့တော့ မရဲ့၊ ကျွန်တော် ဘာကောင်လဲ၊ ဘယ်လောက် ကျေးဇူးမသိတတ်တဲ့ကောင်လဲ၊ ဘယ်လောက် မိုက်မဲရမ်းကားတဲ့ကောင်လဲ၊ ပွင့်ပွင့်လင်းလင်း မြန်မာလိုပဲ ပြောလိုက်ပါ၊ ဟုတ်တယ် ကျွန်တော်က အသုံးမကျတဲ့ကောင်ပါ၊ 'မ'နဲ့ မထိုက်တန်တဲ့ကောင်ပါ၊ မတူမတန်ဘဲ 'မ'ကို ခိုးပြေးထားခဲ့တဲ့ကောင်ကို 'မ' တစ်သက်လုံး ခွင့်မလွှတ်ဘူး၊ မကျေဘူးဆိုတာ ကျွန်တော် သိပြီးသားပဲ"

ပြုန်းခနဲ မီးဖိုချောင်ထဲကနေ ပြန်ထွက်လာပြီး သူ





ပေါက်ကွဲသွားခဲ့သည်။ နီမြန်းသောမျက်နှာ၊ မျက်ရည်တို့ ပြည့်နေသော မျက်ဝန်းတို့ဖြင့် ရူးမတတ်အော်ဟစ်နေတာကို သူမ သွေးအေးအေးဖြင့်သာ သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲထားခဲ့သည်။ နွေနှင့်ညိုတို့က စိတ်မကောင်းဖြစ်သွားကြကာ ပြန်ဖို့ပြင်ကြတော့ သူက မျက်ရည်တွေသုတ်ကာ . . .

"ကျွန်တော် လိုက်ပို့ပါ့မယ် . . ."

ဆိုပြီး အရင်ဆင်းသွားနှင့်သည်။

"သနားပါတယ်ဟယ်၊ သူ ပေါက်ကွဲသွားတာ ငါတို့ ဘိုလိုပြောတာကို သူ ဘာမှနားမလည်လို့ ရှက်နာ နာသွားတာထင်တယ်နော်၊ ဆောရီးပဲ ယုရယ်၊ ငါတို့ကြောင့်များလား"

"မဆိုင်ပါဘူးဟယ်၊ ထားလိုက်ပါ၊ သူ့အပြစ်နဲ့သူ၊ ငါ လိုက်မပို့တော့ဘူးနော်၊ မနက်ဖြန်ကျမှ ကျောင်းမှာတွေ့မယ် သိလား"

နွေနှင့်ညို့ကို နှုတ်ဆက်ပြီး တံခါးပြန်ပိတ်ကာ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ မျက်စိထဲမှာ နာကျင်နင့်သည်းစွာ အော်ဟစ်ပေါက်ကွဲသွားခဲ့သော သူ့မျက်နှာကို ခုထိမြင်ယောင်ဆဲ။ သူ့ကို လှည့်မကြည့်ခဲ့သော်လည်း မျက်ဝန်းထောင့်



www.burmeseclassic.com

www.burmeseclassic.com



စွန်းကလေးဖြင့် မသိမသာ ခိုးကြည့်ခဲ့မိသည်မဟုတ်လား။

သက်နှင်းရယ် . . . နင် ဘာဖြစ်လို့ အဲဒီ လောက်ရိုးသားပွင့်လင်းရတာလဲ။ နင် ဘာဖြစ်လို့ အဲဒီ လောက်ချစ်တတ်လွန်းခဲ့ရတာလဲ။ ငါ နင့်ဆီကနေ လွတ် အောင်မှ ရုန်းနိုင်ပါတော့မလားဟယ်။

◆◆◆◆◆





မှေးခနဲ အိပ်ပျော်သွားပြီးမှ ဖျတ်ခနဲလန့်နိုးလာတော့ အခန်းမီးတွေ လင်းလျက်သား။ မီးမမှိတ်ဘဲများ အိပ်သွားခဲ့တာလား။ ခါတိုင်းဆို သက်နှင်းလာပိတ်ပေးကာ ည အိပ်မီးပြာလဲ့ကလေး ထွန်းပေးသွားနေကျလေ။ အို . . . ည ဝတ်အင်္ကျီတွေတောင် မလဲမိခဲ့။ ဘယ်လိုများ အိပ်ပျော်သွားခဲ့ပါလိမ့်။ နာရီကို လှမ်းကြည့်တော့ ည ဆယ်နာရီရှိပြီ။ သက်နှင်းရော။ ညီပြာတို့ကို သွားပို့ပေးတာ ခုထိ ပြန်မရောက်သေးတာလား။ မဖြစ်နိုင်ပါဘူး။ အိပ်ရာကနေ ဖျတ်ခနဲထကာ အခန်းပြင်သို့ ထွက်လိုက်သည်။ ဧည့်ခန်းထဲမှာ ရှင်းလင်းတိတ်ဆိတ်လို့။ ခါတိုင်း သူ ဆိုဖာပေါ်မှာ အိပ်နေကျလေ။ ထမင်းစားခန်းထဲမှာ .. မီးဖိုခန်းထဲမှာ သူမ လိုက်ရှာကြည့်မိသည်။ မတွေ့ . . . ။ ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ဟာသွားသည်။ သူ ပြန်ရောက်မလာသေးတာပါလား။ မဖြစ်နိုင်ပါ။ ညီတို့ကို လိုက်ပို့တာ ခုနစ်နာရီခွဲလောက်က။ အလွန်ဆုံးကြာ တစ်နာရီပေါ့။ သူ ပြန်ရောက်သင့်ပြီလေ။ ဘာဖြစ်လို့ မရောက်သေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ တစ်ခုခုများ . . .။ စိုးရိမ်စိတ်က ချက်ချင်းဝင်လာခဲ့ပြီး ညို့ဆီ အရင် ဖုန်းဆက်ကြည့်သည်။

"ညို . . . သက်နှင်း ပြန်သွားပြီမှလား"

"အေးလေ . . . ကြာလှပေါ့၊ ဘာဖြစ်လို့လဲ ယူ၊ သူ အိမ်ပြန်မရောက်သေးဘူးလား"

"အေး . . . ပြန်မရောက်လို့၊ ငါလည်း အိပ်ပျော်သွားပြီး ပြန်နိုးလာတာ"

"ဟောတော် . . . ဘယ်တွေများ လျှောက်သွားနေပါလိမ့်၊ လမ်းမှာလည်း ငါတို့ကို စကားတစ်ခွန်းမှ မပြောဘူးဟဲ့၊ သူ့ကြည့်ရတာ အရမ်း စိတ်ထိခိုက်နေတဲ့ပုံပဲ"

"နွေ့ဆီဆက်လိုက်ဦးမယ်ဟယ် . . . ဒါပဲနော်"

သူမရင်ထဲ ပူလောင်လာခဲ့မိပြီ။ နွေ့ဆီဆက်တော့လည်း နွေက သူ ပြန်သွားတာကြာပြီတဲ့။ ဒါဆို သူ ဘယ်ရောက်နေသလဲ။ သူ့အိမ်များ ပြန်သွားသလား။ ဟင့်အင်း မဖြစ်နိုင်ပါဘူး။ သူ သူမကို ဘယ်တုန်းကမှ ခုလို တစ်ယောက်တည်း ထားသွားတတ်သူမဟုတ်။ အမြဲ အရိပ်တကြည့်ကြည့်။ ဒါပေမယ့် ခုချိန်မှာ သူ့အိမ်ကိုပဲ ဆက်ရတော့မည်။

"ဟယ်လို . . ."





"အန်တီလား . . . ကျွန်မပါ၊ သက်နှင်းများ"

"သမီးရယ်၊ အန်တီ ခုပဲ သမီးဆီ ဆက်တော့မလို့၊ အန်တီတို့ အခုထွက်ခဲ့မယ်၊ သမီးကို လာခေါ်မလို့"

"သူ သူ . . . ဘာဖြစ်လို့လဲဟင်"

"သား . . . ဆေးရုံကြီး အရေးပေါ်ဌာနမှာ၊ သူ accident ဖြစ်လို့တဲ့"


သူမ ကိုယ်ခန္ဓာက ယိုင်ကနဲဖြစ်သွားပါသည်။ စိုးရိမ်ပူပန်မှုက အလုံးအရင်းဖြင့် ရင်ကို လာဆောင့်သည်။ လူတစ်ကိုယ်လုံး ထူပူပျာလောင်လာခဲ့သည်။ ဟင့်အင်း . . . ဘုရား ဘုရား . . . သူ ဘာမှမဖြစ်ပါစေနဲ့။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော့်ရဲ့ ဇနီး၊
ကျွန်တော် ဘယ်တုန်းက
လက်ထပ် လိုက်တာလဲ၊
ကျွန်တော် တောင်းပန်ပါတယ်၊
ကျွန်တော်
တကယ့် မမှတ်မိတော့လို့ပါ”





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၉

သူ I C U ထဲမှာ . . .။ သတိလစ်နေခဲ့တာ တစ်ပတ်ပင်ရှိခဲ့ပါပြီ။ အမြဲတမ်း အရိပ်တကြည့်ကြည့်ရှိခဲ့သော . . . တုံ့ပြန်စကားမရသည့်တိုင် ဖွဲ့မလျှော့ဘဲ တတွတ်တွတ် စကားတွေဆိုခဲ့သော . . . ကြည့်လိုက်လျှင် သူမအတွက် တစ်ခုခု လုပ်ကိုင်ပြင်ဆင်ပေးတတ်ခဲ့သော လူတစ်ယောက် . . . အဲဒီမျက်ဝန်းတွေမှိတ်ကာ ဘာလှုပ်ရှားတုံ့ပြန်မှုမှမရှိတော့ဘဲ ဘာစကားမှ မပြောတော့ဘူးဆိုသောအခါကျမှ သူမ၏ အေးခဲထုံထိုင်းနေခဲ့သော နှလုံးသားက ဖျတ်ခနဲလွန့်လူးနိုးကြားစ,ပြုလာခဲ့ပါသည်။ သူ့ကုတင်ဘေးမှာ နာရီပေါင်းများစွာ ငြိမ်သက်တိတ်ဆိတ်လျက် သူများ ဘယ်အချိန်ထ,ပြီး လှုပ်ရှားလာမလဲ . . . 'မ' ဟု ဖွဖွညင်သာကလေး ခေါ်လိုက်မလဲ . . . ဟု မျှော်လင့်တကြီး ရှိရလွန်းသော ရင်ဖြင့် ထိုင်စောင့်ခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ သူ့ကိုလည်း စကားတွေများစွာ ပြောနေမိခဲ့ပြီ။ သက်နှင်းရယ် . . . ပြန်နိုးလာခဲ့ပါတော့။ နှင့်ရဲ့ ဂရုတစိုက်ရှိလွန်းတဲ့ စကားသံတွေ အကြင်နာတွေ အယုအယတွေကို ငါ တောင့်တလွန်းလှပြီ။ ပြီးတော့ နှင့်ကို ဒီပုံအတိုင်း ငါ မမြင်ရက်ဘူး သက်နှင်းရဲ့။ ပြုံးရွှင်တက်ကြွနေတဲ့ နှင့်ရဲ့ ရှင်သန်မှုကိုပဲ ငါ လိုချင်တယ်။ အဲဒီနေ့က နှင် သိပ်များစိတ်ထိခိုက်သွားခဲ့သလားဟင်။ နှင် ငိုခဲ့သေးလား။ စိတ်တွေ လှုပ်ရှားပေါက်ကွဲနေခဲ့လို့များ နှင် accident ဖြစ်ခဲ့တာလား။ ငါ့ ပယောဂမှ ကင်းရဲ့လား သက်နှင်းရေ။ ငါ့ရင်ဘတ်ထဲမှာ နှင့်ကို ပြောချင်တဲ့စကားတွေ အများကြီးပဲ စုပြုံလွန်းနေပြီ။ အရိုးရှင်းဆုံးပြောရရင် နှင့်ကို ငါ သိပ်လွမ်းနေခဲ့ပြီ။

အထူးသဖြင့် အိမ်မှာ တစ်ယောက်တည်းရှိနေမိချိန်မှာ သူ့ကို တမ်းတ,စိတ်က အဆိုးရွား အပြင်းပြဆုံး။ အရာရာဟာ သူ့လက်သူ့ခြေချည်းပဲမို့ အားလုံးဟာ သူ့ကို သတိရခြင်းနှင့် ကင်းလွတ်တာရယ်လို့ မရှိပါ။ မျက်နှာသစ်၊ သွားတိုက်တိုင်း ရေချိုးတိုင်း၊ အဝတ်အစားလဲတိုင်း၊ ထမင်းစားတိုင်း၊ ညအိပ်ခါနီးတိုင်း သူ့ရဲ့လှုပ်ရှားမှုတွေကိုသာ မြင်ယောင်နေမိပါသည်။ သက်နှင်းရေ ကြာရင် ငါ ရူးရတော့မယ်ထင်ရဲ့။





တစ်ယောက်တည်းနေရတာ ချောက်ချားလွန်းလှပြီ။ မေမေတို့ အိမ်လည်း ပြန်မနေချင်ပါ။ သူ့အငွေ့အသက် လှုပ်ရှားမှုကလေးတွေ အရိပ်ကလေးတွေကို ဒီအတိုင်း ပစ်မထားခဲ့ချင် . . .။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ရောက်ရောက်ချင်း သူ သတိရနေပြီ ဟူသော သတင်းက သူမကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေခဲ့ ပါသည်။ နှလုံးသားက ခပ်ပြင်းပြင်းပင် ဆောင့်ခုန်လာခဲ့ပြီး သူရှိရာအခန်းထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်မိသည်။ သူ့ နံဘေးမှာ အန်တီရော အန်ကယ်လ်ပါ ရှိနေခဲ့သည်။ သူမ သူ့ အနားသို့ တိုးကပ်သွားမိပြီး ပထမဆုံးအကြိမ် သူနှင့် မျက်လုံး ချင်းဆုံလိုက်မိပါသည်။ နှုတ်ခမ်းကလေးက အလိုလို ကွေးညွတ် ကာ ပြုံးမိရက်သား။

"သက်နှင်း . . ."

ပထမဆုံးအကြိမ် သူ့နာမည်ကို နူးညံ့စွာ ဖွဖွ ရွတ်လိုက်ရတာကို သူမ မရှက်ချင်တော့။ မတွန့်ဆုတ်ချင် တော့။ သူက သူမဆီ လှမ်းကြည့်လိုက်ပါသည်။ ခါတိုင်း သူမကို ကြည့်တိုင်း ချစ်မြတ်နိုးခြင်းအဖြာဖြာဖြင့် ရွှန်းစိုလက်နေတတ် သော မျက်ဝန်းများက အံ့သြစရာကောင်းလောက်အောင်ပင် ငြိမ်ငြိမ်သက်သက် သမားရိုးကျဆန်လွန်းနေခဲ့သည်။ ရုတ်တ





ရက်တော့ ရင်ထဲမှာ အောင့်ခနဲ မျက်သွားရသည်။

"ဒေါက်တာလားဟင် . . ."

တဲ့ . . .။ သူ လှမ်းမေးလိုက်သံကြောင့် သူမ ခေါင်းတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲအက်မွကြေသွားသလို ခံစားလိုက်ရသည်။

"ဘယ်လို ! "

"သား . . . သမီးကို မမှတ်မိဘူးလား၊ သားရဲ့ 'မ' လေ"

သူ့အကြည့်တွေက ခပ်စိမ်းစိမ်း ရိုးသားလွန်းနေ သည်။ သမန်ကာလျှံကာ အကြည့်ထက်မပို။ သူမရင်ထဲရှိ နှလုံး သားကို ဆုပ်ညှစ်ခြေပစ်လိုက်သလို စူးစူးရှရှ နာကျင်သွားမိပါ သည်။

"ဟင့်အင်း . . . ကျွန်တော် တကယ်မမှတ်မိဘူး၊ သူ ဘယ်သူလဲဟင်"

သူမ အရှိုက်တည့်တည့်ဆီ လက်သီးခပ်ပြင်းပြင်း တစ်လုံး ပစ်သွင်းခံလိုက်ရသလိုပင် သူမ လှိုက်လှဲစွာ ငိုချင်ပြင်း ပြသွားခဲ့ပါသည်။ ဖြစ်မှဖြစ်ရလေ။ သက်နှင်း ဘယ်လိုများ ဖြစ် သွားခဲ့ပါလိမ့်။

"သားရယ် . . . သေချာပြန်စဉ်းစားကြည့်ပါဦး၊ သား



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်လွန်းလို့ ခံက်ခက်ခဲခဲ အရယူထားခဲ့တဲ့ သားရဲ့ ဇနီးလေ . . . ယုယပိုက်ထွေးလေ"

"ကျွန်တော့်ရဲ့ ဇနီး၊ ကျွန်တော် ဘယ်တုန်းက လက်ထပ်လိုက်တာလဲ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် တကယ် မမှတ်မိတော့လို့ပါ"

သူ တကယ်ပြောနေတာ။ သူ ဟန်ဆောင်နေတာ မဟုတ်။ ပြီးတော့ လိမ်ညာနေတာလည်း မဟုတ်ပါ။ ဘုရားရေ၊ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ သူ သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမကို သူ မမှတ်မိတော့ဘူးဆိုပါလား။ ကံကြမ္မာက သူမကို လှပစွာ ရက်စက်ခဲ့ပြီပေါ့။ သူမ ချာကနဲ လှည့်ထွက်လာခဲ့ပါသည်။ ရင်ထဲမှာ ဟာလာဟင်းလင်းနှင့် ဗလာကျင်းလို့။ သူမ နောက်မှ အန်တီနဲ့အန်ကယ်လ်တို့ ပါလာကြသည်။

"သမီးရယ် . . . စိတ်ထိခိုက်မသွားပါနဲ့ကွယ်၊ ဆရာဝန်နဲ့ စကားပြောကြည့်ရအောင်၊ သားရဲ့ဒဏ်ရာက ခေါင်းမှာထိတာဆိုတော့ သတိရရချင်းမို့ ထင်ပါရဲ့ သမီးရယ်"

"ဒါပေမယ့် အန်တီနဲ့ အန်ကယ့်လ်ကိုတော့ သူ မှတ်မိတယ်လေ၊ ကျွန်မကို မမှတ်မိတော့တာ ဘယ်လောက်အံ့သြဖို့ကောင်းထားလဲဟင်"





ဆရာဝန်ကြီးက သူ့အခန်းထဲမှာ သေချာရှင်းပြခဲ့သည်။

"ဒဏ်ရာက ဦးနှောက်ကို ထိခိုက်သွားခဲ့တာဆိုတော့ Acute Amnesia ရသွားတာပါ၊ တချို့မှတ်ဉာဏ်တွေကို မမှတ်မိတော့တာမျိုး၊ အဖြစ်အပျက်တချို့ လူတချို့ကို မမှတ်မိတော့တာမျိုး ဖြစ်တတ်ပါတယ်၊ စိတ်ရှည်လက်ရှည်နဲ့ အချိန်ယူပြီး ကုရမှာပါ၊ လူတစ်ယောက်ရဲ့ မှတ်ဉာဏ်ထဲမှာ သီးသန့်သိမ်းဆည်းထားတတ်တဲ့အဖြစ်အပျက်တချို့၊ လူတချို့ကို ချက်ချင်း ပြန်မမှတ်မိတာမျိုးပါ၊ အားလုံးကို မေ့မသွားတာကပဲ ကံကောင်းလှပြီဆိုရမယ်၊ ကိုယ့်ဇနီးကို မမှတ်မိတော့တာဆိုတော့ ဇနီးဖြစ်တဲ့သမီးက နားလည်စိတ်ရှည်စွာနဲ့ သူ ကိုယ့်ကို ပြန်မှတ်မိလာအောင် ကြိုးစားပေးရမှာပေါ့"

သူမရင်ထဲသို့ ပြောမပြတတ်သော ခံစားမှုတစ်မျိုးက အလိုလို စိမ့်ဝင်လာခဲ့ပါသည်။ ခုအချိန်မှာ သူ့အနားက နေ ထွက်သွားမလား၊ ဆက်နေမလား . . . တစ်လမ်းကို သူမ ရွေးရတော့မည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ကသင့်အားပြုစားခဲ့သော်

တစ်နေ့တစ်နေ့ အခန်းထဲမှာပဲ နေမိသည်မှာ ဘယ်နှစ်ရက်ရှိမှန်းမသိ။ ဆေးရုံသွားဖို့ကို သူမမှာ သတ္တိမရှိ။ သူမကို မမှတ်မိသော စွဲလန်းလှုပ်ခတ်မှုမပါသော သူစိမ်းတစ်ယောက်ကိုကြည့်သော မျက်ဝန်းတွေကို ရင်ဆိုင်ဖို့ အင်အားမရှိပါ။ ပြီးတော့ ဘယ်သူ့ရှေ့မှာမှ သူမ မျက်ရည်မကျချင်။ သူမ၏မာနက ခွင့်မပြုခဲ့။ အန်တီကတော့ ဂရုစိုက်ရှာပါသည်။ ဆေးရုံကပြန်လာတိုင်း သူမအိမ်ကို ဝင်လာတတ်သည်။ သူ့အခြေအနေတွေ တစ်နေ့တစ်ခြား တိုးတက်ကောင်းမွန်လျက်ရှိတာကို ပြောပြတတ်ရင်း သူမကို ကရုဏာမျက်ဝန်းများဖြင့် နှစ်သိမ့်တတ်ပါသည်။

"သမီးရယ် . . . သားကိုတော့ လာကြည့်စေချင်တယ်၊ သူ မမှတ်မိဘူးဆိုပေမယ့် ကိုယ့်ဘက်က စိတ်ရှည်သည်းခံပြီး အချိန်တစ်ချိန်ကိုတော့ စောင့်ရမယ်လေ၊ ကြယ်စင်တို့ လမင်းတို့ကို ပြောပြထားလိုက်ပြီ၊ သူတို့ ပြန်လာကြလိမ့်မယ် သမီး"





ကြယ်စင် ပြန်လာတော့မည်ဆိုတော့ သူမ ထိတ်ကနဲ ဖြစ်သွားမိသည်။ ကြယ်စင် သူမကို နားလည်ခွင့်လွှတ်နိုင်ပါ့မလား။ မျက်နှာချင်းရော ဆိုင်ချင်ပါ့မလား မသိ။ ကြယ်စင့်အကြောင်း မတွေးဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ တကယ်တမ်း ရိုးသားစွာ အပွင့်လင်းဆုံး ဝန်ခံကြကြေးဆိုလျှင် ကြယ်စင့်ကို သူမ ဦးနှောက်ဖြင့် ရွေးချယ်လက်ခံခဲ့တာဖြစ်သည်။ ကြယ်စင်သည် သူမအတွက် အစစအရာရာ ပြည့်စုံခမ်းနားလွန်းနေသော လက်တွဲဖော်ဖြစ်သည်။ ကြယ်စင်သည် သူမဘဝအတွက် အမြင့်သို့ ခေါ်ဆောင်မည့် တွဲလက်တစ်ခု။ ထို့ကြောင့် ကြယ်စင့်အချစ်ကို အေးအေးဆေးဆေးပင် လက်ခံခဲ့တာဖြစ်သည်။ ကြယ်စင်နှင့်လက်ထပ်ပြီး စင်္ကာပူမှာ MBA တက်ဖို့ သူမ စိတ်ကူးမျှော်လင့်ခဲ့ဖူးသည်။ တကယ်တမ်းမှာ ဘဝက သူမ ထင်သလောက် မဖြောင့်ခဲ့။ သက်နှင်းက လေပြည်လေညင်းကလေး တသုန်သုန်ဖြင့် အေးဆေးညင်သာလျက်ရှိသော သူမဘဝကို မုန်တိုင်းတစ်စင်းလို ဖြန်းစားကြီးမွှေနှောက်ပစ်ခဲ့သည်။ သက်နှင်းကို ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းနေမိသမျှသည် သူ့ရဲ့ မေတ္တာ၊ အကြင်နာ၊ အယုအယတွေအောက်မှာ တစ်စစီ လွင့်ပါးပျက်ပြယ်ခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သူမ တကယ်လိုအပ်ငြိတွယ်စ ပြုလာခဲ့ချိန်တွင် သူက သူမနှင့် သူစိမ်းတစ်ယောက် ပြန်ဖြစ်သွားခဲ့ပြီ။ သူမ ဘာလုပ်ရမည်နည်း။ သူ မပါဝင်ဘဲ သူမဘဝကို နဂိုအတိုင်း ပြန်ဖြစ်အောင် ကြိုးစားကြည့်သည်။ အစစအရာရာသည် သူ မပါဘဲမပြီး .. သူ့အရိပ်အငွေ့တွေနှင့် ကင်းလွတ်သည်ရယ်လို့ မရှိ။ ကြာရင် ငါ ရူးတော့မယ် သက်နှင်းရေ။

◆◆◆◆◆





တံခါးဆီမှ ဘဲလ်သံကြောင့် အန်တီရောက်လာတာပဲ .. ဟု မျှော်လင့်လျက် တံခါးကို သွားဖွင့်ပေးလိုက်သည်။ တံခါးဝမှာ ရပ်နေသူကိုမြင်လိုက်ရတော့ သူမ မျက်နှာတစ်ခုလုံး ပူနွေးရှိန်းမြသွားကာ လူက နောက်သို့ပင် ယိုင်သွားခဲ့သည်။

"ကိုယ် ဝင်ခဲ့မယ်နော် ယုကလေး"

တဲ့ ...။ ဖြစ်နိုင်လျှင် သူမ သူနှင့် ရင်မဆိုင်ချင်။ ထွက်ပြေးလွင့်စင်သွားလိုက်ချင်ပါသည်။ ကြယ်စင်က အခန်းထဲသို့ ဝင်လာခဲ့သည်။ သူမ စကားတစ်ခွန်းမှ မဆိုမိဘဲ သူ့အတွက် သစ်သီးဖျော်ရည်တစ်ခွက် ချပေးလိုက်သည်။ ကြယ်စင်က သူမကို စေ့စေ့ငေးကြည့်နေပါသည်။

"ဖြစ်ခဲ့သမျှ အဖြစ်အပျက်ထဲမှာ ယုကလေးရဲ့ အပြစ်ဘာမှ မရှိဘူးဆိုတာ ကိုယ် နားလည်ပါတယ် ယုရယ်၊ အခု သူလည်း ဆေးရုံကနေ ဆင်းရတော့မယ်၊ တော်တော်လည်း သက်သာနေပြီ၊ ဘယ်လိုလုပ်မလဲ .. သူက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အစ်ကိုဖြစ်နေတော့လည်း သူ လုပ်ခဲ့သမျှ ကို ခွင့်လွှတ်ပေးရမှာပဲ၊ ဒါပေမယ့် ကိုယ်တို့သုံးယောက် ဆုံပြီး ဖြေရှင်းရမယ့် အဆုံးအဖြတ်တစ်ခု ရှိနေတယ် ယုကလေး၊ ကိုယ် သူနဲ့ စာရင်းရှင်းချင်တယ်၊ ယုနဲ့ ပတ်သက်ပြီး ကိုယ် ဘယ်လောက် ခံစားခဲ့ရသလဲဆိုတာ ကိုယ်ပဲသိတယ် ယုကလေးရယ်၊ ကိုယ် ယုကလေးကို တကယ်ချစ်ခဲ့တာပါ၊ ယုနေရာမှာ ဘယ်မိန်းကလေးမှ လည်း တိုးလို့မရခဲ့ဘူး"

"တော်ပါတော့ ကြယ်စင်ရယ်၊ ခုချိန်မှာ ဒါတွေပြောနေဖို့ မသင့်တော်တော့ပါဘူးကွယ်"

"ယုကလေး . . . သူ့ကို ကွာရှင်းလိုက်ပါ၊ သူ ယုကို မမှတ်မိတော့တဲ့အချိန်မှာ ကွာရှင်းလိုက်တာ အကောင်းဆုံးပဲ၊ သူနဲ့ကိုယ် စကားပြောကြည့်ပြီးပြီ၊ သူ့ဘက်က အေးဆေးပဲ၊ ယုကလေးဆန္ဒအတိုင်းပဲတဲ့၊ ယုကလေး ကွာရှင်းခွင့်တောင်းရင် သူ လက်မှတ်ထိုးပေးမယ်တဲ့၊ ယုဆန္ဒမပါဘဲ သူ ယုကလေးကို ဇွတ်ခိုးပြေးသွားခဲ့တာ အားလုံးသိပြီးသားပဲ ယုကလေး၊ ယုကလေးဟာ ကိုယ့် ချစ်သူပဲ၊ ဒါ ဘယ်လိုမှ ပြောင်းလဲစရာ မရှိဘူး၊ သူနဲ့





ပြတ်ပြတ်သားသား ကွာရှင်းဖို့ ဒီအချိန်က အကောင်းဆုံးအချိန်ပဲ ယုကလေး၊ ပြီးရင် ယု စင်္ကာပူကို လိုက်ခဲ့တော့၊ MBA ကို ဟိုမှာဆက်တက်လို့ရတယ်၊ ကိုယ် ယုကို ကောင်းကောင်း Support လုပ်ပေးနိုင်တယ် ယုကလေး၊ အချိန်တစ်ခုကိုစောင့်ပြီးရင် ကိုယ်တို့ လက်ထပ်ကြမယ်၊ သူနဲ့ ဖြစ်ခဲ့သမျှကဏ္ဍကို ကိုယ်တို့အသိထဲကနေ ဖယ်ထုတ်ပစ်လိုက်ရအောင်၊ မေ့ပစ်လိုက်ကြစို့၊ ဘဝအသစ် ပြန်စကြစို့ ယုကလေး . . ဟင် . . ဘယ်လိုလဲ၊ ဘာတွေတွေးနေတာလဲ ယုကလေးရယ်၊ ကိုယ် မင်းကို အရမ်းလွမ်းတယ် . . . သိလား"

ကြယ်စင်က သူမ၏ လက်ဖဝါးကလေးတစ်ဖက်ကို ဆတ်ခနဲဆွဲယူကာ သူ့ရင်ခွင်မှာအပ်ထားပြီး သူမကို မှတ်သိပ်ငံ့လင့်သော မျက်ဝန်းများဖြင့် စူးစိုက်ကြည့်နေခဲ့ သည်။ သူမ လက်ကို ရုန်းထွက်လိုက်သည်။

"ကြယ်စင် . . . ကျွန်မဘက်ကိုတော့ လုံးဝ တွေးမပေးတော့ဘူးလား၊ အဲဒီလိုလုပ်ရင် ကျွန်မ ဘယ်လိုမိန်းမစားမျိုး ဖြစ်သွားမလဲ၊ ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လိုပြောကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်ဝန်းကျင်ရဲ့ ထင်မြင်သုံးသပ်ချက်တွေ၊ ဝေဖန်စကားတွေအောက်မှာ ယုကလေးရဲ့ဘဝကို စတေးပစ်မလို့လား၊ မထိုက်တန်ပါဘူး ယုရယ်၊ ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်ချင်တာကိုပဲ လုပ်ကြရအောင်ပါ၊ ကိုယ်တို့ဘဝကို ဘယ်သူ့ပယောဂမှမပါဘဲ ကိုယ်တို့ဘာသာပဲ ဆုံးဖြတ်ကြရအောင်၊ ရလာဒ်ကိုလည်း ကိုယ်တို့ဘာသာပဲ ခံယူကြတာပေါ့၊ ယုကလေး စဉ်းစားပါ၊ သူ ဆေးရုံကဆင်းရင် ယုကလေးဆီ ပြန်လာမှာ မဟုတ်ဘူး၊ မေမေတို့က အိမ်မှာပဲပြန်ခေါ်ထားမှာ၊ ယုကလေးက သူ့ကိုစောင့်ဦးမလို့လား၊ သူ လုပ်ခဲ့တာတွေကို ယုက ခွင့်လွှတ်နိုင်လို့လား၊ ဆုံးဖြတ်ချက် တစ်ခါမှားရင် ဘဝတစ်ခုလုံး ကစဉ့်ကလျားဖြစ်မှာနော် .. ယု၊ ပြောင်းလဲဖို့ကို စွန့်စားရဲဖို့ သတ္တိရှိစမ်းပါ၊ ကိုယ့်ကိုယ်ကိုယ်က လွဲပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ပါနဲ့"

သူမ အံတင်းတင်းကြိတ်ထားလိုက်မိသည်။ သူမ တကယ်ပဲ သူ့ကို စွန့်လွှတ်ရတော့မှာလား။

"ကျွန်မကို အချိန်ပေးပါ ကြယ်စင်ရယ်၊ ကျွန်မ အဆင်သင့်ဖြစ်တဲ့အခါ ကြယ်စင့်ကို ဆက်သွယ်ပါ့မယ်၊ အခု






တော့ ကျွန်မခေါင်းထဲမှာရော ရင်ထဲမှာပါ ရှုပ်ပွနေပြီ"

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း – ၁၀



www.burmeseclassic.com

www.burmeseclassic.com

မေ့နေတယ်ဆိုတဲ့

သီးသန့်ဘဝကလေးတစ်ခုကို

ကျွန်တော် ပြန်ရှာကြည့်ချင်တယ် ...





www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၁၀

ဧည့်ခန်းထဲမှာ လူတွေအားလုံး စုံစုံညီညီရှိကြသည်။ အန်ကယ်လ်၊ အန်တီ၊ ဖေဖေ၊ မေမေ . . ပြီးတော့ အန်တီဖိတ်ထားသော ရှေ့နေတစ်ယောက်။ သက်နှင်းက မလှုပ်မယှက် ငြိမ်ငြိမ်ထိုင်နေကာ ဘယ်သူ့ကိုမှကြည့်မနေဘဲ မျက်လုံးကို အောက်သို့ စိုက်ချထားခဲ့သည်။ သူမဘေးမှာ ကြယ်စင်၊ ပြီးတော့ လမင်း။ သူမနှလုံးသားထဲမှာ လူမသိနိုင်သော တိတ်တဆိတ်ဒဏ်ရာတစ်ခုက နက်ရှိုင်းလို့။ နှလုံးသား တစ်ခုလုံး ကိုက်ခဲလို့ . . .။ သက်နှင်းရယ် . . .။ ငါ့ကို တစ်ချက်လောက်များ မော့ကြည့်ပါတော့လား။ အရင်ကလို ရွှန်းစိုလိုက်လှဲနေတဲ့ အကြည့်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ငါဟာ တကယ်ပဲ နင်နဲ့ ဘယ်လိုမှ မသက်ဆိုင်တော့တဲ့ သူစိမ်း တစ်ယောက် ဖြစ်ခဲ့ပြီလား။ ငါ့ဆီက ထုံ့ပြန်တော့မယ့်အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နင် မက်မက်မောမော မမျှော်လင့်တော့ဘူးလားဟင် . . .။

“ကဲ လူစုံပြီဆိုတော့ စ,လိုက်ကြရအောင်နော်၊ ဒီနေ့ နှစ်ဘက်မိဘစုံရှေ့မှောက်မှာ မောင်သက်နှင်းဝန်းရဲ့ မယုယပိုက်ထွေးတို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြမယ့်ပွဲကလေးပါ၊ ဟောဒီမှာ ကွာရှင်းလက်မှတ် နှစ်စောင်ပါ၊ မောင်သက်နှင်းက အရင် လက်မှတ်ထိုးလိုက်နော်”

ရှေ့နေက ကွာရှင်းစာချုပ်တွေကို သက်နှင်းလက်ထဲသို့ ထည့်ပေးလိုက်သည်။ သူမ သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေမိလျက် ရင်ထဲ တဆစ်ဆစ် နာကျင်လာခဲ့သည်။ သူက ကွာရှင်းစာချုပ်ကို လှမ်းယူသည်။ ပြီးတော့ သူမကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ တစ်ချိန်လုံး သူ့ကို မျက်တောင်မခတ် စောင့်ကြည့်နေခဲ့သည်မို့ သူ့မျက်ဝန်းတွေနှင့် ခပ်ပြင်းပြင်း ထိခတ်သွားကြသည်။ သူ တုံ့ခနဲ ရပ်တန့်သွားခဲ့သည်။ သူမကို အံ့ဩဟန်ဖြင့် ကြည့်နေကာ . . .

“ ‘မ’ ပဲ အရင်ထိုးလိုက်ပါ . . .”

ဟု ခပ်တိုးတိုးကလေးပြောလိုက်သည်။ ‘မ’ . . .







ထို အခေါ်ကလေးကြောင့် သူမတစ်ကိုယ်လုံး လွင့်စင်သွားသလို ခံစားလိုက်ရသည်။ အမှတ်တမဲ့ပဲ သူ ခေါ်လိုက်တာလား။ သူမကို သူ မမှတ်မိတော့ဘူးဆိုရင် ‘မ’လို့ ဘာဖြစ်လို့ အလိုအလျောက် ခေါ်ခဲ့သေးလဲ။ သူ . . သူ . . သူမကို တစ်ချိန်မှာ ပြန်မှတ်မိလာနိုင်ဖို့ မျှော်လင့်လိုက်မိသည့်စိတ်က သူမကို လှပစွာ ဖြားယောင်းနှောင်ဖွဲ့ပစ်လိုက်တော့သည်။ သူ လှမ်းပေးနေသော ကွာရှင်းစာချုပ်တွေကို သူမ လှမ်းယူလိုက်မိသည်။ မျက်ဝန်းတွေထဲ မျက်ရည်တွေဖြင့် ချက်ချင်း ဝေဝါးသွားခဲ့သည်။ သက်နှင်းရယ် . . . ငါ့ကို သိပ်ချစ်တတ်လွန်းတဲ့ လူငယ်ကလေးကို ငါ ဘယ်လိုနှလုံးသားမျိုးနဲ့ ရက်စက်စွာ စွန့်ပစ်နိုင်ပါ့မလဲ။ နင်ပေးခဲ့တဲ့ ချစ်တတ်ခြင်းမျိုး တခြား ဘယ်သူ့ဆီကမှ ငါ မရနိုင်တော့တာ သေချာပြီးနောက်မှာ အချစ်ရဲ့ပြုံးစားခြင်းကို ခံခဲ့ရပြီးတဲ့ ငါ့ရဲ့နှလုံးသားက နင်ပြန်အလာကိုသာ မျှော်လင့်မက်မောစွာနဲ့ စောင့်ချင်နေခဲ့မိပြီ။

သူမ လက်ကလေးတွေ တုန်ရီစွာဖြင့် စာချုပ်တွေကို နှစ်ပိုင်း . . . လေးပိုင်း . . . အစိတ်စိတ် အမွှာမွှာဖြစ်တဲ့အထိ ခြေမွဖြဆုတ်ပစ်လိုက်မိသည်။ အားလုံးက တအံ့တသြ . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်ပြောင်းသွားပြီ၊ သူ ကျွန်မကို ပြန်မှတ်မိလာတဲ့အချိန်အထိ ကျွန်မ သူ့ကို စောင့်မယ် . . ."

"ယုကလေး . ."

"ကျွန်မကို ခွင့်လွှတ်ပါ ကြယ်စင်၊ သူ ကျွန်မကို သိပ်ချစ်ခဲ့တဲ့လူပါ။ တစ်ချိန်ချိန်မှာ သူ ကျွန်မဆီ ပြန်ကိုလာမှာပါ။ အဲဒီအခါကျ သူ့ကို အသည်းမကွဲစေချင်ဘူး၊ သူ ပြန်လာတဲ့အထိ ကျွန်မ စောင့်ပါရစေ"

"ကာယကံရှင်ရဲ့ ဆန္ဒက အဓိကပါ။ ယုယ ဆုံးဖြတ်တဲ့အတိုင်းပဲ ရှိပါစေ၊ ဒါဆိုရင် ကျွန်မတာဝန် မရှိတော့ဘူးပေါ့ရှင် . . ."

BURMESE CLASSIC

ရှေ့နေမမက စိတ်လက်ပေါ့ပါးသွားသလိုပြောကာ အားလုံးကိုနှုတ်ဆက်ပြီး ပြန်သွားပြီ။ နှစ်ဘက်မိဘလူကြီးတွေလည်း ခုမှပဲ စိတ်သက်သာရာ ရသွားဟန်ဖြင့် ရယ်နိုင်၊ ပြုံးနိုင်၊ စကားပြောနိုင်ခဲ့ပြီ။ ကြယ်စင်ကတော့ ဘာမှမပြော ဘဲ ထ,ထွက်သွားခဲ့ပြီ။ ကြယ်စင့်နောက်သို့ လမင်း ပါသွားခဲ့ သည်။

"ကဲ . . . သားနဲ့သမီး အေးအေးဆေးဆေး စကားပြောကြဦး၊ လူကြီးတွေ စကားပြောရင်း စားလိုက်





သောက်လိုက်ဦးမယ်၊ မမတို့ ထမင်းစားပြီးမှ ပြန်ကြ နော်၊ မတွေ့ဖြစ်တာ ကြာပြီလေ"

လူကြီးတွေက သိသိသာသာ ရှောင်ပေးသွားကြသည်။ သူက ငြိမ်သက်စွာ ထိုင်နေဆဲ။

"သက်နှင်း . . . ဒီနေ့ 'မ'နဲ့ အိမ်ပြန်လိုက်ခဲ့မလား၊ ပြစရာတွေ . . ပြောစရာတွေ ရှိတယ်"

သူမက သူ့မျက်နှာကို စာအုပ်တစ်အုပ်လို စေ့စေ့ကြည့်ရင်း ခပ်ဆဆ မေးလိုက်သည်။ သူက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ 'မ'၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ လိုက်လည်း လိုက်ချင်နေတာပါ၊ ကျွန်တော် မေ့နေတယ်ဆိုတဲ့ သီးသန့်ဘဝကလေးတစ်ခုကို ကျွန်တော် ပြန်ရှာကြည့်ချင်တယ်"

သူ့အသံက ညင်သာတိုးဖွလွန်းသည်။ သူ့မျက်နှာက တကယ်ပဲ သိချင်ပြင်းပြနေဟန်မျိုး။

"ဒါဆိုရင်တော့ မော်ဘီခြံထဲက ဘန်ဂလိုကလေးကနေ စ,ရလိမ့်မယ်၊ သက်နှင်းကို 'မ'က ပြန်ခိုးပြေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့၊ မဟုတ်သေးဘူး . . ခိုးပြေးတာလို့ သက်နှင်း မပြောခဲ့ဘူး၊ သက်နှင်း သုံးခဲ့တဲ့ အသုံးအနှုန်းကို 'မ' မမေ့ဘူး၊ 'မ'ကို ကျွန်တော် အလစ်သုတ်လာတာတဲ့"

"ဟာဗျာ . . . ကျွန်တော် တော်တော်ဆိုးပါလား"

သူ့မျက်နှာက တကယ်ပဲ အားနာမျက်နှာပူသွားဟန်မျိုး။ သူမက ရဲရင့်မိခဲ့ပြီ။

"အချစ်က ပြုစားခဲ့ရင် လူတိုင်း မယုံနိုင်စရာကောင်းလောက်အောင် ပြောင်းလဲသွားတတ်တာချည်းပါပဲ သက်နှင်းရယ်"

"ဩော် . . ."

သူက သူမကို ပြုံး၍ကြည့်နေခဲ့သည်။ သူ့မျက်ဝန်းတွေက သူစိမ်းဆန်နေသေးပေမယ့် စိမ်းကားအေးစက်ရိပ်တော့ မရှိ။ နွေးထွေးသက်ဝင်စ ပြုလို့။ သူမ သူ့ကို ပြန်၍ပြုံးပြလိုက်မိသည်။ သူ့အတွက် လုပ်ပေးရမည့်အစီအစဉ်တွေက ခေါင်းထဲမှာ အစီအရီ။ ခုမှပဲ သူမဘဝကလေးက စွန့်စားခန်းတစ်ခုလို ပြန်လည်အသက်ဝင်လှုပ်ရှားစ ပြုလာခဲ့ခြင်းဖြစ်သည်။ သွားကြစို့ သက်နှင်းရေ . . . အချစ်ရဲ့ ညို့ငင်ဖြား





ယောင်းမှုတွေ ပြည့်နေတဲ့ မှော်ရုံတောတစ်ခုဆီကိုလေ။ နင့်လက်ကို ယောင်လို့တောင် 'မ' မဖြုတ်ပါဘူး . . . သိလား။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .



လွန်းထားထား (ဆေးတက္ကသိုလ်)

၁၂-၃-၂၀၀၂



www.burmeseclassic.com